# ကိုရွှေတောသား

## ပြောရရင်ညြချသွားမယ်

(ကျေးလက်ပျော် ဟာသလုံးချင်းဝတ္ထုစစ်စစ်)



# စိုးစာပေမှထွက်ပြီးစာအုပ်များ

| | |
|---|---|
| ဟန် | ယောက်ျားကောင်း အချစ်တဲ့လားကွယ် |
| မြည် | ကဲ - ပြောတယ်မဟုတ်လား ချစ်နေတာပါလို့ |
| သိမြင့်ထွန်း | ဗိုလ်ချုပ်အောင်ဆန်း အမှိုင်းသို့လျှို့ဝှက်ခရီး |
| သိမြင့်ထွန်း | ရွှေတိဂုံကုန်းတော်မှ အံ့ဩဘနန်း ဖြစ်ရပ်ဆန်းများ |
| အရိန္ဒမ | မဟိဒ္ဓိပုဂ္ဂိုလ်ထူးများ၏ အံ့ဖွယ်ဖြစ်ရပ်ဆန်းများ |
| က်သိန်း | ကမ္ဘာ့ဖလားဘောလုံးသမိုင်းနှင့် |
| | ကမ္ဘာကျော်ရွှေခြေထောက်ပိုင်ရှင်များ |
| | ဒဿနကမ္ဘာ ၉၇ |
| အရိန္ဒမ | ဂန္ဓာရခရီးသည် |
| | အင်္ဂလိပ်သူလျှို |
| သိမြင့်ထွန်း | အစွမ်းထက်မြက်သော ဂါထာမန္တန်များနှင့် |
| | ကိုယ်တွေ့ဖြစ်ရပ်ဆန်းများ |
| သိမြင့်ထွန်း | အံ့ဖွယ်ထူးခြား မြန်မာပြည်ဘုရားစေတီပုထိုးများ (၁) |
| | ဒဿနလူသား |
| သိမြင့်ထွန်း | အနောက်တိုင်း ဂမ္ဘီရမုံ့သုတ္တရ |
| (လသာ) | နိုင်ငံတကာ သက်သတ်လွတ်ဟင်းမျိုးစုံချက်ပြုတ်နည်း |
| သိမြင့်ထွန်း | လာဘ်လာစုတ်လာ ချမ်းသာကျန်းမာ |
| တ်ဦး | ကမ္ဘာကျော်မိန်းမများ၏အချစ်အတွင်းရေး |
| (လသာ) | အိမ်ရှင်မတိုင်းအတွက် သက်သာချွေတာ ဟင်းနည်းပဒေသာ |
| သိမြင့်ထွန်း | ခုနစ်နေ့သားသမီးများအတွက် ဂမ္ဘီရသိပ္ပံအစီအမံများ |
| (လသာ) | နိုင်ငံတကာဟင်းမျိုးစုံချက်ပြုတ်နည်းများ |
| မြင့်ထွန်း | လူတိုင်းအတွက် ကန်တော့ပွဲတည်နည်း |
| တ်ဦး | ချစ်ခြင်းတရားဆိုင်ရာ ကမ္ဘာကျော်ပုဂ္ဂိုလ်များ၏အချစ်ဇာတ်လမ်းများ |
| အရိန္ဒမ | ပုဂ္ဂိုလ်ထူးများနှင့် ဂမ္ဘီရလောကမှ ဖြစ်ရပ်ဆန်းများ (၁) |
| တ်ဦး | အချစ်သမိုင်းတွင် စတင်ခဲ့သည့် ကမ္ဘာကျော်ချစ်သူများ (၁) |
| င် | တရားခွင်လက်တွေ့ဖြစ်မှုဆိုင်ရာလျှောက်ထားမှုများ |
| | ထိပ်ဆုံးသို့အတွေး ၁၀၀ |
| မြိုး | နိုင်ငံတကာအတွေးအခေါ် ပုံတိုပတ်စများ |
| က် | နပိုလီယံ (သို့မဟုတ်) ဥရောပတိုက်တစ်တိုက်လုံးကို ဗိုနိဗိုနိတုန်စေခဲ့သူ |
| မြင့်ထွန်း | သင့်တစ်သက်တာယတြာနှင့် ရာသီခွင်ဟောကိန်းများ |

| | |
|---|---|
| သုတေသီမြင့်ထွန်း | တောင်ပြုံးလက်ဆောင် |
| ဆရာကြီး အရိန္ဒမ | ပြည်တွင်းပြည်ပဝိညာဉ်လောက အံ့ဖွယ်ဆန်းကြယ်ဖြစ်ရပ်များ |
| နေနွှင် | ရှမ်းတကျောမလှန်သာ၍နှင့် မှော်ဝင်ဝတ္ထုများ |
| သုတေသီမြင့်ထွန်း | အံ့ဖွယ်ထူးခြား မြန်မာပြည်ဘုရားစေတီပုထိုးများ (၂) |
| သုတေသီမြင့်ထွန်း | ပုတီးသမားလက်စွဲ |
| သုတေသီမြင့်ထွန်း | လာဘ်ခေါ်ကပ်ကျော်ဂါထာတော်များ |
| မိုးဦး | ကမ္ဘာကိုကိုင်လှုပ်သည့် အချစ်အတွင်းရေးများ |
| မိန်မိန် (လသာ) | ဈေးကွက်ဝင် အစားအသောက်မျိုးစုံပြုလုပ်နည်းများ |
| နေစိုးထက် | ဆက်ဒမ်ဟူစိန်၏နောက်ဆုံးနေ့များ |
| နေဦးလွင် | အောင်မြင်လိုသူတိုင်းအတွက် |
| | အကောင်းဆုံးနာမည်ပေးနည်းများ |
| ကောင်းထက် | စုဖုရားလတ်ရှင်းတမ်းနှင့် ပါတော်မူဖြစ်ရပ်များ |
| မိန်မိန် (လသာ) | အကောင်းဆုံးဟင်းလျာချက်နည်း ၁၀၀ |
| ကောင်းထက် | ပါတော်မူပြီးနောက်ပိုင်း သူရဲကောင်းများနှင့် မြန်မာနိုင်ငံ |
| နေစိုးထက် | မင်းတုန်းမင်းနှင့် မန္တလေးနန်းတွင်းအရေးတော်ပုံ |
| ဟိန်းဝေ | စုဖုရားလတ်ဘာလဲနှင့် အမှန်တရားဆိုင်ရာအတွေးအမြင်များ |
| သုတေသီမြင့်ထွန်း | လိုအင်ပြည့်ဝ တရုတ်ဂမ္ဘီရနှင့် မိုးရာပူဇော်ပသနည်းများ |
| နေစိုးထက် | ရှုပ်နှင့်ယှဉ်သည့် နိုင်ငံတကာမှုခင်းများ |
| မိန်မိန် (လသာ) | ထမင်းကောင်းဟင်းကောင်း စားကြရအောင် |
| ကလောင်စုံ | ထူးဆန်းသောကပွဲများနှင့် ဂမ္ဘီရဝတ္ထုတိုများ |
| ကိုရွှေတောသား | တောကမိုးရွာ |
| ဟိတ်ထော | စမ္မယျှင်ဒီ |
| ကိုရွှေတောသား | ရွှေဝင်မှတ်ကျား |
| သုတေသီမြင့်ထွန်း | ဗိုလ်ချုပ်အောင်ဆန်း၏အမှိုင်သို့လျှို့ဝှက်ချက်ဆီ |
| ကလောင်စုံ | ဂမ္ဘီရအမြုတေ အမှတ်(၁) |
| ကိုရွှေတောသား | ပြောစမှတ်တွင်မယ့်တောရပ်ခွင် |
| ကိုရွှေတောသား | ကလိမ်ကကျစ် |
| ဟိန်းဝေ | ထိပ်ဆုံးသို့အတွေး ၁၀၀ (ဒုတိယအကြိမ်) |

# ကိုရွှေတောသား

## (ကျေးလက်ပျော်ဟာသ လုံးချင်းဝတ္ထုစစ်စစ်)

◎ ပြောရရင် ... လား
အမောတွေ ဝန်းမခပါဘူး
အသောတွေ ရှုန်းပစ္စာပေါ့
ကြည်ရွှင်ဖွယ် သဘောတကျနဲ့
'အဟောဝတ ... အဟောဝတ' ရယ်လို့
ညြချလို့သွားမယ်ထင်။

◎ မမြင်ကွယ်ရာ ပြေးမထွက်ပါဘူး
ခင်တွယ်စရာ ကျေးလက်ကတော့
အသွေးမကွက် အရေးဖက်လို့
ဆေးစက်တို့ လွင်။

◎ ဟော ...
တစ်ပုဒ်ပြီးတစ်ပုဒ်
တစ်အုပ်ပြီးတစ်အုပ်နဲ့
ရေးထုတ်လို့ငယ်ဆက်လျှင်
အပြစ်ကြဉ်ကာ နွမ်းမညိုး
(အို ... ဗျ)
ချစ်ခင်စွာ ... 'ဝမ်း ၈ မိုး' ။

◎ တို့အချစ်မှာ ...
ပျို့ဟစ်ကာ မာန်ကူလို့မကြွားပါဘူး
မြို့မေတ္တာခံယူမယ့် သားရယ်က
ကြိုးစားကာ တင်ဆက်ရေးလိုက်တယ်
(ခါးလေး ... လာမထိုးပါဘူး)
အားပေးပါ ... ဗျို့ ။

( ၁ )

နွေနေ့လယ်ရဲ့ ကျောအပူ

နွေရာသီ၏နေ့လယ်ခင်း။ .

နွေကား . . . နွေပီသလွန်းလေစွ။

ပူပြင်းအိုက်စပ်လှပါဘိ။ ပူပြင်းမှုမှ သက်သာလိုသက်သာငြား သုတ်ဖြူးလာမည့်လေကို မျှော်လင့်ရချေ၏။

မျှော်လင့်ချက်တို့ပြည့်ဝသည့်အလား လေကသုတ်ဖြူးတိုက်ခတ်ပါချေ၏။ သို့ရာတွင် အေးအေးငြိမ့်ငြိမ့်၊ သိမ့်သိမ့်သာသာမရှိ၊ တံလှပ်ငွေ့တွေ တရိပ်ရိပ်ထသော ခြောက်သယောင်းနေသည့် လွင်ပြင်တို့အား ဖြတ်သန်းတိုက်ခတ်လာရသည်မို့ တောင်ပြန်လေသည် အအေးဓာတ်မရှိဘဲ ရူတပူလောင်နေတော့သည်။

သစ်ပင်ကြီးငယ်တို့မှာလည်း ရွက်ဟောင်းတို့ကိုဖြုတ်ချရင်း ငိုးတံအပြိုင်းပြိုင်းနှင့်၊ အရာရာသည် နွေ၏စုတ်ချက်ဖြင့် အပူရောင်တွေ မျှောသမ်းလျက်နေတော့သည်။





သည်ကာလဝယ် ... ဘိုးသာဒင်သည် အင်္ကျီ၊ စွပ်ကျယ် သာနတ္ထိ၊ ကျောပြောင်ကြီးဖြင့် ခြံခြေရင်းဘက်ရှိ ရမ်းပင်ပျို အောက်၌ ပက်လက်ကုလားထိုင်ကလေးတစ်လုံးပေါ်ဝယ် အသာ င်ရင်း ဝါးယပ်တောင်တစ်ချောင်းဖြင့် အပူဒဏ်ကိုအန်တုသည့် လား တဖျတ်ဖျတ်ယပ်ခတ်၍နေလေတော့သည်။

"ဗိုး ... ပူလိုက်တဲ့နေ၊ လူကို မနုသ်သခြောက်ဖြစ်အောင် ကျပ်တင်နေသလားမသိဘူး။ ဒါတောင် ခြံထဲမှာမို့၊ အိမ်ပေါ်မှာဆို သွပ်မိုးနဲ့ ဘယ်ကလောက် ဒုက္ခများမလဲ မသိဘူး ...ဟူး"

ဘိုးသာဒင်က အပူဒဏ်ကိုကြောက်သောသူ ဖြစ်သည်။ သိဥတု ဘယ်ကလောက်အေးအေး နွေးထွေးဖို့ရာ အဝတ်အစား ရှိသော်ငြား ပူပြင်းမှုဒဏ်ကို ကာကွယ်ဖို့ရာကျတော့ ယပ်တောင် လေးတစ်ချောင်းမှလွဲ၍ အခြားဘာမျှမရှိတော့ပြီတကား။

"ဟား ... ယပ်တောင်ခတ်လို့ နည်းနည်းတော့အေးပါရဲ့၊ ဒါပေမယ့် လက်ကယပ်တောင်ကို မနားတမ်းခတ်နေရတော့ ချွေးတွေက ပြိုက်ပြိုက်ယိုစီးကျလာပြီကော၊ နွေရယ် ...မြန်မြန်ကုန်ပါတော့ဗျာ"

ကလေးဆန်လှသည်ပင် ဆိုချင်ဆိုပါတော့။ ဘိုးသာဒင် ထဲ သည်သို့ပင်ဆုတောင်းမိသည်က အမှန်။

"ဟော့ကောင် ... ချက်စူ၊ ဒါက ဘယ်ကိုသွားဝေထိုး မလို့လဲ"

ယပ်တောင်တဖျတ်ဖျတ်ခတ်နေရင်းက အိမ်ပေါ်က ဆင်းလာသော မြေးတော်မောင် လူပျိုပေါက်ကို ဘိုးသာဒင် လှမ်းမေးလိုက်သည်။

"ကျောင်းဆရာကိုလှအောင်တို့အိမ်ဘက် လျှောက်မလို့ အဘိုးရဲ့"

"အေး ... သွားတာတော့သွားပေါ့၊ မဟုတ်မဟတ်တွေတော့ ကျောင်းဆရာဆီဂ၊ ဆည်းပူးမလာနဲ့နော် ... ပေါက်တတ်ကရလုပ်တာတွေ ကြားလို့ကတော့ တိုင်မှာချိတ်ထားတဲ့ ထားဝယ်ကြိမ်ကိုကြည့်ထား ...။

ဟွန်း ... ကျောင်းဆရာက စာသင်တာတော့ကောင်းပါရဲ့၊ ဒါပေမယ့် ... ကာလသားတွေတရုန်းရုန်းနဲ့ ဦးစီးဦးဆောင်လုပ်ပြီး ရွာတစ်ခုလုံးကို ပြောင်းဆန်အောင်မွှေတာတော့ အမြင်ကတ်လှတယ်"

"အဘိုးရယ် ... ဆရာကိုလှအောင်က တကယ့်လူတော်ပါ၊ ဗဟုသုတများသလို အတော်ကလေးကိုလဲစုံတဲ့ပုဂ္ဂိုလ်ခင်ဗျ။ ဆရာကိုလှအောင်ရဲ့ကတော် အစ်မသောင်းသောင်းကလဲ သိပ်သဘောကောင်းတာ၊ ဆရာကိုလှအောင်ကြောင့် ကျွန်တော်တို့တစ်တွေ သည်လောက်လူရည်လည်တာ၊ ကိုင်း ... သွားပြီ အဘိုး"

"တောက် ... ကာလသားသမီးများ တယ်လဲပြောရဆိုရကျပ်ပေတာပဲ"





မြေးတော်မောင်ချက်ရှူ ထွက်သွားတော့ တဖျစ်တောက်တောက်နှင့် ပွစိပွစိလုပ်ရင်း ကျန်ရစ်ခဲ့သူမှာ နွေအပူဒဏ်ကို ကျောကော့အောင်ခံစားနေရသည့် ဘိုးသာဒင်ပဲ ဖြစ်လေသတည်း။

( ၂ )

## ရှေးဟောင်းပစ္စည်းလေးတစ်ခု

ကျောင်းဆရာကိုလှအောင်တို့စံမြန်းသည့် အိမ်ဂေဟာလေးသို့မရောက်မီမှာပင် ကျောင်းဆရာ၏ ပတ္တလားလက်သံကို ဦးစွာကြားလိုက်ရသည်။

ကျောင်းဆရာကိုလှအောင်ကား . . . စွယ်စုံတည်း။

သူသည် ဥပဒေဘွဲ့ကိုရထားသူ ဖြစ်လေသော်ငြား ရှေ့နေမလုပ်ဘဲ သူလွန်စွာချစ်မြတ်နိုးသည့် ကျောင်းဆရာအလုပ်ကိုသာ နှစ်နှစ်ခြိုက်ခြိုက်လုပ်ခဲ့သည်။ စာပေဗဟုသုတ နှံ့စပ်သည်။ စကားအပြောအဆို ညက်ညောသည်။ လူကြီးလူငယ်မရွေး သင့်အောင်ပေါင်းတတ်သည်။ ဂီတအနုပညာကို ဝါသနာထုံသည်။ စာအသင်အပြကောင်းသည်။ တပည့်တွေအပေါ်၌လည်း စေတနာကရုဏာကြီးမားသည်။

တစ်ခုတော့ရှိသည်။





စာသင်ချိန်၊ သူ့အလုပ်ချိန်ကုန်ဆုံးလျှင်တော့ သူ့ဝါသနာဇအရ သူငယ်ချင်းအပေါင်းအသင်းတွေနှင့် တရုန်းရုန်းဖြစ်ကာကကြီးတစ်ခုလုံးအား ပျော်ရွှင်ရယ်မောစွာဖြင့် ဖြတ်သန်းနေခြင်းပင် ဖြစ်သည်။ သည့်အတွက် တပည့်မရှား၍ တစ်ပြားသော်လည်း သူမမှုခဲ့။ ထမင်းကြမ်းကို အေးအေးလူလူတတ်စားရသည့်ဘဝကိုပဲ ခုံမင်ခဲ့သည်။

သည်လိုလူမျိုးကိုမှ အိမ်ထောင်ဘက်အဖြစ် လက်တွဲခဲ့သော သောင်းသောင်းသည်လည်း လေးစားစံပြုစရာဖြစ်သည်။ တော်မောင် ဘာတွေလုပ်လုပ်၊ ကောင်းသည်, ဆိုးသည် နိုခြင်းအလျဉ်းမရှိခဲ့ ပြုံးပြုံး,ပြုံးပြုံးနှင့် ပါရမီဖြည့်နေရလျှင်ပင် နုပ်နေတတ်မြဲ။

လင်တော်မောင်ကျောင်းဆရာ၏ အလယ်တန်းပြလစာ ားကို သားသမီး(၃)ယောက်နှင့် အမှီသဟဲပြု၍ မရနိုင်မှန်း သသောအခါ လင်တော်မောင်အား ဘာအလုပ်တွေလုပ်ပါဦး၊ လုပ်တွေလုပ်ပါဦးဟု နောက်မှ ပူဆာတိုက်တွန်းခြင်း အလျဉ်း အပျိုဘဝကတည်းက သူမ တတ်မြောက်ထားသော အပ်ချုပ် ကလေးဖြင့် အိမ်ဗာဟီရများ လုပ်ကိုင်ပြီးစီးချိန်ဝယ် အပ်ထည် က်ခံကာ တစ်ဖက်တစ်လမ်းမှဝင်ငွေများ ရှာခဲ့သည်။

ဒါကို လင်တော်မောင်ကျောင်းဆရာကလည်း သိပါသည်။

အိမ်ထောင်တစ်ခု၌ အိမ်ထောင်ဦးစီး၏တာဝန်တွေကို ည်ပါ၏။ သူ့အနေဖြင့် ကျောင်းပိတ်ရက်တွေမှာသော်လည်း း၊ စာသင်ချိန်လွန်မြောက်သည့်ကာလတွေမှာသော်လည်း

ကောင်း ကျူရှင်ပေးခြင်းဖြင့် တစ်ဖက်တစ်လမ်းမှ ဝင်ငွေရှာနိုင် သည်ကို မသိမဟုတ်။ ကောင်းကောင်းကြီး သူ သိပါ၏။

သို့သော် . . . သည်လိုမျိုးငွေကြေးကို သူမနှစ်သက်။

ကျောင်းမှာ သူ့တာဝန်သူ ကျေပွန်စွာဖြင့် စာတွေသင်ခဲ့ပြီး ဖြစ်သည်။ သင်ပေးသမျှ မရှင်းမလင်းဖြစ်နေလျှင် သူ့ရှိနေရာကို လာသာမေး၊ ပြေလည်အောင်, ရှင်းလင်းအောင်လုပ်ဆောင်ပေးခဲ့ စမြဲ ဖြစ်သည်။ သည့်အတွက် ငွေကြေးလာဘ်လာဘ မမျှော်ကိုး

ပြီးတော့ . . . သူက စိုက်ရပျိုးရ ဝါသနာပါသည်။

ယခုလက်ရှိ သူနေထိုင်ရာအိမ်ကလေး၏ခြံဝင်းမှာ ကျောင်း မှပေးထားသော ခြံဝင်းကလေးဖြစ်ပြီး အတန်အသင့် ကျယ်ဝန်းလှ သည်။ တောရွာကြီးအနေအထားဆိုတော့ မြေလွတ်တွေက အများ ကြီး။ သည်ခြံဝင်းကလေးက သူသာ မရွှေ့ပြောင်းခဲ့လျှင် ချုံတွေ နွယ်တွေ၊ အုတ်ကျိုးအုတ်ပဲ့တွေနှင့် တကယ့်ကို ဖုန်းဆိုးတော သဖွယ်ဖြစ်မှာ သေချာသည်။ အဲသည်ခြံဝင်းမှာ ရေကန်ကြီးရှိသည် လျှော်ဖို့, ဖွပ်ဖို့, ရေချိုးဖို့, အကြမ်းသုံးဖို့ ကောင်းကောင်းကြီး ရသော ရေကန်ကြီးဖြစ်သည်။ မိုးတွင်းသမယ ငါးရစ်တက်ချိန် ကတည်းက ဝင်လာတတ်သောငါးတို့ကြောင့် ရေကန်ထဲမှာ နှစ်ချို ငါးတွေ ရှိနေ၏။

ကျောင်းအုပ်ကြီးက နေထိုင်စရာလိုအပ်သော ဆရာ ဆရာမတို့အား ကျောင်းဝင်းအတွင်းရှိ အဆောင်များ၌ နေရာ ချထားပေးသည့်အခါဝယ် ကိုလှအောင်ကျောင်းနှင့်တစ်ဆက်တစ်





ည်းရှိသော အဆိုပါဖုန်းဆိုးတောဆန်သည့်နေရာကိုသာ ရွေးချယ် ာင်းဆိုခဲ့သည်။

သည့်နေရာကို ဘယ်ဆရာ၊ ဆရာမကမှ စိတ်ကူးထဲပင် ည့်လေသောကြောင့် ကိုလှအောင်အဖို့တော့ လွယ်လွယ်ကူကူ လေး ရလိုက်သည်သာ။

သည်နေရာသည် ဟိုးတစ်ချိန်က စာသင်ကျောင်းဆောက် ရန်အတွက် လိုအပ်သော အုတ်တို့ဖုတ်ခဲ့သည့်နေရာ ဖြစ်၏။ ကြောင့်လည်း တူးခဲ့လေသောမြေကျင်းကြီးသည် ရေကန်အဖြစ် င်ပြောင်းလာခြင်း ဖြစ်သည်။

မည်သို့ဆိုစေ . . . ကျောင်းဆရာသည် အပင်ပန်းခံခဲ့၏။

ချုံနွယ်ပိတ်ပေါင်းတွေကို ခုတ်ထွင်၏။

အုတ်ကျိုးအုတ်ပဲ့တွေကို ရှင်းလင်း၏။

စည်းရိုးတွေကို ခတ်၏။

သို့ဖြင့် ကျယ်ပြန့်သောခြံဝင်းကလေးတစ်ခု ဖြစ်လာရ သည်။

ဤတွင် . . . မြေလွတ်တွေကို အလဟဿအဖြစ်မခံဘဲ တူးတစ်လက်ဖြင့် ကိုယ်တိုင်တူးဆွမြေပေါက်ကာ ရာသီပေါ် ားကို စိုက်ပျိုးတော့သည်။ တောအရပ်တောဒေသဖြစ်၍ းမြေဩဇာတို့မှာ မပူရ။ ကျောင်းသားမိဘတွေက လှည်းဖြင့် ကြသည်။ မျိုးစေ့တွေမှာလည်း ထိုနည်းတူ။ အပင်အတွက် သောရေကလည်း အုတ်ဖုတ်ကန်ကြီးထဲမှာ အဆင်သင့်။

သို့ဖြင့် ကျောင်းဆရာကိုလှအောင်၏ခြံထဲဝယ် သခွား ဖရုံ၊ ဘူး၊ ငရုတ်၊ ခရမ်းချဉ်၊ ပဲသီး၊ ကြက်ဟင်းခါး၊ မုံလုံ ရုံးပတီ အစရှိသဖြင့် မြေပဒေသာဖြစ်လာလေသောအခါ မီးဖိုချောင် စရိတ်ကို အတော်ကလေးကာမိလေတော့၏။

"ဗုံ xxx ပြောင်, ဆင်, ကျားရဲ့ xxx ကျွဲနဲ့ ယုန်ငယ်၊
ကြို့ဒရယ် xxx ပျော်ဖွယ်ဖိုမ မြူးကြတဲ့ စုံတောမြိုင် xx
(သီတာ xxx ဖီလာ xxx မြွှောင်ကာဆီးပါလို့)၂
(နဂါး xxx ဂဠုန်တွေက xxx လွန်ပျော်မြူး)၂
(ထူးလည်းထူးသည့်မြိုင် xxx ...ရီးဝေးလွန်းလို့ xxx
လူသူသူမရောက်နိုင်)၂
ပြောင်, ဆင်, ကျားရဲ့ xxx ကျွဲနဲ့ ယုန်ငယ်၊
ကြို့ဒရယ် xxx ပျော်ဖွယ်ဖိုမ မြူးကြတဲ့ စုံတောမြိုင်xx
(အို xxx ပြောမဆုံးနိုင် xxx အနံ့ပြေစရာပ xxx
ထိုင် xxx အဖော်မပါနိုင် xxx တစ်ယောက်တည်း
အသည်းထိတ်စရာပ စုံမြိုင် xxx )၂

ကျောင်းဆရာကိုလှအောင်ကား ဂီတဘက်တွင် အတော် ကလေး တီးမိခေါက်မိသူ ဖြစ်သည်။ ပတ္တလား၊ ဒုံမင်း၊ မယ်ဒလ် သူ ကောင်းကောင်းတီးခတ်တတ်သည်။ သည့်အတွက် ဂီတ ဆွဲငင်ညို့ယူအားကြောင့် သူ့အိမ်တွင် လူမပြတ်တတ်။

ယခု သူတီးခတ်နေသောတေးသွားမှာ ဂီတစာဆိုကြီး ရွှေတိုင်ညွှန့် သီဖွဲ့စပ်ဆိုခဲ့သည့် စုံတောမြိုင်ဖြစ်လေ၏။ သူ့ထံ





...းတက်ဖူးလေသောကြောင့် ချက်စူပင် စုံတောမြိုင်တေးသွား နားဝင်ပီယံဖြစ်အောင် ဆိုညည်းနေတတ်ပြီဖြစ်၏။

"ဟာ ! ဟော့ကောင်ကြီးချက်စူ... လာလေကွာ"

သူခြံထဲဝင်လာသည်ကိုတွေ့ရသဖြင့် ကျောင်းဆရာလည်း သွားကိုရပ်ကာ လက်ခတ်အစုံကို ပတ္တလားဆံတွေပေါ် အသာ ထားလိုက်လေသည်။

"သောင်းသောင်းရေ ... ချက်စူလာတယ်ဟေ့၊ ငါးဖျင်းသလက်ကြော်လေး ချကွာ၊ ရေနွေးကြမ်းနဲ့မြည်း ရအောင်၊ ဟော့ကောင်ရဲမြင့် ... အခါးအိုးထဲ ရေနွေး ...ပ်ဖြည့်ကွာ"

ကပ်ရှိရွာမှရောက်လာသော ကျောင်းဆရာလေး ရဲမြင့်အား ...က်အရွယ်သာမက ဝါပါကြီးသော ဆရာကိုလှအောင်က ...ိုက်သည်။

"နေ နေ ... ဆရာရဲ့ ကျွန်တော်ပဲ ဖြည့်လိုက် မယ်"

ချက်စူက သွက်လက်စွာဖြင့် ဆရာလေးရဲမြင့်အား လက် ...ပြီး မီးဖိုခန်းအတွင်းသို့ ဝင်သွားသည်။ သည်အိမ်ကလေးသည် ...ကြးညစွာ ချမ်းသာကြွယ်ဝသူတို့အတွက် စိတ်ကူးထဲ၌ ထည့်ချင် မဟုတ်သော်လည်း ချက်စူတို့အတွက်ကဖြင့် တကယ့်ကို ...ဂဟာ ဖြစ်နေလေသည်။ ဆရာကိုလှအောင်ကို ချက်စူတို့ ...သားအပေါင်းက ရှိသေချစ်ခင်ကြသည်။ ဆရာကိုလှအောင်

က ချက်စုတို့ကို ကာလသားပေါင်း,ပေါင်းသည်။ သူ့အိမ်သည် ချက်စုတို့အတွက်တော့ တံခါးမရှိ၊ ဓားမရှိ။

သူတို့ပိုင်းကလေးကား သောင်းသောင်း၏လက်ရာ ငါးဖျင် သလက်ကြော်ဖြင့် အာမပူတော့ဘဲ အကောင်းကြီးကောင်းနေလေ တော့၏။

''ဟူး ... နေက တော်တော်ပူတာပဲကွ၊ တစ်နှစ်ထက်တစ်နှစ်တောင် မတူတော့ဘူး၊ ကမ္ဘာ့စက်မှုနိုင်ငံ တော်တော်များများက စွန့်ပစ်ပစ္စည်းတွေ၊ ကာဗွန်မိုနောက်ဆိုက်ဓာတ်ငွေ့တွေကြောင့် မြေဆီလွှာတွေ ခန်းခြောက်လာတယ်၊ ကောင်းကင်က အုန်းဇုန်းလွှာတွေ ပါးသထက်ပါးလာပြီး ပေါက်တဲ့နေရာပေါက်လာတယ်၊ သည်တော့လဲ ရာသီဥတုအခြေအနေတွေက ကသောင်းကနင်းဖြစ်လာတာပေါ့ကွာ''

''ဟား ... ပူတာတော့မပြောနဲ့ ဆရာလေးရယ်၊ အိမ်က ကျွန်တော့်အဘိုး ဘိုးသာဒင်တောင် ခြံထဲဆင်းနေရတယ်၊ အိမ်ပေါ်နေရတာ ချွေးအောင်းရသလိုပဲတဲ့၊ ကျောပူပြီး လျှာထွက်နေတယ်''

''အေးကွာ ... အသက်ကလဲ ကြီးပြီကိုး၊ ရာသီဥတုဒဏ်ကို ဘယ်သိပ်ပြီးခံနိုင်မှာလဲ၊ ဒါထက် ဘိုးသာဒင်အသက်က မနည်းတော့ဘူးနော် ... ချက်စု''

''ဘယ်နည်းတော့မှာလဲ ဆရာလေးရယ်၊ မသကာ အောက်ထစ်(၇၅)နှစ်လောက်ရှိရော့မယ်၊ ဒါပေမယ့် ..





ဝိတ်ကတော့ ဘာမှာသလဲမမေးနဲ့၊ တကယ့်ခပ်ရွတ်ရွတ်ကြီး၊ စိတ်မထင်ရင်မထင်သလို ဘယ်သူ့မျက်နှာမှမကြည့်ဘဲ ပိတ်ပိတ်ပြောထတ်တာများ၊ ပိသာလေး ဘေးပစ်ဆိုတဲ့အတိုင်းပဲ''

သည်သို့စကားကောင်းနေကြစဉ် ၎င်းတို့၏နားယံအတွင်း ခပ်လှမ်းလှမ်းဆီမှ စူးစူးဝါးဝါးနိုင်လှသောအသံက ဆောင့်ကြီးငင့်ကြီးဝင်ရောက်လာလေသည်။

''ရှေးဟောင်းပစ္စည်းတွေ ဝယ်တယ်၊ ရှေးဟောင်းပစ္စည်းတွေ ဈေးကောင်းပေးဝယ်တယ်''

သည်လိုစူးစူးဝါးဝါးအသံကြောင့် သူတို့အားလုံး တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။

''သည်ရှေးဟောင်းကုလားကတော့ တစ်ပတ်ကို သုံးရက်လောက်ကတော့ အချိန်ကို မှန်နေတာပဲနော်''

''ဟုတ်ပ ... ကိုချက်စုရာ၊ သည်ကုလား ကျုပ်တို့ ကပ်ခိုရွာကိုဝင်မွှေလို့ ရှေးဟောင်းပစ္စည်းတွေ တော်တော်များများလည်း ပြောင်သလင်းခါကုန်ပြီ''

''နေပါဦး ဆရာရဲ့ရာ ... သူက ဈေးကောင်းပေးပြီး ဝယ်တဲ့ဥစ္စာပဲ၊ ရောင်းတဲ့လူ ဘာနစ်နာစရာရှိလို့လဲ''

''သည်လို ချက်စုရဲ့ မင်းကတော့ မင်းအမြင်နဲ့မင်းတော့ ဟုတ်နေမှာပဲ၊ ဈေးကောင်းရတာတော့ ဟုတ်တယ်၊ ကိုယ်ဝယ်စဉ်တုန်းက ငါးကျပ်လောက်ပေးဝယ်ခဲ့ရတဲ့ပစ္စည်းဟာ နှစ်ပရိစ္ဆေဒကြာမြင့်တာနဲ့အမျှ ခုခါမှပြန်ထုတ်ရောင်း

လိုက်လို့ တစ်ရာရချင်ရလိမ့်မယ်၊ သည့်အတွက် (၉၅) ကျပ်ဇော့င် မြတ်ပါသလားလို့ ပီတိဖြစ်ကောင်းဖြစ်မယ်"

"ဟုတ်တယ်လေ ဆရာလေးရဲ့၊ အဆများစွာမြတ် . တာပဲ မဟုတ်ဘူးလား"

"ဒါက ယေဘုယျအတွေးပဲ ချက်စူရဲ့၊ အဲသည် အမြတ်ဆိုတာ ကာလတန်ဖိုး၊ ရှေးဟောင်းအမွေအနှစ် ဆိုတဲ့တန်ဖိုးနဲ့ နှိုင်းစာလိုက်ရင်တော့ အစားထိုးမရတဲ့ ဆုံးရှုံးမှုပဲ"

"ဟုတ်တယ် ဆရာကိုလှအောင်၊ ကျွန်တော့်ကြီးတော် ဒေါ်မြဲတင်ဆိုရင် ဟသာ်ကြေးအလေးတွေ ဈေးကောင်း ရလို့ ထုတ်ရောင်းလိုက်တယ်၊ သူရောင်းတဲ့ဈေးကို ရလှပြီ ထင်နေတာ၊ ရှေးဟောင်းယဉ်ကျေးမှုက ဆရာတစ်ယောက် နဲ့ ပညာရေးစုံညီအခမ်းအနားတစ်ခုမှာတွေ့လို့ မေးကြည့် တော့ နှမြောစရာကောင်းလိုက်တာလေ . . .

ခုဆို . . . ကျုပ်တို့ကပ်ခိုရွာမှာ ရှေးဟောင်းပွတ်လုံးခုံ ကနုတ်ခက်နွယ်တဲ့ ခုတင်ကြီးတွေ၊ ကိုယ်လုံးပေါ်မှန်ကြီး တွေဆို သည်ကုလားပဲ မ,သွားတာ"

"သူက စီးပွားရေးလုပ်တာလေ၊ စီးပွားရေးသမား သက်သက်ဆိုတော့ အရာရာကို စီးပွားတွက်ပဲတွက်မှာ ပေါ့၊ ထောင်မြင်ရင် ရာစွန့်ဖို့ ဝန်လေးကြတာမဟုတ်ဘူး၊ ဘယ်သူအနိစ္စရောက်ရောက် ကောက်တို့က ဖဲရိုက်နေ ရရင်ပြီးရောဆိုတာမျိုးလိုပဲ"





"ဟုတ်ပ . . . ဆရာကိုလှအောင်ရယ်၊ ရှေးဟောင်း ပစ္စည်း၊ ရှေးဟောင်းပစ္စည်းနဲ့ ကျွန်တော်တို့ မိဘဘိုးဘွား အဆက် ကိုးကွယ်လာခဲ့ကြတဲ့ ရှေးဟောင်းရုပ်ပွားတော် တွေတောင် သည်ကောင်တွေ မျက်စောင်းထိုးမလာဘူး လို့ မပြောနိုင်ဘူး"

သုံးယောက်သား စကားကောင်းနေစဉ်မှာပင် ရှေးဟောင်း ည်းဝယ်သောကုလားသည် ကျောင်းဆရာ၏ခြံရှေ့၌ရင်ကာ ဘိသာယာမှုကင်းလှစွာသော လည်ချောင်းကွဲသံဖြင့် အော်ဟစ် သ်ကို နားမချမ်းသာစွာကြားရပြန်တော့၏။

"ရှေးဟောင်းပစ္စည်းတွေ ဝယ်တယ်၊ ရှေးဟောင်း ပစ္စည်းတွေ ဈေးကောင်းပေးပြီး ဝယ်တယ်"

သည်လိုမျိုး အဆက်မပြတ်အော်ဟစ်နေစဉ်မှာပင် ချက်စူ၏ င်းထဲ လက်ခနဲဖြစ်သွားသည်နှင့်အမျှ မျက်နှာတစ်ပြင်လုံးလည်း းခနဲဖြစ်သွားသည်။ သူသည် လက်ဖျောက်တစ်ချက်တီးလိုက်ပြီး

"ဟေ့ . . . ကုလား . . . ၊ လာပါဦးကွာ၊ သည်ကို လာပါဦး"

ရှေးဟောင်းကုလားအဖို့ သည်စကားသံသည် 'သျှရီ' ျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်ဝလေသောအသံ ဖြစ်လေ တည်း။

"ဟေ့ကောင်ချက်စူ . . . ဘာလုပ်တာလဲ၊ ငါ့အိမ်မှာ ဘာရှေးဟောင်းပစ္စည်းမှ ရောင်းဖို့မရှိဘူးကွ"

''အဲသာနေပါ ဆရာလေးရယ်၊ ကိစ္စကလေးတစ်ခု ရှိလို့ပါ၊ နောက်မှ ကျွန်တော် အကြောင်းစုံရှင်းပြပါ့မယ်''

ချက်စူ၏စကားကြောင့် ကျောင်းဆရာကိုလှအောင်နှင့် ဆရာရဲမြင့်လည်း ငြိမ်ချက်သားကျသွားခဲ့ကြသည်။

''ဘာပစ္စည်းပြုမှာလဲ အစ်ကို၊ ကုလားနော် ... စိတ်တိုင်းကျဖြစ်ရင် ဈေးကောင်းကောင်းပေးမှာပါ''

''အေးပါကွာ ... အေးပါ၊ ရှေးဟောင်းပစ္စည်းက ဒီမှာတော့မရှိဘူးကွ၊ အိမ်မှာပဲရှိတယ်၊ ပစ္စည်းပိုင်ရှင်က ငါ့အဘိုးကွ၊ အဘိုးကြီးက သူစိတ်ပါရင် ရောင်းလိမ့်မှာ''

''ဟာ ... ဟုတ်လား၊ အစ်ကို့အဘိုးအိမ်က ဘယ်မှာလဲ''

''မင်း သည်လမ်းအတိုင်းလျှောက်ပြီး လမ်းဆုံးရင် ဘယ်ဘက်ကိုချိုး၊ အဲသည်မှာဈေးကြီးရှိတယ်၊ ဈေးရှေ့က တစ်လမ်းကျော်ရင် ထောင့်အိမ်က ငါ့အဘိုးအိမ်ပဲ၊ အိမ်ရဲ့ ခြေရင်းမှာ မရန်းပင်တွေသီးနေတာ တွေ့ရလိမ့်မယ်၊ အဲသည်မရန်းပင်အောက်မှာ အင်္ကျီကျောပြောင်ကြီးနဲ့ ငါ့ အဘိုးဟာ ပက်လက်ကုလားထိုင်တစ်လုံးပေါ်မှာ ထိုင်နေတာ တွေ့ရလိမ့်မယ်၊ ခြံဝရောက်တာနဲ့ မင်းအော်နေကျ အတိုင်း အော်ပေရော့''

''အစ်ကိုက လွှတ်လိုက်တယ်လို့ ပြောလိုက်ရမလား''

''မပြောနဲ့ ... မပြောနဲ့၊ ပြောရင် မင်းကို လုံးဝ ရောင်းမှာမဟုတ်ဘူး၊ ငါ့အဘိုးက သိပ်ကပ်စေးနဲ့တာကွ၊ သူ့ဆီက မုန့်ဖိုးတောင်မနည်းတောင်းမှ ထွက်တာ''





''ဩော် ... သည်လိုကိုး၊ ကုလားသဘောပေါက်ပြီ အစ်ကို၊ ကိုင်း... ကုလား သွားမယ်၊ ဆလံမာရေးကွန်း''

''အေးပါကွာ ... အေးပါ''

အရောင်းအဝယ်တစ်ခုဖြစ်တော့မည့် အနေအထားအတွက် ဟောင်းကုလားခမျာ ဝမ်းသာတက်ကြွသွားပြီး ပြန်ထွက်သွား တော့သည်။

''ဘာတွေလျှောက်လုပ်နေတာလဲ ချက်စူရယ် ... ဘိုးသာဒင်က စိတ်ကလဲကြီး၊ ဒေါသကလဲကြီးနဲ့''

''အဟီး ... အဘိုးခမျာ ကျော့ပူသာမက နားပူပါ ခံရလေအောင် မြေးဖြစ်တဲ့သူက စေတနာထားတာလေ၊ စေတနာထားတာ''

''စံပါပဲလား ချက်စူရယ်၊ ကိုင်း ... တို့တစ်တွေ စန်းရှိန်တို့၊ ဒေါ်တင်တို့ရဲ့ ငြိမ်းချမ်းကဖီးကို သွားကြရ အောင်၊ ကုလားရဲ့အရိပ်အကဲကိုလဲ စောင့်ကြည့်ရင်းပေါ့''

သို့ဖြင့်... ချက်စူတို့သုံးယောက်သား အိမ်ကလေးပေါ်မှ င်းလိုက်ကြလေသည်။

ရှေးဟောင်းပစ္စည်းရောင်းဝယ်သောကုလားသည် အရောင်းအဝယ်ဖြစ်တော့မည့်အရေးအတွက် အပျော်ကြီးပျော်ကာ လမ်းတစ်လျှောက် တကြော်ကြော်အော်ဟစ်ရင်း ဘိုးသာဒင်တို့ခြံဘက်သို့ဦးတည်ထွက်ခဲ့လေသည်။

''ရှေးဟောင်းပစ္စည်းတွေ ဝယ်တယ်၊ ရှေးဟောင်းပစ္စည်းတွေ ဈေးကောင်းပေးပြီး ဝယ်တယ်''

အသံက စူးစူးဝါးဝါး။

သည်အသံကြောင့်ပင် မရန်းပင်အောက်၌ ငိုက်မျဉ်းနေသော ဘိုးသာဒင်သည် ရုတ်ခြည်းလန့်နိုးလာခဲ့သည်။

''တောက် ... တယ်လဲ အော်ကလီအား၊ နားကြားပြင်းကတ်စရာ ဆိုရှားလိုက်တဲ့အသံပါကလား။ ဟောဗျာ ... ငါ့ခြံရှေ့တည့်တည့်ရပ်ပြီး အော်နေပြန်ပါပြီ''





''ရှေးဟောင်းပစ္စည်းတွေ ဝယ်တယ်၊ ရှေးဟောင်း ...စ္စည်းတွေ ဈေးကောင်းပေးပြီး ဝယ်တယ်''

အသံစူးစူးကား တရစပ်ပင်။

''ဗျို့ ... ဘကြီး၊ ဘကြီး ... ရှေးဟောင်းပစ္စည်း ...ရာင်းဖို့ရှိသလားခင်ဗျ၊ ကုလားနော် ... ဘကြီးကို ...ဈေးကောင်းပေးပြီးဝယ်မှာ''

''တောက် ... သည်ကုလား ဘာတွေပြောနေပါ ...ိမ့်၊ ကျောပူတောင်မကဘူး။ နားပူတဲ့ဒဏ်ကပါ ဆင့် ...ာပြီ''

''ဗျို့... ဘကြီး၊ ကုလားနော် ... ဈေးကောင်း ...ပေးပြီးဝယ်မှာပါဗျ၊ ပြပါ၊ ဘကြီးရဲ့ပစ္စည်းကိုပြပါ''

ရှေးဟောင်းကုလားကား စီးပွားရေးသမား၊ အရောင်းအဝယ် ...ဖိပိ ကျားကုတ်ကျားခဲနှင့် ဖွဲ့မလျှော့။

သတင်းပေးလိုက်သူက အတိအကျ၊ အသေအချာ။

'အဘိုးကြီးက စိတ်ပါရင် ရောင်းလိမ့်မှာ' ဆိုသည့်စကားက ...ဟာင်းကုလား၏စိတ်အာရုံ သံမှိုနှက်ထားခဲ့သည်။ သည်တော့ ကုလားတို့လုံ့လ၊ သေခါမှလျှော့မည်ဆိုသော စိတ်ဓာတ်အား ...မာမာ မွေးမြူထားလိုက်သည်။ ကုလားဘက်က ထိုသို့ ...းဝင်ရောက်သလို၊ ဘိုးသာဒင်ဘက်ကရော အသို့ရှိလေ ...း။

''ဟင် ... တော်တော်လဲ ဖွဲ့ကောင်းတဲ့ကုလား ...လား၊ သည်အတိုင်းငြိမ်နေလို့ကတော့ ဖွတ်တိုးလာမယ့်

ပုံပဲ၊ နေဦး ... ငါ သည်ကုလားကို ဘယ်လိုပညာပေးရင် ကောင်းမလဲ၊ ဘယ်လိုမျိုးပညာပေးရင် ကောင်းမလဲ''

ကုလားကလည်း ခြံဝမှတစ်ဖဝါးမခွာ၊ သူ့လိုတမပြည့်လွ အခိုင်အမာတပ်စွဲထားမည့်ပုံစံ။ သည်တော့ ဘိုးသာဒင်အဖို့ ဘယ် မျိုးလုပ်ရလျှင် ကောင်းမှာပါလိမ့်ဟု တွေးကြည့်သည်။

''ဟား ... ဟုတ်ပြီကွ၊ ဟုတ်ပြီ''

အတွေးအခေါ်နှင့်စိတ်ကူးစိတ်သန်း ကောင်းလှစွာသေ ဘိုးသာဒင်အဖို့ အကြံကလေးတစ်ခုကို လက်ခနဲရရှိလိုက်ချေသည် ထို့ကြောင့်ပင် ခြံဝ၌ ဖွဲကောင်းလွန်းလှစွာရပ်နေသော ကုလားအ လှမ်းခေါ်လိုက်လေသည်။

''ဟေး ... ကုလား၊ လာ ... လာ၊ ဝင်လာခဲ့''

''ဟုတ်ကဲ့ ... ဘကြီး၊ ကုလားနော် ... အများကြီး ဝမ်းသာသွားပြီ''

လိုဘပြည့်ဝတော့မည့်အရေးအတွက် ရှေးဟောင်းကုလ သည် ဝမ်းသာအားရစွာဖြင့် ခြံတံခါးကိုတွန်းဖွင့်ကာ ဝင်သွားလေ တော့သည်။ ထိုအချိန်ဝယ် ကျောင်းဆရာကိုလှအောင်၊ ဆရာမ ရဲမြင့်နှင့် ချက်စူတို့သုံးယောက်သားသည် ခပ်လှမ်းလှမ်းရှိ ခြံစည်း ပုဏ္ဏရိတ်ပင်အကွယ်၌ ခေါင်းကလေးများပုကာ အခြေအနေအရပ် ကို အကဲခတ်ချောင်းမြှောင်းနေကြလေသည်။

''နေပါဦး ... ကုလားရေ မင်းက ရှေးဟောင်းပစ္စည်း ဝယ်တယ်ဆိုတာတော့ ဟုတ်ပါပြီ၊ ရှေးဟောင်းဆိုတာနဲ့





တ်သက်လို့ ကာလအတိုင်းအတာ၊ ဘယ်ရွှေ့ဘယ်မျှ ရှိရင် ရှေးဟောင်းအဖြစ် မင်းအနေနဲ့သတ်မှတ်သလဲဆိုတာ သိချင်တယ်''

''အင်း ... နှစ်ပေါင်းခြောက်ဆယ်အောက် မရောက် ဘဲ့ပစ္စည်းမျိုးဆိုပါတော့ ဘကြီး''

''အေး ... ဟုတ်ပြီ၊ ဒါဖြင့် အဆင်သင့်ပြီ၊ ငါ့ဆီ ာရှိတဲ့ပစ္စည်းတစ်ခုက နှစ်ပေါင်းခြောက်ဆယ်တောင် ဟုတ်ဘူး၊ နှစ်ပေါင်းခုနစ်ဆယ်လောက်ကို ရှိနေပြီကွ''

''ဟာ ... ဒါဆိုကောင်းတာပေါ့ ဘကြီးရယ်၊ ဘယ် လဲ ဘကြီးရဲ့ရှေးဟောင်းပစ္စည်းဆိုတာကို ပြ၊ ပြ၊ ကုလားကိုပြပါ ဘကြီး''

''ပစ္စည်းက ငါနဲ့မကွဲမကွာရှိနေတာကွ၊ ငါ့အသက် ၇၅)နှစ်ကျော်ပြီ၊ ပစ္စည်းက ငါ ငါးနှစ်သားထဲက ပိုင်ဆိုင် ာခဲ့တာ၊ ခုဆို အောက်ထစ် အနှစ် (၇၀)ပေါ့ကွာ''

''ပြ ... ပြ ... ကုလားကြည့်ချင်တယ် ဘကြီး''

ဘိုးသာဒင်စကားကြောင့် ရှေးဟောင်းကုလား၏မျက်ဝန်း ှာ အရောင်တွေ တလက်လက်တောက်ပသွားလေသည်။

''ပြဆိုလဲ ပြမှာပေါ့ကွာ၊ မင်းကလဲ စျေးကောင်းပေးပြီး ယ်မှာမဟုတ်လား''

''ဝယ်ချင်လို့ ဘကြီးတို့ ဟောဒီရပ်ရွာတစ်ခွင်ကို ပြဲပြဲစင်အောင် ကုလားလိုက်မွှေနေတာပဲမဟုတ်လား၊ ိတ်ချ ... ပစ္စည်းကိုကြည့်ရပြီးတော့ ကုလားစိတ်တိုင်း

ကျရင်လေ သူတစ်ပါးကိုမပေးတဲ့စျေးနှုန်း ဘကြီးကို ပေးမယ်၊ ဟုတ်ပလား . . . "

"ကြိုက်သွားပြီကွာ . . . ကြိုက်သွားပြီ"

ပြောပြောဆိုဆိုနှင့် ဘိုးသာဒင်သည် ပုဆိုးကို ပြင်ဝတ် လိုက်၏။ ထို့နောက် ပုဆိုးအောက်အနားသားများကို အသာလိပ် လျက် ခါးတောင်းမြှောင်အောင်ကျိုက်လိုက်၏။ ပြီးနောက် တင်ပါး နှစ်ဘက်စလုံးကို ကွက်ကွက်ကွင်းကွင်းပေါ်အောင်ဖော်လိုက်ပြီး တင်ပါးနှစ်ဘက်ကို တဖြောင်းဖြောင်းမြည်အောင် ရိုက်လေတော့ သည်။ ကုလားခမျာမတော့ ဘာဆိုဘာမှနားမလည်သည့်အလာ အူကြောင်ကြောင်နှင့်။

"ဖြောင်း . . . ဖြောင်း . . . ဖြောင်း"

"ဘာလုပ်တာတုန်း ဘကြီးရဲ့၊ ပ●ည်းပြမယ်ဆိုတာ ပြလေဗျာ"

"သည်မယ်လေကွာ . . . ငါ့ပစ္စည်း"

"ဖြောင်း . . . ဖြောင်း . . . ဖြောင်း"

ပြောလည်းပြော၊ တင်ပါးကို ပုတ်လည်းပုတ် လုပ်နေ လေရာ၊ ကုလားလည်း ဘာလုပ်လို့ဘာကိုင်ရမှန်း မသိတော့

"ဟော့ကောင်ကုလား ... သည်မှာကြည့်၊ ငါ့တင်ပါး နှစ်ဘက်မှာ တွေ့တယ်မဟုတ်လား"

"တွေ့တယ် ... တွေ့တယ်၊ ထူလဗျစ်ဖြစ်နေတဲ့ ပွေးကွက်ကြီးတွေခင်ဗျ၊ ပွေးကွက်ကြီးတွေ . . . "





"အေး ... ဟုတ်တယ်၊ အဲဒီပွေးကွက်တွေဆိုတာ ငါ ငါးနှစ်သားကတည်းက တင်ပါးပေါ်အမြစ်တွယ်နေခဲ့ တာ၊ ကုတ်ရတာ သိပ်အရသာရှိတာနဲ့ ခုထိ ဘာဆေးမှ မထည့်ဘဲ မွေးလာခဲ့တာဆိုတော့ အောက်ထစ် အနှစ် (၅၀)ကျော်ပြီပေါ့၊ သည်လောက်ဆို မင်းပြောတဲ့ရှေးဟောင်း ထဲ ဝင်ပြီလေ၊ ကိုင်း ... ဘယ်လောက်စျေးပေးမလဲ၊ ကစ်ခါတည်းအပြတ်ပြောကွာ၊ ငါမှန်းထားတာနဲ့စျေးကိုက် ရင် ခွာပြီးယူသွားပေရော့"

"အဘား . . . အဘား . . . ဝေါ့ . . . ဘကြီး ညစ်ပတ်တယ်၊ ဘကြီး ညစ်ပတ်တယ်"

ကုလားလည်း ပြောပြောဆိုဆိုနှင့် နေရာမှ သုတ်ခနဲ ကာ ခြံဝသို့ပြေးသွား၏။ ခြံတံခါးကိုဆွဲဖွင့်၏။ သည့်နောက် ည့်သူ့ကိုမျှ လှည့်မကြည့်တော့ဘဲ ခြေလှမ်းကျဲကျဲကြီးများဖြင့် ရာလမ်းအတိုင်း သုတ်ခြေတင်သွားပါလေတော့၏။

"တောက် . . . ကျောပူရတဲ့အထဲ နားပူအောင်ပါ လာလုပ်တဲ့ကုလား၊ မှတ်ကရောပဲဟေ့၊ ဟေ. . . ဟေ့"

ဘိုးသာဒင်တစ်ယောက် ဝမ်းသာအားရစွာဖြင့် ခါးတောင်း ပြန်ဖြုတ်လျက် ကုလားထိုင်ပေါ် ဇွေ့ခနဲပြန်ထိုင်လိုက်ချိန်ဝယ် ပ်ကိုယ်စီပိတ်လျက် ခြံစည်းရိုးမှ ဆုတ်ခွာလာခဲ့ကြသူများကား ်စုတို့သုံးယောက်မှလွဲ၍ အဘယ်သူရှိပါအံ့နည်း။

ထိုနေ့မှစ၍ ချက်စုတို့ရွာကလေးဆီသို့ ရှေးဟောင်းကုလား ၂ ခြေဦးမလှည့်တော့ပါပြီတည်း။

# ( ၃ )
# မျှော်သာမျှော်သည်

နွေရက်တို့ကား . . . မကုန်ဆုံးသေး။

သည်နွေရက်ထဲမှာပင် ငုရွှေဝါတို့ ခိုင်ညှာပြွတ်တွဲသော ပန်းပိတောက်မင်းတို့ လမ်းတစ်လျှောက်သင်းသော သင်္ကြန်ကာလ သို့ ဧကန်အမှန် ရောက်ရှိပေတော့မည်။

သည်နှစ်သင်္ကြန်ကျရင် တို့ ဦးနက်ကျောက်ကြီးတစ်ယောက် ရွာကို ပြန်လာလိမ့်မကွ၊ သူက တစ်နှစ်တစ်ခေါက်ဆိုသလို သင်္ကြန်ကာလဆိုရင် တို့ဆီကို ပြန်လာပြီး အေးအေးဆေးဆေး အနားယူတတ်တာကွ"

"ဟား . . . သူပြန်လာရင် တကယ့်ကို ပျော်စရာကြီးပေါ့ကွာ၊ သူက ရန်ကုန်ရောက်မှ တကယ့်ကို တစ်သွေးတစ်မွေးကြီးဖြစ်ပြီး ကြီးပွားချမ်းသာနေတာကလား"

တကယ်လည်း ဟုတ်သည်။





ဦးနက်ကျောက်သည် ချက်စုတို့ရွာသားစစ်စစ် ဖြစ်၏။

သူကား . . . ယခုအခါတွင် နာမည်ကျော်ရှေ့နေကြီး
း ဖြစ်နေလေပြီ။ ရန်ကုန်သို့မရွှေ့ပြောင်းခင်ကပင် သည်ရွာသူ
ကြီး မတင်နွဲ့နှင့် အိမ်ထောင်ကျခဲ့၏။ အပျိုကြီးမတင်နွဲ့က
ရေးအကွက်လည်သည်။ ရွာမှာရှိစဉ်က ပစ္စည်းအပေါင်ခံ
ငွေတိုးပေးစားသည်။ မိဘ၏ကျောထောက်နောက်ခံ စီးပွား
လည်း တောင့်တင်းသည်ဆိုတော့ ဖူးစာချစ်လမ်းဆုံခဲ့လေ
ဦးနက်ကျောက်အဖို့တော့ စိုင်ကော်၍ချုပေါ်ရောက်ကိန်း
ခဲ့သည်။

သူကလည်း ဥပဒေရေးရာ၌ စိတ်ပါဝင်စားသူပီပီ ဥပဒေ
ရပ်များကို အပတ်တကုတ်လေ့လာ၍ အထက်တန်းရှေ့နေ
းပွဲဝင်ဖြေခဲ့ရာ ထူးချွန်စွာအောင်မြင်ပြီးခဲ့သည့်သကာလ . .
က်တန်းရှေ့နေဘဝကို ခံယူရင်း၊ အမှုတွေလိုက်ခဲ့သည်။
ကောင်းသမားကောင်းတွေနှင့် ပေါင်းသင်းခဲ့ရခြင်း၊ သူကိုယ်
လည်း ကြိုးစားအားထုတ်ခဲ့ခြင်းတို့က အောင်မြင်သော
နဘဝသို့ ရောက်ရှိစေခဲ့ခြင်းဖြစ်လေသည်။

ထိုမှတစ်ဆင့် သူတို့မိသားစုသည် ရန်ကုန်သို့ ပြောင်းရွှေ့
က်ရှိခဲ့ကြသည်။ ဇနီးသည် မတင်နွဲ့က အရင်းအနှီးများ
ည်လျက် အိမ်တွင်းမှုဆီးထုပ်လုပ်ငန်းကို တည်ထောင်သည်။
င်လည်းအောင်မြင်သည်။ သူက ရန်ကုန်ရှိ မိတ်ဆွေအပေါင်း
င်းများနှင့် ချုံးခန်းငွားကာ အမှုများလိုက်သည်။ သူလိုက်ပါ
င်ရှက်သော အမှုတော်တော်များများပင် အနိုင်ရသည်က

များလေသည်မို့ သူ၏နာမည်က ကြီးသထက်ကြီးလာသည်။ ကြေ
ကြီးကြီးရသော အမှုအခင်းတွေနှင့်ကြုံရလေသည်မို့ ခုဆိုလျှင်ဖြင့်
ရန်ကုန်မြို့လယ် (၃၅)လမ်း၌ ကျယ်ဝန်းသော၊ ခန့်ညားသော
ရုံးခန်းကိုပင် ငှားနိုင်ခဲ့လေပြီ။ သည်သို့ တစ်စတစ်စ ကြီးပွား
တိုးတက်လာသည်ဆိုသော်ငြား သူသည် ဇာတိရပ်ရွာကလေးအပေါ်
ချစ်စိတ်မပျောက်။ ငယ်ပေါင်းရောင်းရင်းတွေအပေါ် ခင်တွယ်သည်
ဆွေမျိုးသားချင်းတွေအပေါ် ချစ်ခင်သည်။ ဆရာသမားတွေအပေါ်
ရှိသေသည်။ သို့ဖြစ်၍လည်း နှစ်စဉ် သင်္ကြန်ကာလသို့ရောက်လေ
တိုင်း သည်ရပ်သည်ရွာသို့ပြန်လာ၍ အလှူအတန်းတွေ လုပ်သည်
ဆရာသမားတွေကို ကန်တော့သည်။ အပေါင်းအသင်းရောင်းရင်း
တွေကို တိုက်ကျွေးသည်။ နွမ်းပါးသောညီအစ်ကိုမောင်နှမတွေကို
ထောက်ပံ့သည်။ သည်တော့လည်း သည်အချိန်ကာလသို့ရောက်
လာပြီဆိုလျှင် ရွာက သူ့ကို မျှော်နေတတ်ကြသည်။

ယခုလည်း သူပြန်ရောက်လာမည်ဆိုတော့ အပေါင်းအသင်း
ရောင်းရင်းတွေအားလုံးက သူ့အလာကို မျှော်တလင့်လင့်ဖြစ်နေ
ကြတော့သည်။

“သူရောက်လာမယ်ဆိုရင် ကြုံပြီးအကြောင်းကြား
တတ်တယ်၊ အကြောင်းကြားပြီဆိုရင် တို့များ သူ့ကို
တစ်ဖက်ကမ်းကတို့ကနေ သွားပြီးကြိုကြတာပေါ့ကွာ”

စန်းရှိန်နှင့် ဒေါ်တင်တို့သားအမိဖွင့်လှစ်သည့် ငြိမ်းချမ်း
ကဖီးသည် ချက်စူတို့စတည်းချရာ ဘူမိနက်သန်ဖြစ်ချေ၏။

သည်ဆိုင်၏နောက်မှာတော့ ‘စကောကြီး’အမည်ရှိ ချက်





ကြီး၏ စည်ပင်ဈေးကြီးဖြစ်လေသည်။ သည်ဈေးကြီးတွင်
ချုပ်စပ်မှ ဈေးသည်များက လာရောက်ရောင်းချကြလေရာ
ှာမှ စည်ကားလှပါဘိ။

စည်ကားဆို ရွာနီးချုပ်စပ်မှ လိုအပ်သမျှသော မီးဖိုချောင်
မှအစ၊ အဝတ်အထည်အလယ်၊ လယ်ယာသုံးပစ္စည်းအမျိုးမျိုး
သုံး လက်လီလက်ကားရောင်းချပေးသော ဈေးကြီးပင် ဖြစ်
သည်တကား။

ထို့ပြင်တစ်ဝ စကောကြီးရွာသည် ဧရာဝတီမြစ်ကမ်းပါး၌
ရှိလေသည်ဖြစ်သောကြောင့် မြစ်ထဲ ပိုက်ချသူတို့ထံမှ ငါးသန်
တ်မှသည် ပုစွန်၊ ငါးမျက်ဆံနီ၊ ကကတစ်၊ ကဘီလူး၊
သိုး၊ ငပုတ်သင်တို့အလယ်၊ ငါးထွေတို့၊ ငါးအုပ်ဖားတို့၊
်တို့လည်း လတ်လတ်ဆတ်ဆတ်ရပေသည်ကိုး။ ဝက်၊ အမဲ၊
ကြက်၊ ဘဲတို့မှာလည်း လတ်လတ်ဆတ်ဆတ်။ ဈေးက
မြို့ပြနှင့် ဘာမျှမဆိုင်။ သင့်တင့်သောနှုန်းထား။ ပြီးတော့
းပြည့်။

တစ်ခုတော့ရှိသည်။

စကောကြီးဈေးသည် မနက်ခင်းမှာမှ စည်ကားလှေ့ရှိသည်။
ခင်းမှာတော့ ဆိုင်ခန်းအချို့မှအပ ခေါင်းရွက်ဗျတ်ထိုးဈေးသည်
ာ နည်းပါးလွန်းလှသည်။ သည်တော့လည်း ရွာနီးချုပ်စပ်မှ
ယ်သူအပေါင်းတို့သည် မနက်ခင်း၌သာလျှင် ဤစကောကြီး
ဲ့ လာရောက်ဈေးဝယ်လေ့ရှိကြသည်။ ကိုယ့်ရွာကလူတွေက
ဈေးခြင်းတောင်းလေးဆွဲပြီး ခြေလျင်သွားလာတတ်ကြသည်။

အတန်ငယ်ဝေးသော ကပ်နီ၊ ထုံးဘို၊ ရှမ်းစု၊ လေးအိမ်တန်း လက်ဆွဲချောင်း၊ ရွှေကညင်ပင် အစရှိသောရွာတွေကမူ ဆိုင်ကယ် စီး၍တစ်ဖုံ၊ စက်ဘီးစီး၍တစ်နည်း၊ ဈေးဝယ်လာတတ်ကြသည်။

မနက်ခင်းဈေးက စည်ကားလှသည်။

မနက်ခင်း အဆာပြေစားသောက်စရာ မုန့်ပဲသွားရည်တ ဆိုင်၊ လက်ဖက်ရည်ဆိုင်၊ အအေးဆိုင်၊ မုန့်ဟင်းခါးဆိုင်၊ အသုပ် ဆိုင်တွေမှာ အစုံအလင်။ မနက်ခင်းမိုးလင်းလျှင် ချက်စုအိမ် ကိုမျိုးမြင့်၏ မုန့်ဟင်းခါးဆိုင်၊ အသုပ်ဆိုင်မှာ တစ်ခုခုကို အဆာပြေ စားမည်။ ပြီးလျှင် စန်းရှိန်တို့ငြိမ်းချမ်းကဖီးမှာ ထိုင်မည်။ ဘာသာ ဘာဝ ရောက်တတ်ရာရာစကားတွေ ဆိုမည်။

စကောကြီးရွာသည် လွန်လေပြီးသော အနှစ်သုံးလေးဆယ် နှင့် ဘာဆိုဘာမျှမဆိုင်တော့ပြီ။ အထက်တန်းကျောင်း ရှိသည်။ တိုက်နယ်ဆေးရုံ ရှိသည်။ ဆက်သွယ်ရေးစာတိုက် ရှိသည်။ အပိုင် ရဲစခန်းရှိသည်။ ပြီးတော့ ယခင့်ယခင်ကာလများက ရန်ကုန်သို့ သွားလိုလျှင် ရေဝတီသင်္ဘောဖြစ်စေ၊ ကြားသင်္ဘောဖြစ်စေ တစ်ညလုံးလိုက်ပါပြီးသကာလ မိုးစင်စင်လင်းပါမှ ရန်ကုန်သို့ ရောက်သည်။ ခုတော့ဖြင့် သည်လိုမျိုး ကရိကထမများတော့ တိုက်ကြီး–အဖျောက်ကားလမ်းပေါက်နေ၍ ရန်ကုန်–သခင်မြပန်းခြံ စကောကြီးဈေးရှေ့သို့ တိုက်ရိုက်ပြေးဆွဲနေသော လေအိတ်ကား ကြီးတစ်စီးပင် ရှိနေလေပြီကော။ အချိန် (၂)နာရီကျော် (၃)နာရီ သာသာလောက်နှင့် သည်လမ်းသည်ခရီးဟူသည် မြားတစ်ပြေး သာသာ ဖြစ်ခဲ့လေပြီ။





နေအိမ်အတော်များများသည် အုတ်ပတ်ကားတက်ထား တိုက်များဖြစ်ကုန်ကြပြီ။ အပေါ်စက်တွေ့၊အောက်စက်တွေ တယ်လီဖုန်းတွေနှင့် ဂြိုဟ်တုစလောင်းတွေနှင့်။ သည်လိုဆို ကမ္ဘာကြီးဟူသည် ရွာဖြစ်သွားပြီဆိုခြင်းကို လက်ခံရတော့ ကလား။

ကျောင်းဆရာဦးလှအောင်၊ ကပ်နီမှ ဆရာရဲမြင့်နှင့် ချက်စု ကားဝိုင်းဖွဲ့ရာနေရာသို့ 'မောင့်မမ လှကေရီ' မော်တော် သန်းလွင်တစ်ယောက် မော်တော်ဆိုင်းဘုတ်ကိုထမ်းကာ လာသည်။

"ဟော့ကောင်သန်းလွင်... မင့်မော်တော်မထွက်တာ ကြာပါပကောလား၊ မော်တော်ကော ရှိမှရှိသေးရဲ့လား"

"ဟုတ်တယ် ကျောင်းဆရာ၊ ဒီကောင့်မော်တော် ပျောက်နေတယ်၊ ရှိုးမှရှိုးရဲ့လားမသိဘူး။ ခုတော့ 'မောင့်မမ လှကေရီ' ဆိုင်းဘုတ်ကိုထမ်းလာတာဆိုတော့ ကေန္ဒ ကိုမင်းသိမ်းရဲ့အဖြူဆိုင်မှာ ပေါင်ပြီးသောက်မလို့လား မသိဘူး"

"ဟား ... ဟား... ဟား ... ဟား"

သုံးယောက်သား သန်းလွင်ကို ပြောကြဆိုကြရင်း တသော ဖြစ်သွားကြလေသည်။

သန်းလွင်ကလည်း သန်းလွင်။

သန်းလွင်က အမေတစ်ခု သားတစ်ခု။

အမေကလည်း သားကိုချစ်သလို သားကလည်း အမေ့ကို ချစ်ရှာသည်။ သန်းလွင်သည် မိခင်မုဆိုးမကြီးကိုချစ်၍ သူကျွမ်းကျင်သော မော်တော်လုပ်ငန်းဖြင့် လုပ်ကိုင်ကျွေးမွေးလျက်ရှိသော သားလိမ္မာလေးတစ်ဦးဟု ဆိုနိုင်သည်။

သို့သော်ငြား သန်းလွင်က အပေါင်းအသင်းကို ခင်တွယ်သည်။

သောက်ရစားရသည်ကို နှစ်သက်သည်။

ပျော်ရွှင်စွာ သီဆိုကခုန်ရသည်ကို ခုံမင်သည်။

သည်တော့လည်း ချက်စုတို့နှင့် အဖွဲ့ကျလေသည်မှာ မဆန်း။

''ဟေ့ကောင်ချက်စု ... မင်းက ငါ့ကိုပဲ ဟာသ လုပ်နေတယ်၊ မင်းညက မြစ်ထဲဆင်းလာပြီး အချိန်မတော် အဝတ်အစားတောင်မချွတ်ဘဲ ရေထဲဆင်းစိမ်နေတာ ငါ တွေ့တယ်နော်၊ ကိုင်း ... ပြောစမ်း၊ မင်း ဘာတွေ လုပ်လာလဲ''

''ဟာ ... ဟုတ်လား ချက်စု၊ ပြောကွာ ... စောစောစီးစီး တို့အနေနဲ့သိထားရင် အရေးအကြောင်း ရှိလာလို့က ကူညီနိုင်တယ်နော်၊ တို့သိမထားလို့ကတော့ သဗ္ဗေသတ္တာ ကမ္မသကာပဲကွနော် ... ချက်စု''

''ဟုတ်တယ် ... ချက်စု၊ ကျောင်းဆရာကိုလှအောင် ပြောတာ ငါ အပြည့်အဝထောက်ခံတယ်၊ မင်း ပွင့်ပွင့် လင်းလင်းပြောရင် ကောင်းမယ်နော်''





အားလုံးက ဝိုင်းကျပ်ပေးနေကြသဖြင့် ချက်စုခမျာ ဘယ်လို မလူးသာမလွန့်သာဖြစ်ရသည်။

မပြောလို့ကလည်း မဖြစ်။

ပြောပြန်လျှင်လည်း ရယ်စရာဖြစ်မည်က အသေအချာ။

နောက်ဆုံးတော့လည်း ခပ်ရှက်ရှက်နှင့် ပြန်ပြောင်းပြောရသည်သာ။

''ဒီလိုဗျာ ... ဒီလို... ညတုန်းက၊ ပြီးခဲ့တဲ့ညတုန်းကပေါ့''

ဟူ၍ အသံကို တိုးတိုးညင်ညင်ဆိုလိုက်လေသည့်သမယ ... ကျောင်းဆရာကိုလှအောင်၊ ဆရာရဲမြင့်နှင့် သန်းလွင် ဦးခေါင်းသုံးလုံးသည် ပူးကပ်သွားကြလေတော့သတည်း။

## ( ၆ )

## မနေ့တုန်းက ည

မနေ့တုန်းက . . . ည။

အဲသည်ညက ကျောင်းဆရာဦးလှအောင်တို့အိမ်မှာ ချက်ရှ ည (၁၀)နာရီလောက်ထိ နေခဲ့သည်။

ဆရာကတော်သောင်းသောင်းက ခြံထွက်ဘူးသီးနုနုကလေး တစ်လုံးကိုရှာကာ ဘူးသီးကြော် ကြော်ကျွေးခဲ့သည်။ ဘူးသီးကြော်က ရွှေကြည်နှင့်ဆော်ဒါကို အချိုးကျဖောက်ထည့်ထား၍ ရွရွမွမွကလေး ဖြစ်နေခဲ့သလို၊ သောင်းသောင်းကိုယ်တိုင် ခရမ်းချဉ်နှစ်၊ မန်ကျည်း နှစ်၊ ငါးငံပြာရည်၊ ဟင်းခတ်မှုန့် နံနံပင်တို့နှင့် အချိုးကျစပ်ဖျော် ပေးထားသည့် အချဉ်ရည်ကလည်း ဘူးသီးကြော်ရွရွမွမွကလေးနှင့် လိုက်ဖက်လွန်းလှသည်။

ဘူးသီးကြော်ကလေး စားလိုက်၊ ရေနွေးကြမ်းကလေး သောက်လိုက်၊ ဆရာဦးလှအောင်၏ မယ်ဒလင်ဆိုတီးသံလေးကို





းဆင်လိုက်နှင့် အတော်ကလေးကို ဟန်ကျနေခဲ့လေရာ အချိန် ဘွ ကုန်မှန်းမသိ ကုန်သွားခဲ့ချေ၏။

သည်တော့လည်း မဖြစ်မနေ အိမ်ပြန်ရချေတော့မည်။

အဘိုးဦးသာဒင်က လူတကာနှင့်သိပ်ပြီးဒွေးရောယှက်တင် နေတတ်။ စကားပြောလျှင် သူ့ဘက်ကမှန်သည်ဆိုပါက ခပ်တင်း င်း။ ရွာမှာကလည်း သက်ကြီးပိုင်းစာရင်းဝင်နေပြီဆိုလေတော့ သက်ကိုထောက်ထားပြီး ဘယ်သူဘယ်ဝါကမှ အတိုက်အခံ ုပ်ခဲ့ကြ။ မိမိတို့ပြောမိလေသောစကားကိုသာ လျှော့ချပြီး သာရှောင်ထွက်သွားခဲ့ကြသည်။

စကားကိုလည်းကတ်သတ်ပြီးပြောရာတွင်လည်း ထိပ်ဆုံး ်းက။

တစ်ခါက ဘိုးသာဒင်အိမ်သို့ ကျောင်းဆရာကိုလှအောင်နှင့် ူ လောကဓာတ်ဆရာကလေးတစ်ဦး ပါလာသည်။ ညေ့သည် သည်ဆိုတော့လည်း ညေ့ဝတ်ပြုရသည်မှာ ရွာ၏ထုံး င်။

သည်လောကဓာတ်ဆရာလေးက ကျန်းမာရေးကို အထူး ည် လေ့လာလိုက်စားပုံရသည်။

ကနဦးတော့ လောကဓာတ်ဆရာလေးနှင့် ဘိုးသာဒင်တို့ းအပေးအယူ တည့်ခဲ့ကြသည်။ နောက်တော့ ဘယ်ကဘယ်လို သသည်မသိ၊ ဘိုးသာဒင်က စကားပြောနေရင်းက အကျင့်ဝသီ င်း အပါးရှိ ထွေးခံခွက်တွင်းသို့ မကြာခဏဆိုသလို တံတွေးကို ဲ့ပျစ်ခနဲ ထွေးထည့်သည်။

ဒါကို စကားအရှိန်ပျက်၍ပေပဲလား။ ဒါမှမဟုတ် ကျန်းမာရေး အသိပညာပေးချင်စိတ် လွန်ကဲပေ၍လား မဆိုသာ။ တွေးခံ ခွက်ကို လက်ညှိုးညွှန်၍ လောကဓာတ်ဆရာလေးက စကားစလာသည်။

"တံတွေးဆိုတာ သိပ်အဖိုးတန်တယ် ဘကြီးရဲ့ . . ဘာဖြစ်လို့ ခဏခဏထွေးရတာလဲ"

"အကျင့်ပါလို့ထွေးရတာပါမောင်၊ နေစမ်းပါဦး . . တံတွေးက ဘယ်လိုအဖိုးတန်လို့လဲ၊ ကျုပ်က လုံးဝဆိုလုံးဝ မသိလို့ပါ၊ ဗဟုသုတအဖြစ် ပြောပြစမ်းပါဦး"

"အဖိုးတန်းဆို တံတွေးဟာ အစာမကြေဖြစ်မှုကို ကာကွယ်တယ်၊ အစာကို အလွယ်တကူချေဖျက်နိုင်စွမ်း ရှိတယ်တဲ့ ဘကြီးရဲ့"

"ဟေ . . . ဟုတ်လား။ ဒါဆိုရင် မောင်ရင့်အပြန်ကို ကျုပ်ထွေးထားတဲ့တံတွေးတွေ ပုလင်းလွတ်ထဲထည့်ပြီး ပေးလိုက်မှပဲ၊ တကယ်လို့များ မောင်ရင့်မှာ အစာမကြေတဲ့ အခါတွေနဲ့ကြုံကြိုက်ရင် ကျုပ်လက်ဆောင်ပေးလိုက်တဲ့ တံတွေးပုလင်းက ကျုပ်ရဲ့တံတွေးတွေကိုမျိုချပေါ့၊ အဲ . . . နောက်လဲ မောင်ရင်အလိုရှိရင် ကျုပ်ရဲ့တံတွေးတွေ စုထားပေးဦးမှာပါ"

"ဟာဗျာ . . . "

ဘိုးသာဒင်၏ ကတ်သီးကတ်ဖဲ့နိုင်လှသောစကားကြောင့် လောကဓာတ်ဆရာလေးခမျာ မျက်နှာဘယ်လိုမျိုးထားရမှန်းမ





နှင့် ကျောင်းဆရာကိုလှအောင်၏လက်ကိုကုတ်လျက် အိမ်ဆင်းပြေးရဖူးသည်။

"ဒါပဲနော် . . . ချက်စုတို့ ကိုယ့်မြေးဆိုပြီး ငါက သွားမယ်မထင်နဲ့၊ မင်းတို့ ဘယ်အရွယ်ကြီးပဲရောက်နေ ရောက်နေ ငါ့စိတ်ထဲ အချိုးမပြေဘူးဆိုရင် ထားဝယ်ကြိမ် ဝပ်ပင်လိမ်နဲ့ ကျောပြင်ကို ဖျောတင်လိုက်မှာနော်"

အမှန်တကယ်လည်း ချက်စုတို့မောင်နှမညီအစ်ကိုဘွ ဒင်၏ကြိမ်လုံးစာကို ဆားမပါ၊ ဟင်းချိုမှုန့်မခတ်ဘဲ မြည်းစမ်း သည်။ ဘိုးသာဒင်က ချက်စုကို ညဉ့်နက်အောင်အိမ်လည်သည့် ကို မကြိုက်။ ညဉ့်နက်၍ ကိုယ်က ပြန်အလာ၊ သူက လျှင် ကြိမ်လုံးနှင့်မဟာမိတ်ဖွဲ့ရဖို့က ရာနှုန်းပြည့်ကျိန်းသေ သည်တော့ ညဉ့်နက်၍ အိမ်ထဲဝင်မည်ဆိုလျှင် ဘိုးသာဒင်၏ အကဲကို ကြိုတင်လေ့လာရသည်။ ဘိုးသာဒင်၏ဟောက်သံ ကိုကြားရပါမှ အိမ်ထဲသို့ ခြေဖော့၍ဝင်လာရဲသည်။

ခုလည်း ည (၁၀)နာရီထိုးပြီဆိုတော့ ပြန်ဖို့ရာသင့်ပေပြီ။

"ဆရာကိုလှအောင်ရေ . . . ပြန်တော့မယ်ဗျာ၊ သာင်းသောင်းရေ . . . ကျွန်တော့်ကို ခွင့်ပြုဦး"

"အေးကွာ . . . ပြန်တော့ ပြန်တော့၊ ငါလိုက်မပို့ ဘာ့ဘူးနော်၊ ပြန်လို့ဖြစ်တယ်မဟုတ်လား။ လဆန်းရက် အလင်းရောင်ရှိပါတယ်"

"ဒီလမ်းနဲ့ဒီလမ်း ဘာမပြန်ရဲစရာရှိလဲဗျာ၊ ကဲ . . ခံဦးမယ်ဆရာတို့ရေ"

"အေး . . . အေး . . ."

ဆရာကိုလှအောင်တို့လင်မယားကို နှုတ်ဆက်ပြီး ချက်စု ထွက်လာခဲ့သည်။ ကောင်းကင်မှာတော့ တန်ခူး၏ဆန်းစလကလေး က ခပ်ကွေးကွေးကလေး။

သည်အလင်းကပင် ချက်စုပြန်မည့်လမ်းကို ပြပေးနေ သည်နှင့်မခြား။

နွေညဉ့်၏လေပြည်က တစ်ချက်ဝေ့သည်။

နေအပူကို ဖြတ်သန်းလာခဲ့သည်မဟုတ်သောကြောင့် အေးအေးမြမြတော့အရှိသား။

လမ်းထိပ်ရောက်တော့ ဈေးလမ်းဘက်သို့ဖြတ်ချိုးလိုက် သည်။ အိမ်တချို့ကတော့ မီးမှိတ်သူမှိတ်ကြပြီ။ ပုတီးစိပ်သူစိပ် ကြပြီ။

တချို့အိမ်တွေက ကိုရီးယားဇာတ်လမ်းတွဲကို ကြည့်နေ ကြသည်။

"ဟော့ကောင် . . . ချက်စုကြီး၊ ပြန်လာပြီလားကွ"

စက်ဘီးစီးလျက်နှုတ်ဆက်သူကို ကြည့်လိုက်တော့ စကော ကြီးဈေး၌ လူမွဲတွေလည်းမနေးခေတ်မီ သူဌေးဖြစ်ကော့မည် ဆောင်ပုဒ်ကိုဆွဲကိုင်ကာ အောင်ဘာလေထီများကို ရောင်းချ လျက်ရှိသည့် ကိုမျိုးမြင့် ဖြစ်နေသည်။

"ဟုတ်တယ် . . . ကိုမျိုးမြင့်ရေ၊ ပြန်ပြီဗျို့"

"အေး . . . အေး"





ကိုမျိုးမြင့်ကိုနှုတ်ဆက်ပြီးလျှောက်လာတော့ မကြာခင် စကောကြီးဈေးရုံအပါးသို့ ရောက်ရှိလာခဲ့သည်။ ဤတွင် ားချင်လာသဖြင့် ဈေးထောင့်ရှိ အမှောင်ထုတစ်နေရာ၌ လိုက်သည်။ ဤ၌ ရိပ်ခနဲဆိုသလို လူရိပ်နှစ်ခုကို တွေ့လိုက် ည်။ ဘယ်သူတွေများပါလိမ့်။

အမှောင်ထုက ကဲနေသည်မို့ သူသူငါငါ မကွဲပြား။

ဒါပေမယ့် မှောင်မိုက်မိုက် ချောင်ကြိုက်ကြသည့် ဒအတွဲ ွဲဖြစ်တာတော့ သေချာသည်။

"တောက် . . . ကော်တာပဲဟေ့၊ သည်ညတော့ ဒီယိုကားတစ်ကားတော့ ကြည့်ခွင့်ကြုံတော့မယ် ဟီဟိ"

ချက်စုရင်ထဲမတော့ အတိုင်းမသိ ဝမ်းသာသွားရသည်။

ချက်စုက အတွဲချောင်းသည့်နေရာမှာတော့ ထိပ်ဆုံးရှေ့က တက်ဖြစ်၏။ သည်အတွဲက ဈေးရုံအတွင်း ဝင်သွား၏။ ဈေးရုံက လေဟာပြင်သဘောမျိုးဖြစ်သည်။ ဈေးခုံတန်းတွေ ည်။ အမြင့်က ခါးသာသာ။ ဈေးရောင်းသူက ဈေးခုံပေါ်မှာ သည်။ ဈေးသိမ်းပြီဆိုလျှင် ဈေးခုံအောက်အတွင်းသို့ တောင်း လုံးများ၊ ခြင်းများ၊ စဉ်းတီတုံးများကို ထားသွားကြသည်။

ဈေးခုံအောက်သည် လူတစ်ကိုယ်စာဝင်အနေအထား။

သည်တော့ ကိုယ့်လက်ရှိဘဝ ဘယ်ရောက်နေနေ မမှုတော့ပြီ။ ဝါသနာ၏စေ့ဆော်မှုဖြင့် စုံတွဲတက်သွားရာ ၏အောက်သို့ အသာကလေး လေးဘက်ထောက် တွားသွား သည်။ သူဝတ်ထားခဲ့သည့် အဝတ်အစားတွေက အဖြူရောင်

တစ်ခုမှမပါလေတော့ တိုင်းရက်သည့်ပက္ကလာ၊ မိုးရွာသည်နှ
အဆင်သင့်ပါပဲကလား။

"ဟွန့် ... သူ သိပ်မကဲနဲ့နော်၊ သည်က သူ့ကို သနားလို့လိုက်လာတာ"

"သိပါတယ် အနှင်းရယ်၊ ကိုညွန့်တင်ကလဲ အနှင်းကို တကယ့်မေတ္တာစစ်မေတ္တာမှန်နဲ့ချစ်လို့ပါ၊ သည်နှစ် ဝါမဆိုခင် စာရင်းဒိုင်ဆီက ကြိုတင်ငွေထုတ်ပြီး အနှင်းလေးကို လက်ထပ်ယူမှာပါ၊ ဟုတ်ပလား"

"အို... ခစ် ခစ် ခစ် ... ကြည့်ပါလားလို့"

လက်စသတ်တော့ သည်အတွဲသည် စကောကြီးရွာအ
က လယ်စာရင်းငှား ကိုညွန့်တင်နှင့် တစ်ခုလပ်မကလေး မိနှင်း
ဖြစ်နေပါကလား။ မည်သို့ဖြစ်စေ ... လူတွေကို မျက်ဝါးထင်
မတွေ့မမြင်ရသည့်တိုင် နားအရသာတော့ ကောင်းကောင်း
ခံနိုင်မှာ သေချာသည်။

သည်အချိန်မှာတော့ ချက်ရှူအဖို့ အိမ်အပြန်ညည့်နက်
လည်း မပူတော့။ အိမ်ပြန်ရောက်လျှင်ဖြင့် မတော်တဆ နိုးကော
နိုးလာမည့် အဘိုးသာဒင်၏ ထားဝယ်ကြိမ်နှစ်ပင်လိမ်ဒဏ်ကိုလ
မမှုတော့၊ ဒါတွေသည် ဒိန်းတလိန်းနတ်ကြောင့် သူ့အလိုလိုမေ့
လာသည့် သတ္တိတွေပဲဖြစ်ချိမ့်မည်။

သို့ရာတွင် သည်သမယ၌ အသံမထွက်ဘဲ ကျိန်ဆဲ
သည့်အရာများက ချက်ရှူ၏ဝန်းကျင်၌ရှိနေ၏။ ထိုအရာများ
အခြားမဟုတ်။ ဈေးကြီးထဲ၌ လစာရိက္ခာတော် တစ်ပြားတစ်ချ





ဘဲ 'နိုက်ဂျူတီ'ကို အပြည့်အဝထမ်းဆောင်နေသည့် မြေကြွက်
များနှင့် တစီစီမြည်နေသော ခြင်များပဲဖြစ်လေသည်။

"တောက်... ရောမကြွက်ကြီးတွေကွာ၊ ဈေးထဲက အပုပ်အစပ်တွေကို မဆန့်မပြဲစားသောက်နေတဲ့ကောင်တွေ၊ ဖမ်းသတ်ပြီး ခပ်ကြွပ်ကြွပ်ကလေးကြော်လို့ ဆယ်အိမ်ခေါင်း ဦးငြိမ်းသူကို သွားရောင်းလိုက်ရင် ဝယ်တုတ်လိုက်မယ့်ဖြစ်ခြင်း၊ အင်း ... ပြီးတော့ ခြင်တွေဆိုတာကလဲ ပျိုးကြဲသလားအောက်မေ့ရတယ်၊ အဆုပ်လိုက်,အဆုပ်လိုက်နဲ့၊ ကိုယ်ပေါ်ကို ဖွားခနဲ, ဖွားခနဲပဲ"

မြေကြွက်တွေက ဘယ်သူ့ကိုမှ ကြောက်ရလန့်ရကောင်း
မသိသည့်အလား ချက်ရှူကို ပစ်တိုက်သွားကြသည်။

ဆောင့်ကြောင့်ထိုင်ရသည်မှာလည်း ကြာတော့ ညောင်း
၏။ သည်ကရိယာပုတ်ဖြင့် ကြာရှည်မနေနိုင်။

"အပေါ်မှာလဲ ပွဲက စနေပြီ... သည်တော့ ဗိမ်နဲ့ မျက်စိထဲ ကိုယ့်ဘာသာကိုယ်တွေးပြီး နားအရသာခံဖို့ရာ ပက်လက်ကလေးလှဲနေလိုက်ရင် ကောင်းလိမ့်မယ်ထင်တယ်"

သည်လိုမျိုးအတွေးစိတ်ကူးဖြင့် ချက်ရှူသည် ဆောင့်ကြောင့်
နေရာမှ အသာကလေးအသံမထွက်အောင် တစ်ပတ်လည်
ချလိုက်သည်။ သဘောကတော့ ပက်လက်ကလေးလှဲချသည်
အပေါ်မှာတော့ အသံတွေက ချိုးချိုးချွတ်ချွတ်။ ဈေးခုံကို
ထားသည့်သံချက်တွေက ချောင်နေလို့တော့ မဟုတ်တန်ရာ။

"အား . . . ငါ့ခေါင်းအောက်က ပျော့စိပျော့စိနဲ့ ဘာကြီးပါလိမ့်"

ဦးခေါင်းချလိုက်သည့်နေရာသည် ရွှံ့စေးတုံးပေါ် ချမိသလို မျိုး အိကျသွားသည့်ပုံ။

"ဟ . . . ဘာတွေပါလိမ့်"

ကိုယ့်ဖာသာကိုယ် အသံတိတ်ရေရွတ်ရင်း ဦးခေါင်း နောက်စေ့ ဆံပင်တွေအကြား ကပ်စေးကပ်စေးဖြစ်နေသည်တို့ကို ပွတ်သပ်ကြည့်လိုက်ပြီး နှာဝနားတေ့ကြည့်လိုက်သည်။

"အာ . . . ဝေါ့ . . . ခွေးချေးတွေ"

အတော်ပင် အကုသိုလ်များလှချေတကား။

ဦးခေါင်းတည့်တည့်ချလိုက်မိသည်က မိမဆုံးမ ဖမဆုံးမ ခွေးလေခွေးလွင့်များ ညစ်၍စွန့်သွားသော ခွေးချေးပုံကြီးဖြစ်၍ နေသည်။ ခွေးကလည်း မနုဿမစင်တွေ ဘယ်ကလောက်တောင် မြိန်ရှည်ယှက်ရှည် အပင်းဆို့ထားလေသည် မသိ။ အပုပ်တကာ့ ထိပ်ခေါင်၊ နံဟောင်သမျှထွတ်ကင်း ဖြစ်၍နေချေ၏။ သည်လိုမျိုး ခွေးချေးပုံကို ခေါင်းထိုး၍နားအရသာခံရမှာ ဘယ်လိုမှအာရုံ မရှိတော့။ အမြန်ပြန်ထွက်ပြီး တစ်နေရာရာမှာ ရေစင်စင်ဆေးမှ ဖြစ်ပေရော့မည်။

ထိုစဉ်မှာပင် မျက်နှာကြက်တစ်ခြမ်းလဲ ဈေးခုံပေါ်မှ ကူတ္တိယ အသံက ထွက်ပေါ်လာသည်။

"ကိုကိုညွန့်ရယ် . . . ခွေးချေးစော်နံလိုက်တာနော်"





"လေသင့်လို့နံတာပါ အနှင်းရယ်၊ လေငြိမ်တော့ အနံ့ပျောက်သွားမှာပါ"

"ဒါပဲနော် . . . သူ့လိုဘာတွေပြည့်ဝသွားပြီဆိုပြီးတော့ အနှင်းကို ပစ်မသွားနဲ့နော်၊ ပစ်သွားလို့ကတော့ အမျိုးသမီး ရေးရာကို တိုင်လိုက်မှာ၊ သိလား . . . "

"မတိုင်လိုက်ပါနဲ့ အနှင်းရယ်၊ ကိုကိုညွန့်တင်အဖို့က တော့ အနှင်းလေးဟာ ပူတူးတူးလေးယိုစုံပါကွယ်"

"ဘာလဲ . . . ပူတူးတူးလေးယိုစုံဆိုတာ"

"အနှင်း မသိဘူးလား"

"မသိပေါင်"

"မသိရင် မှတ်ထား။ 'စားပြီးရင်းစားချင်'တဲ့"

"အို . . . သူတော်တော်စကားတတ်၊ ဒါပဲနော် ည်က သူ့ကိုယုံလို့ယုံလိုက်တာ၊ အညာလွယ်တယ်ထင်ပြီး ်သွားလို့ကတော့ . . . "

"တော် . . . တော်ပါကွယ်၊ ကိုညွန့်တင်ဟာ အနှင်းနဲ့ ချမှ အမဲသားစားဖူးသူပါ"

"ကိုင်း . . . ထားပါ၊ ဒါက ဘယ်ကိုတုန်း။ သူများ ်ထားခဲ့ပြီး လစ်ပြေးလို့ကတော့ တစ်ရွာလုံးကြားအောင် ာ်ပစ်လိုက်မှာ"

"မပြေးပါဘူးကွာ . . . ဆီးအောင့်လာလို့ ဝိတ် သွားမလို့"

"ဒါဆိုလဲ ဘယ်ကိုမှမသွားနဲ့တော့၊ ဟောဒီဈေးခုံ အောက်ကိုပဲ ပန်းထုတ်လိုက်၊ ဘယ်သူသိတာမှတ်လို့"

"အေး . . . ဟုတ်သဟ"

ခုမှ ချက်စူအဖို့ ခွကျလေပြီ။

ပြေးကာလည်းပြေးချင်ပြီ။

ပြေးလို့ကလည်း လူမိသွားမည်။

သည်တော့ . . . ဘာလုပ်ရမည်နည်း။

'ကိုယ်ပြုသည့်ကံ၊ ကိုယ့်၏ထံ၊ ပဲ့တင်ပြန်လာမည်' ဆို သည့်ထုံးကို နှလုံးမူလျက် 'လုပ်လိုက်ဟ' ဟု သဘောပိုက်ကာ တဘောကလေးနိုတ်၍ 'တိတ်တိတ်ကလေးနေ' လိုက်ရတော့သည်။

"ဗျန်း . . . ဗျန်း . . . ဗျန်း . . . ဗျန်း"

မျက်နှာတစ်ခုလုံး ပူခနဲဖြစ်သွား၏။

ပါးစပ်ထဲမဝင်အောင်၊ မျက်စိထဲမဝင်အောင်၊ ပါးစပ်ကို တင်းတင်းပိတ်လျက် မျက်စိကိုအတင်းကာရောဖွတ်မှိတ်ထား လိုက်ရသည်။

သေးကလည်း တဇောဇာတ်တွေ ဘယ်ကလောက် တောင် များလေသည်မသိ။ တော်တော်ကလေးကို ပူသည်။

"တောက် . . . ဆီးအိမ်မှာ ဆီးကျောက်တည်ပြီး ဆီးရောဂါနဲ့ စကောကြီးသချိုင်းရောက်ပါစေဗျာ"

စိတ်ထဲမှာတော့ ကြိတ်မနိုင်ခဲမရနှင့် ကျိန်စာတိုက်နေ တော့သည်။ သကောင့်သား၏သေးရည်တွေက တော်တော်လေ ပူသလို ထုတ်လွှတ်အားကလည်း မီးသတ်ပိုက်နှင့် နင်လားငါလား





တော့ . . . သေးကြောကလည်း ရှည်လှပါဘိ။ အောင်မာ ဒါနီး တစ်စက်တစ်စက်နှင့်ပင် ခါထုတ်လိုက်သေး။

"ကိုင်း . . . ကိုကိုညွန့်ရေ ပြန်ကြစို့နော်"

"အနှင်းသဘောပါပဲ၊ ကိုညွန့်တင်တော့ အနှင်းကို ခွဲသွားပြီ"

"တော်ပါ၊ ဒါပဲနော် . . . အနှင်းကိုတောင်းရမ်းတဲ့ နေ့ကျရင် ဗီရိုတစ်လုံး ကောင်းကောင်းဝယ်ပေးရမယ်"

"စိတ်ချပါ အနှင်းရဲ့"

အပေါ်ဈေးခုံက နှစ်ဦး၏တွတ်ထိုးသံကြောင့် ဈေးပေ းစို ဒုက္ခခံနေရသော ချက်စူအဖို့ . . .

"အေး . . . မိနှင်းရေ၊ နင်တို့မင်္ဂလာဆောင်တဲ့နေ့ ကျရင် နင့်လင်ညွန့်တင်က ဗီရိုဝယ်ပေးမယ် ဟုတ်လား၊ အေး . . . ငါကလဲ ခြောက်ပေနှစ်ပေ အခေါင်းတစ်လုံး လက်ဖွဲ့ပို့ပေးလိုက်မယ်"

ဟူ၍စိတ်ထဲမှ မေတ္တာပို့နေမိတော့သည်။

မကြာခင်မှာပင် ဈေးခုံပေါ်မှ ဒွိယံအတွဲသည် လက်ချင်း တ်၍ ကြော့ကြော့မော့မော့ ထွက်သွားကြသည်။

ထိုအခါကျမှ ချက်စူလည်း ချေးအလူးလူး၊ သေးအလူးလူး ဈေးခုံအောက်မှ လေးဘက်ထောက်ထွက်လာရတော့သည်။

"သည်ပုံစံနဲ့ အိမ်ကိုတန်းပြန်လို့မဖြစ်ဘူး . . . လမ်း မှာ မတော်တဆ တစ်ယောက်ယောက်နဲ့တွေ့သွားရင်လဲ မဟာအရှက်တော်က အကွဲကြီးကွဲဦးမယ်၊ သည်တော့

မြစ်ထဲဆင်းပြီး တစ်ကိုယ်လုံး ခေါင်းနှစ်ဆေးလိုက်တာ၊ ရေချိုးလိုက်တာက ကောင်းလိမ့်မယ်။

မသကာ ရေစိုရွှဲပြီးပြန်လာတာ လမ်းကလူတွေမြင်ရင် ကျောင်းဆရာကိုလှအောင်နဲ့ သောင်းသောင်းတို့လင်မယား က သကြိန်အကြိုရေလောင်းလိုက်တာလို့ လံကြုတ်ဇာတ် ခင်းရတော့မယ်''

သို့ဖြင့် ... ချက်စုလည်း အမှောင်ရိပ်ကိုအားကိုးလျက် တာရိုးတစ်ဖက်ကိုကျော်ကာ ဧရာဝတီမြစ်အတွင်းသို့ ဒိုင်ပင်ပစ် ဆင်းလေသည်။

ဤသို့ ကံဆိုးချင်တော့ ၎င်းကိုစောင့်ကြည့်နေသူတစ်ဦး ရှိနေသည်ကို သံတိထားမိပုံမပေါ်။ ထိုသူကား 'မောင့်မမလှကေ မော်တော်ပိုင်ရှင် သန်းလွင်ပင်တည်း။

''ဝါး ဟား ဟား ဟား ဟား''

ချက်စု၏ 'မနေ့တုန်းက ည' ဖြော့ချက်ကြောင့် နာ ထောင်မိကြသူ သုံးယောက်သားမှာ မပြုံးဘဲနှင့်ဝါးလုံးကွဲ ရယ်မော လိုက်သံသည် စန်းရှိန်နှင့်ဒေါ်တင်တို့သားအမိ၏ ငြိမ်းချမ်းလက်ဖက် ရည်ဆိုင်တစ်ဆိုင်လုံးအား လွှမ်းခြုံသွားခဲ့လေတကား။



( ၅ )

# တောက်မည့်မီးခဲ

ဘာပဲပြောပြော ချက်စူတို့စကောကြီးရွာသည် ညေ့်သည်
အပေါ် လွန်စွာမှ ညေ့်ဝတ်စောင်ဝတ် ကျေလှပါဘိတောင်း။

တစ်နယ်တစ်ကျေးသို့ရောက်နေသော ရပ်ဆွေရပ်မျိုးတွေ
ကိုယ့်ဇာတိရပ်ရွာ စကောကြီးသို့ အလည်အပတ်ပြန်လည်ရောက်ရှိ
ပါက စားအိမ်သောက်အိမ်တွေက မရှား။ တစ်နေ့တည်း ထမင်း
ဖိတ်ကျွေးသူ လေး,ငါးဦးမကရှိနေ၍ ပြေလည်အောင်ပြန်ညှိရသည်
က အလုပ်တစ်ခုနှယ်ပင်။

ရွာမှာ ဘုရားပွဲလုပ်၍ ဇာတ်အဖွဲ့လာမည်လား။

ထိုဇာတ်အဖွဲ့အဖို့ အခြားအခြားသော နယ်မြေရပ်ရွာတွေ
မှာတော့ မသိ။ ကိုယ့်ရပ်ကိုယ့်ရွာ စကောကြီးမှာတော့ဖြင့် တကူ
ဘက ချက်ပြုတ်ပြီး ဇာတ်ထမင်းဇာတ်ဟင်းကို ဝေပုံကျ ခွဲတမ်း
ကျွေးနေစရာမလိုပင်။ ဇာတ်ဆရာ ဇာတ်မင်းသားအစ၊ ဇာတ်မင်း





ဆိုင်းအဖွဲ့အလယ်၊ ယိမ်းသမနှင့်အောက်လက်ငယ်သား
သွဲ့သမားအဆုံး တစ်အိမ်တစ်ယောက်ကျ ခွဲဝေယူလျက်
ကျွေးဟင်းရံ သုံးလေးမျိုးမက အလျှံပယ်ကျွေးမွေးတတ်ကြ
သော။

ပြီးတော့ ကိုယ့်ရပ်ကိုယ့်ရွာသို့ တစ်နယ်တစ်ကျေးမှနေ၍
ထွက်ကုန်တွေကို ရက်အတန်ကြာသည်အထိ လာရောက်
းချပါကလည်း တည်းဖို့ခိုဖို့အဆင်သင့်။ အမျိုးသားကုန်းသည်
အတွက် ဘုန်းတော်ကြီးကျောင်းတွေက အဆင်သင့်။ တောင်
င်း၊ မြောက်ကျောင်း၊ အရှေ့ကျောင်း၊ အနောက်ကျောင်း၊
ယ်ကျောင်း၊ ရွာပြင်ကျောင်း စသည်ဖြင့် ဘုန်းတော်ကြီး
င်းတွေက အများသား။ ကြိုက်ရာကျောင်းမှာ တည်းနိုင်သည်။
သောက်ဖို့ရာအတွက်လည်း ဘာမျှမပူရ။ ဆွမ်းကွမ်းတွေက
ျှံပယ်။ အချိုတည်းစရာ၊ ကြံသကာ၊ ထန်းလျက်၊ ပိန္နဲ၊
ပျောတွေက တစ်ပုံတစ်ပင်။

အမျိုးသမီးကုန်သည်တွေအတွက်တော့ ရွာထဲက အိမ်ကြီး
ကောင်းတွေက အမြဲပင်ဖိတ်ခေါ်ကြိုဆိုကြလေရာ တည်းခို
ိုင်ဖို့ရာ ဘာမျှပူပင်စရာအကြောင်းမရှိ။ မိမိဘာသာ စိတ်
းကျ ချက်ပြုတ်စားသောက်လိုလျှင်လည်း အိုးခွက်ပန်းကန်နှင့်
င်စာထင်းတွေက အဆင်သင့်။

ခုတစ်လော ကျောင်းဆရာကိုလှအောင်တို့၊ ဆရာလေး
င့်တို့ထံ ချက်စူရောက်မလာဖြစ်။ ဘယ်ကိုများသဝေထိုးနေ
ိမ့်။

"ဟော့ကောင် . . . သန်းလွင်"

"ဗျာ . . . ဆရာလေးရဲ့မြင့်"

"တို့ကောင်ချက်စုတစ်ယောက် ပျောက်ချက်သား ကောင်းနေတယ်ကွာ၊ မြို့တက်သွားတယ်လဲ သသတင်းမကြား ပါဘူး"

"အင်း . . . ကျွန်တော်လဲ မကြားတာအမှန်ပဲ ဆရာ လေးရဲ့၊ အဲ . . . တစ်ခုတော့ရှိလေရဲ့၊ ခနဖြူနန်းတော် ကုန်းဘက်က ဆေးလိပ်ခုံပိုင်ရှင် ဒေါ်ဘုမရဲ့သမီး မိပုံနဲ့ တော့ ဘာလိုလိုကြားတာပဲ"

"မိပုံနဲ့သူနဲ့က ဘယ်လိုလဲ"

"ခနဖြူမှာ ကျောင်းတက်ရင်းက ဆုံကြတယ်လို့တော့ ကြားတာပဲ၊ ဒါပေမယ့် ကျွန်တော်တို့လူအကြောင်းကိုရော သိတယ်မဟုတ်လား။ 'ကိုယ်ကပိုးလိုက် သုတ်သွားလိုက်' 'ကိုယ်ကချိန်လိုက် လင်နောက်လိုက်' ဆိုတာမျိုးလေ၊ စုံစမ်းသိရှိရသလောက်ကတော့ သူ့ဘက်ကသာ တစ်ဖက် သတ် ဖိတ်စာရိုက်ထားတဲ့အဆင့်မျိုးလောက်သာ ရှိပါသေး တယ် ဆရာလေးရာ"

"ဟုတ်ဝေ်ာ့လဲဟုတ်တာပါပဲလေ၊ ဒီကောင်က မစွံ မယ့်သာမစွံတာ၊ မိန်းမပိုးတဲ့နေရာမှာတော့ နှစ်ယောက် မရှိ နိုးတူးပဲကွ"

အသက်အကြီးဆုံး၊ ဝါအကြီးဆုံးဖြစ်သော ကျောင်းဆ ကိုလှအောင်က ချက်စုအပေါ် ဤသို့ဤနှယ် ထောပနာပြုရာသည်





"ဒီကောင်ပိုးနေတဲ့ ခနဖြူက မိပုံဆိုတဲ့ကောင်မလေး အနေအထားက ဘယ်လိုလဲ၊ မတော်ကွာ . . . ညွှန့်တင်ကြီးလို မဟုတ်မဟပ်ဟာမလေးနဲ့ ငြိသွား မျိုး ဖြစ်မှာစိုးလို့ပါ"

"ကျွန်တော်လေ့လာကြားသိထားရသမျှတော့ . . ကယ့်အမှန်အကန်လေးပါ ကျောင်းဆရာရဲ့၊ ကောင်မ းရဲ့အစ်ကိုတစ်ဝမ်းကွဲနဲ့ ကျွန်တော်က ခင်ပါတယ်၊ ာင်မလေးရဲ့ဆေးလိပ်ခုံမှာ လိုအပ်တဲ့ဆေးရိုးစစ်တွေ၊ ာင်းဖူးဖက်ကုန်ကြမ်းတွေကိုတောင် ကျွန်တော့်ရဲ့ပွဲထောင် ့ပေးခဲ့ဖူးသေးတာပဲ၊ ဥစ္စာပစ္စည်းအခြေအနေလဲကောင်း ယ်၊ မျိုးရိုးအသိုင်းအဝိုင်းကော ကောင်းတယ်၊ မိပုံနဲ့ ဆင်ပြေသွားရင် ကျွန်တော်တို့ကောင် ချက်စုကြီး ရှင်လတ်လတ် နတ်ပြည်ရောက်တာပါပဲဗျာ"

သည်သို့သည်ပုံ ကျောင်းဆရာကိုလှအောင်၊ ဆရာလေး ပွဲထောင်ဆရာ သန်းလွင်တို့ ဆွေးနွေးတိုင်ပင်နေကြစဉ ာ်လိုက်ကျော်ချက်စုသည် အိမ်အနီးပတ်ဝန်းကျင်မှ မခွာ ကွက်ချလျက် ဗျူဟာတစ်ခုကို ခင်းကျင်းနေလေသည်။ အကြောင်းမူ . . . အဘိုး ဘိုးသာဒင်၏အိမ်၌ ညေ့်သည် ရောက်ရှိနေခြင်းကြောင့်ဖြစ်ချေ၏။

ညေ့်သည်နှစ်ဦးကား မုဒုံမှရောက်ရှိလာသော စောင် ည်သားအမိ ဖြစ်၏။ မိခင်ဖြစ်သူ၏ ခင်ပွန်းသည်မှာ ဒင်စီးပွားရေးလုပ်စဉ် မုဒုံဘက် မြေဆန့်ခဲ့တုန်းက ရင်းနှီး

ခင်မင်ခဲ့သူ ဖြစ်၏။ ထိုပုဂ္ဂိုလ်မှာ ကွယ်လွန်သွားသည့်အတွ
ကျန်ရစ်သူဇနီးသည် မုဆိုးမကြီးက အရွယ်ရောက်လာပြီဖြစ်သေ
သမီးပျိုလေးကိုအုပ်စီးလျက် မုဒုံထွက်စောင်များကို အနယ်နှ
အရပ်ရပ် လှည့်လည်ရောင်းချရင်းမှ မမျှော်လင့်ဘဲ စကော
ရွာသို့ရောက်လာမိုက် ဘိုးသာဒင်နှင့် ဆုံစည်းခဲ့ခြင်းဖြစ်လေသည်

ဆိုခဲ့သည့်အတိုင်းပါပေ။

စကောကြီးကျေးရွာသည် ညှော်အလွန်မျှော်သောရွာ ဖြ
ကား မုဒုံသူသားအမိနှစ်ဦးရောက်ရှိလာခြင်းအတွက် လှိုက်လှဲ
စွာ ကြိုဆိုခဲ့သည်။

ဘိုးသာဒင်၏အိမ်က လေးပင်သုံးခန်းတွဲ။

ကျွန်းဖြင့်ဆောက်လုပ်ထားပြီး ရေနံချေးဝအောင်သုတ်ထ
သဖြင့် တောင့်တင်းခိုင်မာလှချေ၏။ ထိုအိမ်ဝယ် နေထိုင်သည်
ဘိုးသာဒင်နှင့်ချက်စုတို့ မြေးအဘိုးနှစ်ဦးသာ။ သည်မြေးအ
နှစ်ဦး စားသောက်ရန်အတွက် ချက်စု၏အမေက အချိန်မီ
မနက်စာ ချက်ပြုတ်၍ ချိုင့်ဖြင့်လာပို့ပေးလေ့ရှိသည်။ ချက်စု
အဖေနှင့်အမေသည် နွေစပါးသာမက ကွမ်းခြံပါ ကွင်းထဲ၌စို
ထားသဖြင့် ကွင်းထဲမှာပင် တဲဆောက်ကာ စပါးခင်းနှင့် ကွမ်
ကို စောင့်ရှောက်နေကြသည်။ အဲသည်မှာ ချက်စုအောက် ည
ညီမများ ရှိကြသည်။ သားသမီးတွေထဲမှာတော့ ချက်စုသ
အကြီးဆုံး။ အမေက ချက်စုအား ၎င်း၏ဖခင် ဘိုးသာဒင်
အသက်အရွယ်အရ စောင့်ရှောက်မှုပေးရန်၊ ကူဖော်လောင်ဖ
ပေးရန်အတွက် ဘိုးအေဖြစ်သူထံ ပို့ထားခြင်းဖြစ်၏။





မုဒုံသူအမေကြီး၏အမည်မှာ ဒေါ်ကျင်ခဖြစ်ပြီး၊ ၎င်း၏
ချော အပျိုမလေးအမည်ကတော့ မိခင်မှုံ ဖြစ်ချေသည်။

မိခင်မှုံသည် အရပ်ကလေးပုပျပ်ပျပ်နှင့် အသားဖြူကာ
တန်မှ ကြည့်ပျော်ရှုပျော်ဖြစ်လှသည်မို့ ချက်စုရင်ထဲတော့
ားတစ်ဦးဝင်ရောက်ပြီး ဘင်ထုနေသည့်အလား။

သူတို့သားအမိရောက်လာကတည်းက ခြေရင်းခန်း၌နေ
ချက်စုသည် အိမ်ထဲမှအိမ်ပြင် သိပ်မထွက်တော့။ သည့်
က် ဘိုးသာဒင်ကပင် တအံ့တသြဖြစ်ရသည်။

"ကျားသားမိုးကြိုးဗျာ . . . မိုးလင်းက မိုးချုပ်၊
အိမ်ကပ်ဖို့သတိမရ၊ ကိုးကျင်းကိုးကျင်းနဲ့ ရွာရိုးကိုးပေါက်
ခြေဖွေပေါက်နေတဲ့သူက ခုတော့လဲ ခြေချုပ်မိနေသလား
အောက်မေ့ရတယ်"

"အဘိုးကလဲဗျာ . . . ကျွန်တော်က နှစ်နှစ်ဆက်
ိုက် ကျပြီးတဲ့နောက် ငါးနှစ်တိတိ ပြန်လှည့်မကြည့်တော့
ူးလို့ဆုံးဖြတ်ထားတဲ့ ဆယ်တန်းစာမေးပွဲကို ပြန်ဖြေမလို့
ရာလေးကိုလှအောင်ကတစ်ဆင့်ငှားထားတဲ့ 'အထူး
ုတ်စာအုပ်တွေကို ပြန်လေ့လာနေတာပါ အဘိုးရဲ့"

"ဟုတ်မှလဲလုပ်ပါ ချက်စုရာ . . . မင်းကြည့်ရတာ
ာစ်ခုခုတော့ တစ်ခုခုပဲ"

"ဟာ . . . ဒါတော့ အဘိုးက ကျွန်တော့်ကို တော်
တာ်အထင်သေးတာပဲ၊ လူရယ်လို့ဖြစ်လာရင် အသက်မွေး
မ်းကျောင်းအတွက် အထောက်အကူပြုနိုင်ဖို့ရာ အတတ်

ပညာရှိဖို့ လိုအပ်တယ်၊ အနည်းဆုံး ပညာအရည်အချင်း အနေနဲ့ (၁၀)တန်းတော့အောင်ဖို့လိုလိမ့်မယ်''

''အောင်တော့ ကောင်းတာပေါ့ကွာ၊ ငါ့အခံနေနဲ့ ဟိုး ကနဦးကတည်းက ငါလေ့လာထားတဲ့ ဗေဒင်ပညာကို သင်ပေးမယ်လုပ်တော့ ဝါသနာမပါဘူး မယုံကြည်ဘူးနဲ့၊ အဲသည်ပညာကို တကယ်တတ်ထားရင် ဘယ်တော့မှ မငတ်ဘူးကွ၊ သိလား . . .''

''လာပြန်ပြီ၊ အဘိုးဟာလေ . . . ကျွန်တော့်ကို အထင်သေးလို့ကိုမဆုံးတော့ဘူး၊ ဟိုတုန်းကတော့ အဘိုး ပြောသလို ဟုတ်ပါတယ်၊ နောက်တော့ ကျောင်းဆရာ ကိုလှအောင်ဆီကနေ မနောမယဂျာနယ်တို့ ဂမ္ဘီရမြင်ကွင်း ဂျာနယ်တို့၊ နေသိဒ္ဓိဂျာနယ်တို့၊ ဇောတိသဝေဒမဂ္ဂဇင်းတို့၊ ရောင်ပြန်မဂ္ဂဇင်းတို့၊ မနုစာရီမဂ္ဂဇင်းတို့၊ ဩကာသမဂ္ဂဇင်း တို့၊ ဂန္ဓာရီမဂ္ဂဇင်းတို့၊ လပြည့်ဝန်းမဂ္ဂဇင်းတို့ကို ဖတ်ရင်း ကနေ တကယ့်ဗေဒင်ပညာကို လေ့လာလိုက်စားဖြစ်သွား တယ်ဆိုရင် အဘိုး ယုံမလား . . .''

''အောင်မယ် . : . လာလာချည်သေးတော့ဗျာ၊ 'ငှက်ပျောသီးဖီးကြမ်း ငပေါကြီးအီးနမ်း' တော့ ဖြစ်တော့ မှာပဲ''

''ဘာလဲ . . . အဘိုးက ကျွန်တော့်ကိုမယုံလို့လား၊ မယုံရင်စမ်းကြည့်လေ၊ ကျွန်တော်တွက်ချက်ပြီး ဒိုးခနဲ ဒေါက်ခနဲ ဟောကိန်းထုတ်ပစ်လိုက်မယ်''





''အေး . . . အပြောနဲ့အလုပ်ညီပစေပေါ့ကွာ၊ ကြည့်ရ သေးတာပေါ့၊ တလွဲတချော်တွေလုပ်လာရင်တော့ နှစ်ပင် လိမ် ထားဝယ်ကြိမ်နော်၊ နှစ်ပင်လိမ်ထားဝယ်ကြိမ်''

ပြောပြောဆိုဆိုနှင့်ပင် ဘိုးသာဒင်တစ်ယောက် သူနေသော း‌ရင်းဘက်အခန်းသို့ တက်သွားသည်။ အိမ်အလယ်ခန်းမှာ ့ စကောကြီးဈေးအတွင်းသို့ မုန့်စောင်နှင့်အဝတ်အထည်များ ရောက်စပ်ဟပ်နေကြသည့် မုဆိုးမသားအမိတို့ တည်းခိုနေထိုင် ည်။ သူတို့သားအမိသည် ဈေးထဲမှဆန်နှင့်တကွ သားငါး အဝင် ဟင်းသီးဟင်းရွက်များဝယ်လာကာ ကိုယ်တိုင်မီးဖိုချောင် ဲလေသည်။ ဟင်းကျက်ပြီဆိုလျှင် စားဦးစားဖျားကို အဘိုး င်ထံပို့ပေးသဖြင့် ချက်စုလည်း ဆင်ဖြူတော်မှီပြီး ကြံစုတ် ့သို့ အဘိုးကိုမှီပြီး ဟင်းကောင်းတွေတုတ်နေရတော့၏။ သစ္စ၊ ဤစကားမှန်ပေစွတည်း။

ဘိုးသာဒင်လည်း မကြာခင်မှာပင် ခေါင်းရင်းခန်းမှဆင်း လာ၏။ လက်ထက်မှာတော့ စာရွက်တစ်ရွက်။

''ဒါ . . . ဇလွန်ဘက် ငါရောက်ခဲ့တုန်းက လူတစ် ယောက်ရဲ့ မွေးသက္ကရာဇ်ပဲကွ၊ ကိုင်း . . တွက်ကြည့်စမ်း''

ချက်စုသည် ဘိုးသာဒင်ပေးသောစာရွက်အား ယူလိုက် ။ စာရွက်ထိပ်မှာတော့ မွေးနေ့သက္ကရာဇ်အတိအကျ ရေးထား ကာယကံရှင်၏အမည်နာမ မပါချေ။ ချက်စုက ၎င်းစာရွက် ပင် အသေအချာအကျအန တွက်ချက်နေသည်ကို ဘိုးသာဒင်

သည့် ပြုံးပြုံးကြည့်နေရင်းက ရင်ထဲ၌ စကားလုံးများ ဖွင့်အ
လာလေတော့သည်။

"ဟာ ... သည်ကောင်က 'ဆန်းဗေဒင်နည်း'နဲ့ တွက်နေတာပါပဲလား။ ငါတွက်သလို တစ်နှစ်စာတောင် မဟုတ်ဘူး။ (၄)လကိန်းစိပ်ပြီး တွက်နေတာကိုး"

ချက်စူက မွေးသက္ကရာဇ်ကိုမှတ်ပြီး ပထမ(၄)တွ
သက်ရောက်မှ မသတ်မျှော်၍ တစ်ခွင်းဆုတ်ပြီးတွက်လေသည်

ဒုတိယ(၄)လ၌ အဆိုပါသက်ရောက်သည့်ဓာတ်ခွင်မှ သ
သတ်မျှော်၍ တစ်ခွင်ဆုတ်ကာ တိုင်ထူလေ၏။

တတိယ(၄)လ၌ အဆိုပါဓာတ်၏ ( ၄ )လတွင် သမသ
မျှော်ပြီး တစ်ခွင်ဆုတ်ကာ တိုင်ထူလိုက်ပြန်သည်။

သို့ဖြစ်၍ ပထမ(၄)လ၌ရသောတိုင်ကို မွေးနံနှင့်ခွင်
လိုက်၏။ ဒုတိယ(၄)လ၌ မွေးနံ၏ဓာတ်ဂြိုဟ်ဖြင့် ခွင်လွှဲကို တတ
(၄)လ၌ မွေးနံ၏မိတ်ဂြိုဟ်ဖြင့် ခွင်လွှဲပြန်၏။ ဘိုးသာဒင်က
မြေးဖြစ်သူ ချက်စူအပေါ် အံ့အားတသင့်ဖြစ်နေမိလေသည်။

"အဘိုးရဲ့လူဟာ တတိယတိုင်ကို ရောက်နေပြီ"

"ဟေ ... ဟုတ်လား။ အဲသည်ပုဂ္ဂိုလ်က တခြား မဟုတ်ဘူး။ ဇလွန်မြို့မှာ ငွေတိုးချေးစားနေတဲ့ ဒေါ်မြမြ လှိုင်ဆိုတာပဲ"

"ဒေါ်မြမြလှိုင်ပဲဖြစ်ဖြစ်၊ ဒေါ်ဝဝလှိုင်ပဲဖြစ်ဖြစ်၊ အဲသည် အမျိုးသမီးကြီးဟာ လေးလကိန်းစိပ်နဲ့ကြည့်မယ်ဆိုရင် တတိယတိုင်ကိုရောက်နေပြီ အဘိုးရဲ့၊ ဆိုတော့ ..."





မကောင်းတဲ့ဌာနမှာရှိတဲ့ သောကြာဂြိုဟ်ကို တနင်္လာဂြိုဟ်က ဆန့်ကျင်ဂြိုဟ်ဖြစ်ပြီး လာကပ်နေတယ်၊ ဒါကြောင့် သူ့အိမ် မိုးကြိုးပစ်ခံရလိမ့်မယ်"

"ဟာ ..."

ချက်စူ၏ပြတ်သားသောဟောချက်ကြောင့် ဘိုးသာဒင် မျက်လုံးပြူးမျက်ဆံပြူးဖြစ်သွားရလေ၏။

"ဟာ ... မှန်လှချည်လားကွာ၊ သူ့အိမ်မှာထောင်ထားတဲ့ တီဗွီအင်တင်နာကို မိုးကြိုးပစ်သွားလို့ တီဗွီကြီး တစ်ခုလုံးလဲ ရစရာမရှိအောင်ဖြစ်သွားရတယ်၊ တီဗွီ အင်တင်နာတိုင်လဲ ထက်ပိုင်းကိုပြတ်ကရောပဲဟေ့။

ဒါတင်ဘယ်ကဦးမှာလဲ၊ တစ်အိမ်လုံးမှာ ရှိုင်းထားတဲ့ လျှပ်စစ်အသုံးအဆောင်ပစ္စည်းတွေအားလုံးလဲ ပျက်ကရောပဲ၊ အိမ်ခေါင်မိုးတောင် မီးတွေထလောင်လို့ အရပ်ကူပါ လူပိုင်းပါ ဖြစ်သွားရတာ၊ ကံကောင်းလို့ ရပ်ကွက်က လူတွေဖေးမလို့ အမှုအခင်းမဖြစ်တာပေါ့၊ အဲသည်နေ့က စပြီး ဒေါ်မြမြလှိုင်လဲ ငွေတိုးချေးစားတဲ့အလုပ် မလုပ်တော့ဘဲ သီလရှင် ရာသက်ပန်ဝတ်သွားတယ်တဲ့ကွာ"

"ကောင်းတာပေါ့ အဘိုးရယ်၊ သာဓု သာဓု သာဓု ပါဗျာ"

"နေဦး ... သည်ဇာတာကိုလဲ တွက်ကြည့်ဦး"

ဘိုးသာဒင်က ပြောပြောဆိုဆိုနှင့် ၎င်း၏မိတ်ဆွေ ဦးဝေသာ သူ၏ဇာတာမှ မွေးနေ့သက္ကရာဇ်ကို ထုတ်ပေးပြန်လေသည်။

''တွက်ဆိုလဲတွက်ရတာပေါ့ ... အဘိုးရယ်''

ပြောပြောဆိုဆိုနှင့်ပင် ချက်စူလည်း သွက်လက်ချက်ချာစွာ တွက်ချက်ပြန်လေသည်။

''အင်း ... ဟောဒီမွေးသက္ကရာဇ်ရှင် ဦးဝေသာဆိုတဲ့ လူကတော့ ဒုတိယကိန်းစိပ်ကိုရောက်နေပြီ၊ သူက 'ဗုဒ္ဓဟူး ပြ'မှာ မိနေတယ် အဘိုးရဲ့။

အဲသည်ဗုဒ္ဓဟူးကို ဆန့်ကျင်ဖြိုဖျက် ဗုဒ္ဓဟူးက လာပြီး ကပ်နေတယ်၊ ဒါကြောင့်မို့ ... အဲသည်လိုအချိန်ပိုင်းမှာ လှည်းပျက်ကို လှည်းကောင်းပေါ်တင်ပြီး မောင်းသွားတာတို့၊ လှေပျက်ကို လှေကောင်းပေါ်တင်ပြီး လှော်သွားတာတို့၊ လူနာ (လူပျက်)ကို လူကောင်းက ထမ်းသွားတာတို့ စတဲ့ မကောင်းတဲ့နိမိတ်တွေကိုမြင်ပြီးရင် အဲသည်လူရဲ့ ကံဇာတာဟာ အသက်ကို အန္တရာယ်ပေးလောက်တဲ့အထိ ဆိုးရွားလိမ့်မယ် အဘိုး''

'ဟား ... မှန်လိုက်လေကွယ်၊ မင်းတော်တော်ကို တော်ပါကလား ချက်စူရယ် ... သာဒင်ရဲ့မြေးလို့တောင် မပြောရဘူး။

အဲသည် ဦးဝေသာဆိုတာ လူက ကဇော်သမား၊ မနက်မလင်း၊ညမလင်းသောက်ရမှ နေသာထိုင်သာရှိတာ၊ သူ့အလုပ်က ဆိုက္ကားအငှားနင်းတယ်၊ တစ်လောက ည ဘက် ဆိုက္ကားနင်းရင်း လမ်းပေါ်မှာခွေနေတဲ့ မြွေပွေးရဲ့ အမြီးဖျားပိုင်းကို မထိခလုတ်,ထိခလုတ် ပွတ်နင်းမိတယ်





တဲ့ကွာ၊ မြွေပွေးဆိုတာက သူ့ကိုသွားမထိလေနဲ့၊ ထိလို့များ ကတော့ လျှင်မြန်လှပါတယ်ဆိုတဲ့ ယင်ကောင်ကိုတောင်မှ အလွတ်ပေးတာမဟုတ်ဘူး။ သည်တော့ မြွေပွေးက ဆတ် ခနဲ လှမ်းပေါက်တာ၊ သူ့ရဲ့ခြေခုံကို သွားထိတယ်၊ တော် ပါသေးရဲ့ ... ဆေးရုံအရောက်မြန်ပေလို့၊ နို့မဟုတ်လို့ ကတော့ သူ့မိန်းမ မိမိန်းလေးတစ်ယောက် ကလေးတွေ တိုးလို့တွဲလောင်းနဲ့ မုဆိုးမဖြစ်မှာ ကျိန်းသေတယ်၊ ဘာပဲ ပြောပြောပေါ့ ... မင်းဘာသာမင်း (၁၀)တန်းဖြေချင်ဖြေ၊ မဖြေချင်မဖြေနဲ့၊ အောင်ချင်အောင်,မအောင်ချင်နေ၊ သည် ပညာနဲ့ မင်းဘဝကောင်းကောင်းကြီးကိုရပ်တည်လို့ရသွားပြီ ချက်စူ''

ဘိုးသာဒင်က မြေးဖြစ်သူချက်စူအတွက် လွန်မင်းစွာမှ ပါးတရဖြစ်သွားတော့သည်။ ဗေဒင်ပညာ၌ သူ့ထက်ပါရမီ ကဲနေသည့်အတွက်လည်း ဂုဏ်ယူမဆုံးနိုင်တော့။

ဘာပဲဖြစ်ဖြစ် ချက်စူအဖို့တော့ အဘိုးဖြစ်သူ၏ မကျေနပ် ရမှုအပေါ် စိတ်ဘဝင်ကျသွားရသည်။ သို့မဟုတ်ပါက ... စ်လော သူအပြင်မထွက်ဘဲ အိမ်တွင်းအောင်းနေမှုအပေါ်အထင် ်လွဲမှာ သေချာသည်။ သူ မုဒ်ိသူအပျိုမကလေး မိခင်မှုံအပေါ် သရိကြိုစည်နေမှုအား ရိပ်စားမိသွားကာ လူရှေ့သူရှေ့မရှောင် ဝယ်ကြိမ်နှစ်ပင်လိမ်ကို ကျွေးလိမ့်ဦးမည်မဟုတ်ပါလား။ ခုတော့ သူကြိတ်ပြီးကြိုစည်နေသမျှအတွက် အတန်အသင့်ကော့ စိတ်ချ ရပေပြီတကား။

( ၆ )

# မျှော်လင့်ကိုးနှင့်

ချက်ရှုတစ်ယောက် စာအုပ်ပုံတွေကြားဝယ် နစ်နေသည်

ပြီးတော့ စာတွေတကုတ်ကုတ်ရေးခြစ်နေသည်၊

ဘိုးသာဒင်ကတော့ ယုန်ကောင်ငုံမိလိုက်သည့်မို့ မြေး ဖြစ်သူကို အထင်တွေကြီးနေကောင်းကြီးနေလိမ့်မှာ သေချာသည်

တကယ်တော့ ဘယ်ဟုတ်ရမှာတဲ့တုန်း။

"သို့ ...

ကိုချက်ချစ်ရပါတဲ့ ခင်မှူ"

"အယ် ... ကိုချက်ဆိုတာကြီးက မကောင်းပါဘူး။ ဒါဖြင့်"

"သို့ ...

ကိုရှု ချစ်ရပါတဲ့ ခင်မှူ"





"ဟာ ကိုရှု၊ ဒါက ပိုလို့တောင်ဆိုးသေးဗျာ၊ အဖေတို့ အမေတို့ဗျာ၊ ကျွန်တော့်ကို ဘာဖြစ်လို့ နာမည်လှလှလေး တွေ မပေးခဲ့ကြပါလိမ့်။

ကျောင်းဆရာတွေ ကြည့်ပါလား၊ လှအောင် တဲ့၊ မြင့် တဲ့၊ ဘယ်ကလောက်ခန့်ညားလှပါသလဲ၊ အဲ မော်တော်ပဲ့ထောင်မောင်းတဲ့ သန်းလွင်တောင်မှ သူ့မိဘ တွေပေးခဲ့တဲ့နာမည်၊ ဘယ်ကလောက်လှသလဲ၊ အဓိပ္ပါယ် ရှိသလဲ"

သည်လိုမျိုးစောဒကတက်လျှင်ဖြင့် ပေတိပေကတ်နိုင်လှ ဘိုးသာဒင်က နားရွက်ဆွဲလိမ်ကာ ပြောချင်ပြောလိမ့်မည်။

"ဟ ... ကောင်စုတ်၊ နာမည်ဆိုတာ ပညတ်ပါကွ၊ ရမတ်မဟုတ်ပါဘူး၊ မင်းက ငယ်ငယ်ကလေးထဲက အသံပြဲကြီးနဲ့ သိပ်အငိုသံတဲ့ကောင်၊ မင်းငိုပြီဆိုရင် အရှေ့ခုနစ်အိမ်၊ အနောက်ခုနစ်အိမ်၊ ဘယ်လိုမှအိပ်လို့ ရဘူး၊ ငိုပြီးဆိုရင်လဲ ချက်တစ်ခုလုံး စူတက်လာတာပဲ။

ဒါကြောင့် ချက်ရှုရယ်လို့ 'အနွတ္တသညာ'နဲ့ ကိုက်ညီတဲ့ နာမည်ကို ငါကိုယ်တိုင် ချစ်စနိုးနဲ့ အဓိပ္ပာယ်ရှိရှိ ပေးခဲ့တာ၊ ဘယ်ကလောက်ကောင်းလိုက်တဲ့နာမည်လဲ၊ လူမှာ နာမည်ထက် လုပ်ရပ်က အရေးကြီးပါတယ်ကွာ"

ဟူ၍များ ပြောဆိုဦးလေမည်လားမသိ။

"အို ... ရှုပ်ပါတယ်၊ နာမည်ရွေးနေတာနဲ့ ရည်းစားစာက "အဆုံးမသတ်နိုင်တော့ဘူး"

သို့ဖြင့်ပင် ကိုချက်ကိုလည်း မသုံး၊ ကိုစုကိုလည်း ဖယ်ရှား ပစ်ကာ နှလုံးသည်းပွတ်၌ ဖြစ်တည်လာသော နှလုံးသားချစ်သဝဏ် လွှာမည်သည့် ရည်းစားစာကို စာစီကုံးပါလေတော့၏။

"သို့ . . .

ကိုယ်အလွန်တရာမှစွဲလမ်းရပါတဲ့ မခင်မှုံ

မင်းလေးကိုလေ မြင်မြင်ချင်း တူရှင်းနဲ့ကလော်တာ မဟုတ်ပါဘူး၊ စကျွရူပေန သံဝါသ ဆိုတဲ့ ကြားဖူးနားဝ ပါဠိစကားနဲ့အညီ မျက်စိထဲမှာ မြင်မြင်ချင်း ချစ်နေမိပြီ ဆိုတာပါပဲ။

တရားတရား ဟောပါများ၊ တရားထဲက ပါဠိရသလို စပါးစပါး ထောင်းပါများ၊ စပါးထဲက ဆန်စေ့ရ သတဲ့လေ။

ကိုယ်ကတော့ မင်းနဲ့သာဖူးစာဆုံခွင့်ရခဲ့ရင်လေ တရားကိုလဲ ဟောလိုက်မှာပဲ။

ပြီးတော့ . . .

စပါးလိုလဲ ထောင်းပစ်လိုက်မှာပဲ။

ကိုယ် . . . မခင်မှုံအပေါ် မြတ်နိုးတယ်ဆိုတဲ့အချစ်၊ အဲဒီအချစ်ဟာ အချစ်စစ်, အချစ်မှန်ဖြစ်တယ်ဆိုတာ သက်သေခံရဲပါတယ်၊ အချစ်စစ်အချစ်မှန်ဖြစ်ပါကြောင်း။ ထောက်ခံချက်လိုတယ်ဆိုရင် ကိုယ်တို့ရွာ စကောကြီးက ကျေးရွာ ရ-ယ-က ဥက္ကဋ္ဌဆီမှာရယ်၊ ရဲစခန်းတို့မှာ ရယ်ပါ ထောက်ခံချက်ရယူပေးပါ့မယ်။





ကိုယ့်အဖို့ မခင်မှုံအပေါ် စွဲလမ်းမိတဲ့စိတ်တွေကြောင့် တစ်နေ့ကို (၉)နာရီပေါက်ပဲအိပ်ပျော်သလို၊ မင်းကွတ် သီးနဲ့ သကြားကိုရောစပ်ပြီးတာတောင် စားမဝင်တဲ့ အဖြစ်မျိုး ကြုံနေရပါပြီ ခင်မှုံရယ်။

ခင်မှုံသာ ကိုယ့်ဘဝထဲကို ဝင်လာခဲ့မယ်ဆိုရင်ဖြင့် ဘာမှအပူအပင်မရှိရအောင် ရေခဲတုံးကိုဖင်ခုထိုင်ခိုင်းပြီး လေအေးပေးစက်ဖွင့်ထားတဲ့အခန်းထဲမှာ ယပ်တောင် တစ်ချောင်းတောင် ပေးထားပါဦးမယ် ခင်မှုံ။

သည်တော့ . . . ကိုယ့်အချစ်ကို ခင်မှုံလက်ခံပါ လားဟင်။

မျှော်လင့်ခြင်းများစွာနဲ့

ကပ်လျက်အခန်းက

ကိုယ်

သည်စာကို သူသည် မင်ဖြင့်မရေး၊ ရင်ဖြင့်ရေးခြင်း ဖြစ်ကြောင်း၊ အချစ်နှင့်တည်ဆောက်သော ကမ္ဘာကြီးတစ်ခုလုံးအား ကြည့်ညာမောင်းခတ်ပစ်လိုက်ချင်သည်။ သည်စာကို ခင်မှုံအနေဖြင့် အမှန်းများမဆင့်ဘဲ နှလုံးသားနှင့်ဖတ်ပါက မေတ္တာရောင်ပြန် ဟပ်လိမ့်မည်ဟု သူ့ကိုယ်သူ ယုံကြည်နေမိလေတော့သည်။

"အင်း . . . အခြေအနေအခွင့်သာတဲ့အချိန် မရ, ရအောင်ပေးရမယ်"

ထိုသို့တွေးတောရင်း ,စာရွက်ကလေးကို သေသပ်သေချာစွာ
ခေါက်လျက် ထရံကြား၌ ညှပ်ထားလိုက်လေသည်။ ပြီးလေသော်
အလယ်ခန်း၌ ဈေးစာရင်းတွက်နေသောခင်မှုံကို ထရံပေါက်ကြား
ဖင်ဘူးတောင်းထောင်၍ ချောင်းကြည့်နေလေသည်။ ခင်မှုံ၏အနေ
ကား နောက်ဖေးမီးဖိုချောင်၌ ညစာအတွက် စီမံချက်ပြုတ်နေ
လေ၏။

ထိုအခိုက် ခြေသံကြား၍ ချောင်းနေရာမှလှည့်ကြည့်လိုက်
လေသောအခါ စပ်ဖြဲဖြဲဖြစ်နေသော သန်းလွင်၏မျက်နှာကို ကျက်
သရေကင်းမဲ့လေသည့်အလား မြင်တွေ့လိုက်ရလေသည်။

"ရှူး . . ."

အနေအထားတွေ တစ်မျိုးတစ်ဖုံပြောင်းလဲသွားနိုင်လေ
သည့်မို့ သန်းလွင်အား အော်ကြီးဟစ်ကျယ်မပြုလုပ်ရန် သင်္ကေတ
ဖြင့် အချက်ပြလိုက်ရသည်။ သို့မဟုတ်က ပြူးပြူးပြဲပြဲနှင့် ခွင်
လွဲချော်ကုန်မှာ သေချာသည်။

ဒါကို သန်းလွင်ကလည်း သဘောပေါက်ပုံရသည်။ သို့ဖြ
မည်သို့မျှအသံမပြုဘဲ ချက်စု လေးဘက်ဖင်ဘူးတောင်းထော
သလို အလယ်ခန်းအတွက်ကန့်ထားသော ထရံအပါး မျက်စိက
ကြည့်လိုက်သည်။ သန်းလွင်မှာလည်း ,ဘယ်ကလောက်တော
တစ်ဖက်မှဆွဲငင်အားတွေကောင်းလေသည်မသိ။ နေရာက ခေ
တော်နှင့်မခွာ။

"အ . . . "





ချက်စုက ၎င်း၏ဖင်ကြားကို ဆွဲဆိတ်လေမှ ခွာတော့သည်။
ဲ့နောက် ချက်စုက အပြင်ထွက်ရန်အချက်ပြလေမှ သန်းလွင်
ဲး လိုက်ထွက်ခဲ့လေသည်။

သို့ဖြင့် သူတို့နှစ်ဦးသား မော်တော်ဆိပ်ဘက် လမ်းလျှောက်
ခဲ့ကြသည်။

"ငါ့ကောင်ချက်စုတစ်ယောက် ပျောက်ချက်သား
ကောင်းလှကောင်းလှနဲ့ လက်စသတ်တော့ အတွင်းစည်း
ကနေ ကြိတ်ပြီးကြံစည်နေတာကိုး . . . "

"မင်းကွာ . . . ကိုယ့်အချင်းချင်းတွေ ပြောရှော့မယ်"

"ပြောစရာရှိရင်တော့ ပြောရမှာပဲ ချက်စု၊ ကျောင်း
သရာနှစ်ယောက်က မင်းမလာတာ ရက်တွေကြာလို့
ဘာဖြစ်နေသလဲ သိချင်နေကြတယ်၊ မင်းအတွက် စိတ်လဲ
နေကြတယ်၊ သွားတွေ့လိုက်ပါဦး။ ငါဖောင် ပွဲထောင်
သိမ်းပြီးတာနဲ့ တွေ့နေဆုံနေကျနေရာကို မပျက်ဘူး၊
သော်ကြာ စိတ်အနေတင်းပြီး မိတ်ဆွေစာရင်းက အဖျက်
ခံရလိမ့်မယ်နော်"

"အေးပါကွာ . . . ဆရာတို့ကို ငါခင်မင်လေးစား
ပြီးသားပါ၊ သည်ရက်တွေမှာ ငါ့ဝတ္တရားတွေ ပျက်ပြားခဲ့
တဲ့အတွက် တောင်းပန်ပါတယ်၊ သည်ညပဲ ငါသွားတွေ့
ပါ"

"ဒါဆို မင်းတို့အဖွဲ့ စိုစိုပြည်ပြည်ကလေးဖြစ်ရအောင်
ကောီလေးထောင့်တစ်လုံး ပေးလိုက်မယ်"

"ဟ ... သန်းလွင်၊ မင်း လွှတ်ပြီးသဘောကောင်း လှချေလား"

"ဒါကတော့ကွာ ... ကိုယ့်ချင်းကိုယ့်ချင်းတွေပဲဟာ၊ တန်ဆာခကလေးတွေ မြိုးမြိုးမြက်မြက်ရလာလို့ ကိုယ့်အဖွဲ့ကိုကိုယ် ဆပ်ပလိုင်းလုပ်တာပဲ"

"ကျေးဇူးကွာ"

"ဟကောင် ချက်စုရ ... မင်းတို့အလယ်ခန်းက မဒီကလေးက နိပ်လှချည်လားကွ၊ ဖြူဖြူဖွေးဖွေး လုံးလုံးကျစ်ကျစ်ကလေးနော်"

"အေးကွ ... မုဒ့်သူကလေး၊ နာမည်က မိခင်မှူ တဲ့။

အမေနဲ့သမီးနှစ်ယောက်ထဲလေ၊ မုဒ့်ကနေ စောင်တွေ၊ အဝတ်အထည်တွေ လာရောင်းတာ၊ အဘိုးနဲ့လဲသိလို့ တို့အိမ်အလယ်ခန်းမှာ တည်းခိုကြတာကွ"

"ဘယ်တော့ပြန်ကြမှာတဲ့လဲ"

"မပြောတတ်ဘူး၊ သူတို့ကုန်တွေကတော့ ကုန်သလောက်ရှိပြီ၊ ရစရာငွေတွေ အကျေအလည်ရပြီးရင်တော့ ပြန်ကြမှာပေါ့လေ"

"ဒါထက် ... မင်းအခြေအနေ ဘယ်လိုရှိသလဲ ချက်စု"

"အခြေအနေကတော့ ကြိတုန်းစည်တုန်းပဲ၊ အဘိုးသိရင်လဲ မလွယ်တော့ နိုးကြောင်နိုးဝှက်လုပ်ရှားမလို့၊





တာတော့ရေးပြီးပြီ၊ မပေးရသေးဘူး၊ ထရံကြားမှာ ညှပ်ထားတယ်"

"အေးကွာ ... ငါ့ကောင်ချက်စုကြီး အစစအရာရာ အဆင်ပြေပါစေ ... သည်လိုဆုတောင်းပေးရတာကလဲ ကိုယ်ကပိုးလိုက်၊ သုတ်သွားလိုက်၊ ကိုယ်ကချိန်လိုက် လင်နောက်လိုက်နဲ့ မင်းခမျာ ဖြစ်ဖြစ်နေလို့ပါကွာ။

ကိုင်း ... ငါ အိမ်ကိုရှေပြန်ချီးပြီး စာရင်းတွေ လုပ်ရမှာမို့ မလာတော့ဘူး၊ ဦးအောင်မြင့်နဲ့ ကိုကိုလေးတို့ရဲ့ စတိုးဆိုင်မှာ ငါ့နာမည်နဲ့ ဝီစကီထောင့်တစ်လုံး ယူသွားကွာ၊ ဟုတ်ပလား ..."

"သာဓုပါ သန်းလွင်ရာ"

"အဟီး ... ဟီး ... သည်ည ငါမလာတော့ ဘူးနော်"

"မင်းမလာတော့ ငါတို့ပိုပြီးလစ်မစ်ပြည့်တာပေါ့၊ သည့်အတွက်လဲ သာဓုပါ သန်းလွင်ရာ"

"အိုကေ၊ လစ်ပြီ ... ဟီး ... ဟီး"

သည်ကောင်သန်းလွင် ဘာတွေအူမြူးနေလေသည်မသိ။ သူကတော့ လေးထောင့်ပုလင်းကြီးကိုပိုက်၍ ကျောင်းဆရာ အောင်အိမ်ဂေဟာသို့ ယွန်းပါလေပြီကော။

# ( ၇ )

## လွတ်ကျသွားသောဒ့ဓ

သည်သုံးလေးငါးရက်အတွင်းမှာပင် သန်းလွင်တစ်ယောက်
သူ့အလုပ်တွေနှင့်သူ ဗျာများနေ၍ထင့်။

ပေါ်မလာဘဲ ပျောက်နေသည်။

ပျောက်မယ့်သာပျောက်သည်၊ စတိုးဆိုင်ပိုင်ရှင် ဦးအောင်မြ
နှင့် ကိုကိုလေးတို့ညီအစ်ကိုက ညနေခင်း ချက်ရှုဖြတ်လျှော
သွားတိုင်း သန်းလွင်က မှာသွားသည်ဟုဆိုကာ ဝိစကီလေးယော
ပုလင်းကို ထုတ်ထုတ်ပေးနေ၏။

သည့်အတွက် သဘောမနောကောင်းလှစွာသော သန်းလွ
တစ်ယောက် ကျွန်းမာချမ်းသာ၍ ဘေးဘယာတွေကွာဝေးပြီး ငှ
ပေါင်မြိုကြားမှုတွတ်များ ပျောက်ကင်းပါစေကြောင်း ဆုတောင်းပေ
နေတော့သည်။





ဆရာလေးရဲမြင့်က သူ့ကပ်နို့ရှာမှ ကြက်ယူလာပေးသည်။
ရှုက ဘဲ၊ ဆရာကိုလှအောင်က သူ့အိမ်နောက်ဘက်ကန်မှ
တား၍ ငါးပြေမတွေ ဖမ်းသည်။ သို့ဖြင့် ဤသုံးလေးရက်ဝယ်
ဝုတို့ ဆက်ရက်မင်းစည်းစိမ်အပြည့်ဖြင့် အူစိုနေခဲ့ကြသည်။
ဘွေ့နေခဲ့ကြသည်။ သူတို့အတွက် အမြည်းများကို ဆရာကတော်
ာင်းသောင်းက စားဖိုမှူးတာဝန်ယူလျက် တစ်နေ့တစ်ချိုး
ရလေအောင် ချက်ပြုတ်ပေးရှာသည်။

ပြီးနောက် အရှိန်ကလေးနှင့် ခပ်ထွေထွေလေးဖြစ်လာ
ာ ဆရာကိုလှအောင်က မယ်ဒလင်တီး၊ ဆရာလေးရဲမြင့်က
ချက်ရှုက ကသည်။ သည်လိုအပျော်တွေကြောင့် ချက်ရှု
သာဒင်၏ခြေရင်းခန်းသို့ ညည့်နက်မှလိုလိုချည်း ပြန်ရောက်သည်။
ရောက်သည်နှင့် စေ့ထားသောတံခါးကိုတွန်းဖွင့်ကာ ခြေမသယ်
လက်မသယ်ချင်တော့ဘဲ မောမောနှင့်တခေါခေါအိပ်ပျော်သွား
တော့သည်။

တရေးနိုးမှာတော့ အာခေါင်တွေခြောက်၊ ရင်တွေပူလာ
င့် ခေါင်းရင်း၌ထားသောရေအိုးကို အသာစမ်းကာ ရေတစ်ခွက်
ီးသကာလ ငွပ်ခနဲ ငွပ်ခနဲ မော့ချမိလေတော့သည်။ ထိုအချိန်၌
ဝုအား လောက၌ မည်သည့်အရာသည် အချိုမြိန်ဆုံးပါလဲဟု
မေးရှိလာပါလျှင် တရေးနိုးအချိန်၌ အလွန်ဆာလောင်သည့်
က် သောက်လိုက်ရသောရေပင်ဖြစ်ကြောင်း အဖြေပေးမိမှာ
ချာသည်။

ရေဝတ်ပြေပြီးလေသည့်နောက် ခေါင်းအုံးပေါ်ခေါင်းတင်
တစ်ဖက်သို့စောင်းမိလေသောအခါ အလယ်ခန်းမှ မီးခြစ်ခြစ်
ကြားရ၏။ မီးခြစ်က ဆီခန်းနေသည်လား။ ဒါမှမဟုတ် ဆ
တမင်ထည့်မထားလေသည်လားမသိ။ မီးတောက်ဟူ၍ထွက်မလာ

သည်တော့ အလယ်ခန်းမှပုံရိပ်တွေကို ဘာမျှမတွေ့မမြင်

မီးခြစ်ကို ဘာကြောင့်ခြစ်သနည်း။

ခြစ်လျှင်ဖြင့် မီးတောက်အလင်းရောင်ကို အလိုရှိ၍
ခြစ်ခြင်းဖြစ်လိမ့်မည်။ ခုတော့ဖြင့် မီးမတောက်သောခြစ်ခြင်း
ခြစ်လျက် အမှောင်အနေအထားမှသည် အမှောင်အနေအထ
သို့ပင် ပြန်လည်ရောက်ရှိသွားလေသည်။ အလယ်ခန်းနှင့် ခြေ
ခန်းဆိုသည်က ညဘက်အိပ်ပြီဆိုလျှင် ကြမ်းတွေက တစ်ပြေးတည
လမ်းလျှောက်သည်ကိုလည်း ကြားနိုင်သည်။

ဘိုးသာဒင်ကတော့ဖြင့် ခေါင်းရင်းဘက်ဘုရားခန်း၌ ကြ
ခုတင်ထက်ဝယ် တခေါခေါနှင့်အိပ်မော်ကျနေပေပြီ။

ပတ်ဝန်းကျင်သည် တိတ်တိတ်ဆိတ်ဆိတ်။

ခဏအကြာမတော့ ချက်စုဂေါ်နားယံတွင်းသို့ ချောင်းဟန့်
လိုလို ကြားလိုက်ရသည်။

ထိုချောင်းဟန့်သံသည် အဒေါ်ကြီးဒေါ်ကျင်ခ၏ ချော
ဟန့်သံဟုမထင်။ ပုရိသတစ်ဦးဦး၏ချောင်းဟန့်သံဟု မှတ်
နေမိ၏။ သို့သော်ငြား ... သူပဲ မှုးကြောင်မှုးကြောင်ဖြစ်နေ
နားကြားလွဲသည်မျိုးလည်း ဖြစ်နိုင်ပါသေးသည်။





တစ်ဖန် 'အဟင့်ဟင့်'ဆိုသည့် ရှုံ့ရှဲ့သံလေးကိုလည်း
းရသလိုလို။ ဒါကတော့ ခင်မှူ့အသံမှ ခင်မှူ့အသံအစစ်။

မကြာခင် လူးလိမ့်သံအချို့ မသိမသာကြားရပြန်သည်။
အချိန်ဝယ် လေးပင်သုံးခန်းအိမ်ကြီးသည် မြေလျှင်မလှုပ်ပါဘဲ
သိမ့်ခနဲလှုပ်ခါသွားသလိုလို။

"အို ... ငါ့စိတ်က ဘာတွေများကယောင်ချောက်ချား
ဖြစ်နေရတာပါလိမ့်"

တစ်ဖန် ... နေရာရွှေ့သံလိုလို ကြားရပြန်သည်။
ခဏ ချက်မူ၏ရင်အစုံသည် တဒိန်းဒိန်းခုန်၍လာတော့သည်။

"ခင်မှူ ... ခင်မှူ ... မင်းဘာဖြစ်နေတာလဲကွယ်၊
ကိုယ့်ကိုမျှော်လင့်ချက်အပြည့်နဲ့ စောင့်စားနေတဲ့သဘောမျိုး
သား၊ မင်းတို့မိန်းမတွေရဲ့စိတ်ကို ဘယ်လိုများနားလည်
ရမလဲမသိဘူးနော်၊ သီချင်းတွေထဲမှာတော့ ကြားဖူးတာပဲ၊
ဘာတဲ့ ... မိန်းမဟူသည် ဆောင်းလေပမာညီ၊
အတွင်းသဘော မတည်ကြည်၊ ပြောင်းလဲတတ်သည်'
ဆိုလား။

စာကဗျာတွေထဲမှာတော့ စိန်ကဲ၊ ရွှေကဲ၊ ဤနှစ်ကဲ
သက် မိန်းမကဲခတ် လွန်ခဲကတ်၏'တဲ့၊ တယ်လည်း
မှန်လှချည်လားကွယ်၊ ကိုယ်တော့ မိန်းမနဲ့ပတ်သက်လို့
မဖူးလဲမတွေ့၊ ဒူးလဲမတွေ့၊ 'တစ်သိကလေးတောင်မှ
မရှာသေး'လို့ တကယ့်အရိုင်းလေးပါပဲကွယ်"

စိတ်ထဲမှာတော့ ချက်ရှုသည် အတော်ကလေးကို ဖြော ဆန်နေတော့၏။ တစ်ဖက်က မီးခြစ်ခြစ်ပြခြင်းသည် သူ့အ တစ်နည်းမဟုတ်တစ်နည်းဖြင့် ဖိတ်ခေါ်လိုက်သည့်သဘောပေပဲလာ

အိပ်ရာကြမ်းပြင်ပေါ်၌ ငြိမ်သက်သွားလိုက်၊ လူးလွန့်သွ လိုက်၊ တစ်ချက်တစ်ချက် 'အိုခနဲ' 'အင့်ခနဲ'ဖြင့် ယောင်ယ ထွက်ပေါ်လာသောအသံများမှာ အိပ်မက်ကမ္ဘာတစ်နေရာမှ သူ့အ ချစ်ဖွယ်ပြောင်လော့င်နေသည့်သဘောလားဟူ၍လည်း အံ့တွေ ဝင်ရောက်လာပြန်သည်။

"ဩော် ... ခင်မှုံ ခင်မှုံ ... တကယ့်ကို ဖြူဖြူ ဖွေးဖွေး ရေဆင်းငါးလိုပါပဲလားကွယ်၊ အဲသည်ရေဆင်းဝါး ကလေးကို ဗိုက်ဖောက်၊ အူကလီစာတွေ၊ သည်းခြေတွေ ထုတ်၊ အကြေးခွံလေးတွေထိုးလို့၊ ဓားကလေးနဲ့မွှန်းပြီး ဝါးညှပ်မှာညှပ်ပြီး မီးကျီးခဲကလေးမှာကင်၊ ပြီးရင် ဒကာ တော်ရေမြေ့ရှင်သန်းလွင်ရဲ့ ဝီစကီနဲ့ပေါင်းစပ်လိုက်ရရင် (အာ) ငါ ဘာတွေလျှောက်တွေးနေပါလိမ့်"

ဆောင်းညမဟုတ်၍သာ တော်ရော့သည်။

နွေညကြီးမှာတောင် အတွေးတွေက ကယောက်ကယ ထိုစဉ်မှာပင် အသံအချို့ကြားရပြန်သည်။ အဲသည်ထဲမှာ ခင် 'အဟင့်'ဆိုတာလည်း ပါကောင်းပါသလိုလို။ ခင်မှုံ အိပ်မက် လေသလား။ ယောင်ယမ်းပြီး အာမေဋိတ်တွေ ထွက်ကျလေသလာ ဒါမှမဟုတ် မေတ္တာတံခါးကိုဖွင့်ထားကြောင်း နိမိတ်ပြလေသလာ သည်ကြားထဲ လည်ချောင်းဟန့်သံတစ်သံကိုလည်း မသိမ





းရလေရာ အမေကြီးဒေါ်ကျင်ခလော် (မရှိသေးစကား) အဘိုး ခင်၏ ချောင်းဟန့်သံလောဟု တွေးတောသံသယဝင်ရပြန်ပါ းတော့၏။

"အို ... ဒါ ဒါ ငါ့ကို ခင်မှုံ (မ)သံပေးတာသက် သက်ပဲ၊ စားရကံကြုံလို့ မုတ်ဆိတ်ကိုပျားလာစွဲတဲ့ဥစ္စာ၊ အခွင့်သာခိုက်မှာမှ ငါ့ဘက်က မလိုက်ခဲ့ဘူးဆိုရင် ငါ့ လောက်မိုက်တာ သည်ကမ္ဘာကြီးထဲမှာ ရှိပါဦးတော့မလား။ သည်တော့ သူတို့နောက်ဖေးမီးဖိုချောင်က ချက်ကို လက် အသာလေးလျှိုပြီးဖြုတ်ဝင်မယ် ... ဝင်မယ်"

သည်လိုမျိုးအထာတွေကို ချက်ရှုတို့က ကျွမ်းပြီးသား သည်။ သန်းလွင်ဆိုလျှင်လည်း သူ့အိမ်သို့ပြန်မအိပ်နိုင်လျှင် ခွန့်ကပ်လျက် အလယ်ခန်းသို့ မီးဖိုချောင်တံခါးချက်ကို လက် ာလျှို၍ ဝင်,ဝင်အိပ်နေကျ။

ခုလည်း သည်လိုနည်းဖြင့် ခင်မှုံ့ထံဝင်ရောက်ဖို့ ချက်ရှု းသည်။ ထိုစဉ်မှာပင် သူ့နားထဲသို့ ရှေ့နေကြီးဦးနက်ကျော် ကြီး)နှင့် ဥပဒေဘွဲ့ရ ကျောင်းဆရာဦးလှအောင်တို့၏စကား ကို ကြားယောင်လာသလိုရှိသည်။

"တစ်ဖက်မိန်းကလေးက သဘောတူလို့ ချိန်းတွေ့ ဘယ်ပဲထား ... မိဘမောင်ဖားတွေက မကျေနပ်ဘူး ဆိုရင် အိမ်ကျော်နင်းမှု ပုဒ်မ (၄၅၆)နဲ့ ငြိမယ်နော်၊ မိန်းကလေးက အသက်မပြည့်ဘူးဆိုရင်လဲ ပြဿနာက

ရှိဦးမယ်၊ ထောင်ဒဏ် (၃)နှစ်ကျခံနိုင်သလို ငွေဒဏ်လဲ ကျခံနိုင်တယ်နော်''တဲ့။

သည်တော့လည်း ချက်စူမျော တွန့်ခနဲဖြစ်သွားရပြန်သည်။

''အင်း ... ခင်မှူ ... ခင်မှူ၊ ငါ ခင်မှူ့အခန်းထဲ ရောက်သွားလို့ သည်လူကိုကြည်ဖြူရင် တော်ပါသေးရဲ့၊ မကြည်ဖြူလို့ကတော့ အော်ကြီးဟစ်ကျယ်ဖြစ်ရင် အမယ်လေးလေး ... အချုပ်ရောက်၊ ဂါဝ်ရောက်နဲ့ ဦးနက်ကျော်တို့ကောင်းစားဖို့ဖြစ်သွားမှာ အသေအချာပဲ''

သည်လိုတွေးမိပြန်တော့လည်း စိတ်အားတွေက ခပ်ယော်ငယ်ပင်။ သို့ဆိုလျှင် သည်လိုပုံနှင့်ပင် မိုးစင်စင်လင်းအောင် ဒုက္ခခံရတော့မည်လား။

''ဟာ ... လောကမှာ 'ကြောက်ရင်လွဲ ရဲရင်မင်းဖြစ်'တဲ့၊ ဘာပဲဖြစ်ဖြစ် ... ညအမှောင်ကြီးထဲမှာ မဟန်တော့လဲ အသာလစ်ပြေးရတာပေါ့၊ ဘယ်ကိုပြေးပြီး ဘယ်မှာပုန်းရင် လွတ်မယ်ဆိုတာ ငါသိနေပြီးသားပဲ၊ စိုင်ကော်လို့ချုံပေါ်ရောက်တော့လဲ အမြတ်ပဲပေါ့''

သည်သို့လည်း တွန်းအားတွေက ပေးလာပြန်တော့ ခြေသံကိုဖွနင်းလျက် ခင်မှူတို့အခန်း၏ အနောက်ဘက်ရေကပြင်သို့ သာသာကလေးလျှောက်သွားခဲ့ပြန်သည်။ သို့ဖြင့် အလယ်ခန်း၏ မီးဖိုချောင်တံခါးရှိရာ ရောက်လာသည်။ ထို့နောက် သူနှင့်သန်းလွင် သာသိထားသော မလွယ်ပေါက်မှ အသာကလေး လက်လျှိုဝင်ကာ တံခါးချက်ကို ဖြုတ်လိုက်သည်။





''ချောက် ... ''

''ကျွီ အီ အီ အီ''

တံခါးပတ္တာသည် ဆီထည့်ထားခြင်းကို မခံရသည်မှာ ...ဘိသည့်အလားအသံဖြင့် သက်သေသက္ကာရပြုလိုက်ဟန် ...သည်။

ထိုစဉ် အခန်းတွင်းမှ တစ်စုံတစ်ဦးထွက်လာပြီး ရေကပြင် ...းထရံ၌ကပ်လျက် တောင့်တောင့်ကြီးရပ်နေသောချက်စူအား ...ာင်းကာရော လက်ကြမ်းကြီးဖြင့် ပါးစပ်အစုံအား ပိတ်လိုက် ...ကို ခံရလေ၏။

''အု ... အု ...''

ထိုစဉ်မှာပင် ချက်စူ၏နှာဝသို့ ယမကာအနံ့က ထောင်းခနဲ ...ရှိလာလေသည်။

''အု ... အု ... ''

သည်ခဏ ယမကာရနံ့ရှင်က ချက်စူ၏နားဝသို့ ပျို့အန် ...ကောင်းလှသော ၎င်း၏ပါးစပ်ကိုကပ်ကာ လေသံကလေးနှင့် ...လိုက်လေသည်။

''ဟော့ကောင်ချက်စူ ... ငါပါကွ၊ သန်းလွင်ပါ၊ ...မင်း ဘာသံမှထွက်မလာနဲ့၊ နှစ်ယောက်စလုံး အကြီးအကျယ် ပြဿနာတက်သွားလိမ့်မယ်''

''ဟာကွာ ... ''

''နောက်မှ ဟာကွာလုပ်၊ လာ ... ခု ကိုမင်းသိမ်း ...ိုင်သွားနိုးပြီး တစ်ခွက်တစ်ဖလားချရင်း အဖြစ်စုံကို ...ပြောပြမယ်''

ချက်စုလည်း ဘုမသိဘမသိဖြင့် သန်းလွင်ဆွဲခေါ်ရာသို့ ကန့်လန့်ကန့်လန့် လိုက်ပါခဲ့ရလေသည်။ သို့နှင့် တာလမ်းမပေါ် ရောက်လာတော့၏။

"တောက် . . . ဘယ်လိုကြံစည်လိုက်တာလဲ သန်းလွင်ရာ၊ စောစောစီးစီး ငါ့ကိုပြောထားပါရော့လား။ မင်းမှာ နဂိုကတည်းက အဲသည်အကြံအစည်ရှိရင် ရှောင်ပေးပါမှာပေါ့ကွာ၊ နေပါဦး . . . ဘယ်လိုကဘယ်လို အဆင်ပြေသွားတာလဲ"

"ငါ မင်းမရှိတုန်း မင်းအခန်းက ထုံကြား ညှပ်ထားတဲ့ ရည်းစားစာကို ယူထားလိုက်တယ်ကွ၊ မင်းရေးတဲ့ စာက တကယ့်ကိုပြောင်မြောက်ထိရောက်တာပဲ၊ မင်း ဖင်ဘူးတောင်းထောင်ပြီး ခင်မှုံတို့အခန်းကို ချောင်းတဲ့နေ့ ကတည်းက ဖြောင်ထားလိုက်တာ"

"လုပ်ရက်ပါပေ့ကွာ"

"နောက်ရက်ကျတော့ ခင်မှုံက ခေုဖြူဘက်ကိုသွားမယ်ဆိုပြီး ငါ့ရဲ့ပွဲထောင်ကိုစီးသကွ၊ အဲသည်မှာ မင်းရေးတဲ့စာကိုပေးပြီး အိစီကလီလုပ်လိုက်တာ အိုကေမှာ စိုပြည်ရောဆိုပါတော့ကွာ"

"နေစမ်းပါဦး . . . ခင်မှုံအမေ ဒေါ်ကျင်ခကြီးကော မရှိဘူးလား"

"မရှိဘူးကွာ . . . အထည်ကိစ္စအတွက် မုဒုံကို သူတစ်ယောက်တည်းပြန်သွားတာ လေးငါးရက်မက ရှိနေပြီ"





"တောက် . . . သေသာသေလိုက်ပါတော့ကွာ"

ချက်စုသည် သူ့နဖူးကိုသူ အားမနာတမ်းရိုက်ထည့်လိုက် င်း မချိတင်ကဲဖြစ်နေလေသည်။ အမှန်မတော့ သူစားရမည့်အစာ သူတစ်ပါးစားသွားခဲ့ချေပြီ။ အတော်လည်သည့်သန်းလွင်ပါ ကား။ ၎င်း၏ပွဲထောင်တွင် တပ်ဆင်ထားသောပန်ကာနှင့်အပြိုင် န်းလွင် လည်လွန်းလှချေတကား။

"သြော် . . . ဒါကြောင့် မင်းသဘောကောင်းနေတာကိုး၊ ငါတို့ကတော့ မင်းရဲ့စေတနာသဒ္ဓါတရားကို ဖြူစင်တယ်မှတ်ပြီး ည,ည မူးပြဲအောင်သောက်၊ အိပ်မပြန်နိုင်တော့ ကျောင်းဆရာအိမ်မှာပဲ မိုးလင်းနဲ့ အဲသည် ရက်တွေမှာ မင်းက တကယ်ကို နဂါးမင်းစည်းစိမ်တွေ့နေ တာကိုး"

"ကိုယ့်ကုသိုလ်နဲ့ကိုယ်လေကွာ . . . ဟီးဟီး"

"တောက် . . . မြိုင်ကျနေတဲ့နွားကြီး"

"ပြောချင်သလိုပြောတော့ကွာ . . . ဟီးဟီး"

"တော်သလင်းလမရောက်ခင်ကတည်းက ရှုပိုးထနေတဲ့ သုနကွေးကြီး . . . "

"ဟီးဟီး . . . နာမည်သာဆိုးတာ၊ ဟမ်း . . . ကောင်းမှကောင်း။ ယမ်ယမ်ခေါက်ဆွဲအတိုင်းပဲ ဟဲဟဲ"

ဘယ်လိုပင်ပြောပြော၊ ဘယ်လောက်ပင် တစ်တစ်ခွခွ တ်တုတ်၊ သန်းလွင်ကတော့ နကမှတိ တကယ့်ကိုတုန်လှုပ်မှာ တ်။

ဩော် ... မိန်းမများ တော်တော်ကလေးကို ခက်ကြ ပါလား။ သို့ကြောင့်ပင် ရှေးစာဆိုပညာရှိတွေက မိန်းမဟူသည် 'လှေနှင့်မြင်းလို၊ မယွင်းဘွဲ့တူညီ၊ ပဲ့ကိုင်ရာလူနောက် လိုက်ပါတတ် ကြသည်'ဟု ဆိုခဲ့ကြလေသည်။ ခုလည်း သန်းလွင်၏ပဲ့ကိုင်မှု လှော်ခတ်မှုဖြင့် ခင်မှုံတစ်ယောက် ဘယ်ကမ်းခြေ၊ ဘယ်ရေဆိပ် တိုင် လိုက်ပါခဲ့လေသလော မပြောတတ်။

မကြာခင်မှာပင် မော်တော်ကုတ္တိဆိပ်ဆင်းရာ တာထိပ်ရှိ ကိုမင်းသိမ်း၏ ဘီအီးစပ်ဖျော်ဆိုင်သို့ရောက်ခဲ့သည်။ ဆိုင်ကတော့ မီးမှိတ်ထား၍မှောင်နေသည်။

"ဗျို့ ... ကိုမင်းသိမ်း ... ကိုမင်းသိမ်း"

ထူးသံက ထွက်မလာ။ တစ်နေကုန်ရောင်းချထားလေတော့ နားချိန်တန်နားရပေဦးမပေါ့။

"ကိုမင်းသိမ်းခမျာ အိပ်နေတာ၊ အားနာစရာ .. သန်းလွင်ရာ"

"မလိုပါဘူးကွာ ... မင်းကျေးဇူးကိုအသိအမှတ် ပြုတဲ့အနေနဲ့ရယ်၊ ငါ့ကိုယ်ငါစွံတဲ့အထိမ်းအမှတ်နဲ့ရယ်၊ ဂုဏ်ပြုပွဲလေးလုပ်မလို့ပါကွ၊ ဗျို့ ... ကိုမင်းသိမ်း။ ကိုမင်းသိမ်း"

"ဟေး ... ဘယ်သူတွေလဲကွ၊ အချိန်မတော်ကြီးမှာ"

"ကျုပ် မော်တော်သန်းလွင်နဲ့ ချက်စုတို့ပါဗျ။ လစ်မစ် မပြည့်သေးလို့ တစ်လုံးလောက်ရောင်းစမ်းပါဗျို့ ..."





"မင်းတို့ကွာ ... သူတစ်ပါးအိပ်နေတာ အတော် အနှောင့်အယှက်ပေးတယ်၊ သည်တစ်ကြိမ်ပဲရောင်းမှာ နော်၊ နောက်တစ်ကြိမ်လာနှိုးလို့ကတော့ လေးခွနဲ့အပစ်ပဲ"

"စိတ်ချပါဗျ ... စိတ်ချပါ၊ ကိုင်း စပ်ဖျော်တွေထဲက ထိမယ့်ရှမယ့် ခပ်ပြင်းပြင်းကလေးတစ်လုံးပေးဗျာ၊ ကျုပ်တို့ တာရိုးမှာသွားသောက်ကြမှာပါ၊ ကိုင်း ... ဘက်ထရီ မီးလေးဘာလေးဖွင့်ပါဦး"

ဆိုင်ရှင်ကိုမင်းသိမ်းက အိပ်ချင်မူးတူးဖြင့် အိပ်ရာမှလူးလဲ သလာပြီး ကောင်တာပေါ်မှ ဘက်ထရီကလစ်ဖြင့် ဘက်ထရီ လုံးကို ချိတ်လိုက်သည်။ ထိုအခါဝယ် နှစ်ပေမီးချောင်းသည် က်စိကျိန်းလောက်အောင်လင်းလာသည်။

"တစ်လုံးယူသွားမယ်ဗျာ ... ပိုက်ဆံက နက်ဖြန် ခမော်တော်ဆင်းတော့မှယူ"

"ရတယ်ကွာ ... ရတယ်၊ ကြွ ... ကြွ၊ ငါ အိပ်ချင်ပြီ၊ အယ် ... ဟကောင်သန်းလွင်၊ မင်းနှယ် ကွာ၊ ပုဆိုးမဝတ်ဘဲ ထဘီကြီးဝတ်လာရတယ်လို့"

"အာ ... အမလေးဗျာ၊ မှား မှားလာပြီ"

ပြောပြောဆိုဆိုနှင့် သန်းလွင်သည် ပုလင်းကိုဆွဲကာ င်အပြင်သို့ထွက်လိုက်သည်။ သန်းလွင်ထွက်တော့လည်း ချက်စုက က်ထွက်ရတော့သည်သာ။

"ပြဿနာပဲ ချက်စုရာ ... မနက်ဖြန်တော့ ငါ့ အကြောင်းကို ကိုမင်းသိမ်းကြီးအော်ဂျက်လုပ်တော့မှာပဲ၊

သည်တော့ စောစောစီးစီး သူ့အကြွေးရှိတာကိုဆပ်လို့ ခေဖြူကအပြန် သူကြိုက်တတ်တာလေးတွေနဲ့ ချော့ရတော့မှာပဲ''

''မင်းကလဲမင်းပဲ ... အတော့်ကိုနမော်နမဲ့နိုင်တာပဲ၊ သည်လိုဆိုတော့ ခင်မှုံရဲ့ထဘီက မင်းဆီပါလာပြီး၊ မင့်ပုဆိုးက ခင်မှုံ့အခန်းထဲကျန်ခဲ့တာပေါ့''

''ဟင့်အင်း၊ ငါ့ပုဆိုးမကျန်ခဲ့ဘူး''

''ဟာကွာ ... ဒီကောင် ပေါက်တတ်ကရတွေလုပ်တော့မယ်၊ မင့်ပုဆိုးမကျန်ခဲ့ဘူးဆိုတော့ မင်းက ပုဆိုးဝတ်မလာဘူးလား''

''ဝတ်လာပါတယ် ချက်စူရ''

''တောက် ... မင်းရူးနေသလား သန်းလွင်''

''ငါမရူးဘူးကွ ... မရူးဘူး၊ ဒီလိုကွ ... ငါ ခင်မှုံအခန်းထဲမဝင်ခင် မင်းအခန်းထဲကို အရင်ဝင်တယ်၊ အဲဒီမှာ ငါ့ပုဆိုးက စက်ဆီတွေပေပြီးညစ်ပတ်နေလို့ တန်းပေါ်မှာအရန်သင့်လှမ်းထားတဲ့ မင်းရဲ့ပုဆိုးနဲ့ကောက်လဲပြီး ခင်မှုံ့အခန်းထဲဝင်ခဲ့တာကွ''

''ဟာ ... ဒါဆို ခင်မှုံ့အခန်းထဲကျန်ရစ်တာ..''

''ဟုတ်တယ်၊ မင့်ပုဆိုး ... မင့်ပုဆိုး''

''သေကွာ ... သေစမ်း၊ သေလိုက်စမ်း''

''မပူပါနဲ့ကွာ ... အပြန်ကျရင် မင်းအခန်းကို တိတ်တိတ်ကလေးလိုက်လာပြီး ဟောဒီငါဝတ်ထားတဲ့





ခင်မှုံ့ထဘီကို မင်းအခန်းထဲမှာရှိတဲ့ စက်ဆီပေငါ့ပုဆိုးကို ပြန်လဲလိုက်မယ်လေကွာ၊ မနက်ကျတော့ ခင်မှုံနဲ့မင်း နားလည်မှုလုပ်ပြီး သူ့ထဘီသူပြန်ပေး၊ မင်းပုဆိုးမင်းပြန်ယူပေါ့''

''ခွေးကောင် ... သန်းလွင်''

ပြောပြောဆိုဆိုနှင့် သန်းလွင်၏ကျောပြင်အား တံတောင်ဖြင့်ထောက်ချလိုက်ရာ အောင်သေအောင်သားစားပြီးသော သန်းလွင်မှာ တာလမ်းမပေါ်၌ ပပထုမှောက်မယ်ဟူသော အနေအထားဖြင့် မှောက်ကျသွားလေတော့သတည်း။

အကျယ်အကျယ်မငြိမ်းဖွယ်တွေမဖြစ်၍သာ တော်

မည်။

ပုဆိုးကလေးတစ်ထည်ကိုအကြောင်းပြု၍ ခင်မှုံး

ပြဿနာရှာလျှင် အကြီးအကျယ်အရှက်ကွဲ၍ ချက်စူတစ်ယော

'မစားရအညှော်နံ့'ဘဝဖြင့် ရုံးရောက်ဂါတ်ရောက် ဖြေရှင်းရလိ

မည်။ ရုံးဂါတ်မရောက်တောင် ကျေးရွာလူကြီးများနှင့်ဖြေရှင်းရ

မျိုး ရှိလာလိမ့်မည်။

ထိုအခါဝ့ယ် ထစ်ခနဲရှိ စိတ်လိုက်မာန်ပါလုပ်တတ်

ဘိုးသာဒင်၏ ထားဝယ်ကြိမ်ကြောကလည်း အကြောင်းသုံးပါ

ရွေးနေလိမ့်မည်မဟုတ်။

သို့သော် ကံကြမ္မာက ချက်စူအပေါ်တွင် မျက်နှာသာ

ခဲ့သည်။





တစ်ဖက်မှ ခင်မှုံသည် မည်သည့်ပြဿနာမျှမလုပ်ခဲ့။

ပ်လည်း အရှက်တကွဲအကျိုးနည်းဖြစ်လိမ့်မည်ကို သိထား

သည်၍ပေလား။

ကံအားလျော်စွာပင် နောက်တစ်ရက်မှာတော့ ခင်မှုံ့အမေ

ကျင်ခကြီး ရောင်းချရန်ပစ္စည်းတွေနှင့် စကောကြီးသို့ပြန်ရောက်

ခဲ့သည်။

''ဟောဒီမှာ အဘဝတ်ဖို့ မွန်ပုဆိုး၊ ဘုရားသွား

ကျောင်းတက်ရင်အသုံးပြုရအောင် ယောဂီတဘက်၊ ပြီး

တော့ ထမင်းစားပြီးတိုင်း အချိုတည်းဖို့ရာ ဒူးရင်းယို''

''သာဓုပါ တူမရယ်၊ သာဓုပါ၊ ရောင်းပန်းဝယ်ပန်း

တွေပွင့်လန်းပြီး အစစအရာရာအဆင်ပြေလို့ သည်အမေ၊

သည်သမီးနှစ်ယောက် ရေလိုအေးလို့ပန်းလိုမွှေးပါစေကွယ်''

''ပေးတဲ့ဆုနဲ့ပြည့်ပါစေ အဘ''

ဒေါ်ကျင်ခကြီးက အဘိုးသာဒင်ကို မိတလိုသဘောထား၏။

ကလည်း အဘိုးတစ်ယောက်လိုပါပဲ။ သည်တော့လည်း သည်

အမိနှစ်ယောက်အဖို့ စီးပွားရှာဖွေရာတွင် စကောကြီးနှင့်က

ဆင်ပြေသည်ဟု ဆိုရမည်။

''အခုလို ကျွန်မ မုဒ့်ကိုပစ္စည်းတွေယူဖို့ပြန်တုန်း

သမီးလေးခင်မှုံအပေါ် ခလုတ်မထိဆူးမငြိရလေအောင်,

မှဲ့တစ်ပေါက်မစွန်းရလေအောင် စောင့်ရှောက်ပေးခဲ့တဲ့

အဘကျေးဇူးကို မမေ့ပါဘူး''

သည်စကားကိုကြားလိုက်ရတော့ ခင်မှုံ့မျက်နှာထားမည်သို့

သမည်မသိ။ တစ်ဖက်ခန်း၌ ဆေးပေါ့လိပ်တစ်လိပ်ဖြင့် ထမင်းလုံး

စိနေသည့်ချက်ရှမှာတော့ မပြုံးဘဲ ဝါးလုံးကွဲနှင့်ဗျဲခနဲ ထရယ်လိုက်ချင်တော့သည်။

"ဩော် ... ခင်မှုံ ... ခင်မှုံ၊ နှင့်အမေကြီးကတော့ နှင့်ကို မှဲ့တစ်ပေါက်မစွန်းဘူးတဲ့ ခလုတ်မထိဆူးမငြိဘူးတဲ့ ငါ့အဘိုးသာဒင်က စောင့်ရှောက်သတဲ့၊ ဟား ဟား ဟား ... 'ရယ်ချင်လိုက်တာ ဖတ်ဖတ်မော၊ ရင်ဘတ်နောက်ကကျော' ဆိုတဲ့ကိန်း ဆိုက်နေပုံပါရောလား။

ငါ့အဘိုးက သူ့အလုပ်နဲ့သူရှုပ်နေတာပါ၊ နှင့်အပေါ် ကျူးကျော်စော်ကားမှာကိုသိရင်တော့ သူလဲ ဘယ်နေလိမ့်မလဲဟာ၊ ခုဟာက 'အမေဘယ်လိုချော့သိပ်သိပ် ကိုယ်အိပ်မှပျော်တယ်' ဆိုသလို နှင့်အမေကတော့ ချော့သိပ်တာပါပဲ၊ နှင်က အိပ်တာမဟုတ်ဘူး။ နှင့်အမေကိုလှည့်စားပြီး အိပ်ချင်ယောင်ဆောင်နေတာဟ၊ အိပ်ချင်ယောင်ဆောင်နေတာ၊ နှင်နဲ့မော်တော်သန်းလွင်တို့ရဲ့ နောက်ပိုင်းဇာတ်ဟာ အလွမ်းဖြစ်မလား။ အသောဖြစ်မလားဆိုတာကို စောင့်ကြည့်ရသေးတာပေါ့၊ စောင့်ကြည့်ရသေးတာပေါ့"

သည့်နောက်မှာတော့ဖြင့် ဖင်စီခံနားထိနေပြီဖြစ်သော ဆေးပေါ့လိပ်တိုကို 'ပြာခွက်ထဲထိုးချေကာ ငြိမ်းချမ်းကဖီးဘား ထွက်လာခဲ့တော့သည်။



# ( ၈ )
# အဖော်စုံအပေါင်းစုံ

ငြိမ်းချမ်းကဖီးကိုရောက်တော့ ကျောင်းဆရာကိုလှအော
နှင့် ရဲမြင့်ကို မတွေ့ရသေး။

စန်းရှိန်ကိုသာ ငေးငေးငူငူကလေး တွေ့ရသည်။

စန်းရှိန်သည် 'စန်းရှိန်လင်း' ဆိုသော ကလောင်အမည်
ကဗျာလေးတွေ ရေးစပ်နေတတ်သလို၊ ကပ်ခိုသားကျောင်းဆ
ရဲမြင့်ကလည်း ကိုရဲကိုကို (စကောကြီး)အမည်တပ်ကာ ကဗျာ
ရေးနေသူဖြစ်သည်။ သူတို့ကိုအားကျ၍ထင့် နေဖြူရှိ ကျိုက်ကလွှန်
စေတီတော်၌ ဗေဒင်လက္ခဏာဟောခန်းဖွင့်သော စကောကြီး
ဗေဒင်ဆရာကလည်း မြတ်ဟိန်းခိုင် (နေဖြူ) ဟူသောကလော
အမည်ဖြင့် ဂမ္ဘီရဝတ္ထုတွေ၊ ဗေဒင်၊ လက္ခဏာ၊ ယတြာ ဆောင်
တွေကိုရေးပြီး ရန်ကုန်မြို့ရှိမဂ္ဂဇင်းတိုက်များသို့ ပေးပို့နေသည်





ချက်စူကတော့ စာဖတ်ရမှာဝါသနာပါသော်လည်း စာရေးမှာတော့ တော်တော်ကလေးပျင်းသူဖြစ်၏။

"ကျောင်းဆရာတို့ ရောက်မလာကြသေးဘူးလား စန်းရှိန်"

"မလာကြသေးဘူးကွာ ... မနေ့ကတော့လာတယ်၊ သည်ကနေ့ ကလော့သော့ဘက်ကိုသွားဖို့ တိုင်ပင်နေသံကြားရတယ်"

"ကလော့သော့ကို ဘာသွားလုပ်ကြမှာတဲ့လဲ"

"အဲသည်မှာ အသိအင်းသူကြီး ကိုတင်ဥက သူ့အင်းတွေပက်မှာမို့ ပျော်ပျော်ပါးပါး စားရသောက်ရအောင် ဖိတ်ထားတယ်တဲ့၊ အဲဒါ ဂွန်ဒေါင်းတစ်စီးနဲ့သွားကြမတဲ့၊ ငါလဲလိုက်မှာ"

"သည်အချိန် အရစ်ကြီး ပြန်ရောက်လာရင် သိပ်ကောင်းမှာပဲကွာ"

"ဘယ်သူ့လဲကွ၊ အရစ်ကြီးဆိုတာ ..."

"ဟ ... ဘယ်သူကမလဲ၊ တို့ဆရာနောင်တော်ကြီး နိုင်ငံကျော်ရွှေနေကြီး ဦးနက်ကျောက်(စကောကြီး) ဆိုတာလေကွာ"

"သူက ... ဘာများရစ်လို့လဲကွာ"

"ဩော် ... မင်းက မသိသေးဘဲကိုး၊ အေးလေ ဘယ်သိပါ့မလဲ၊ မင်းမှရန်ကုန်ကိုရောက်မသွားဘူးသေးဘာပဲ၊ တမြန်နှစ်က ငါ့ချစ်ချစ် သူနာပြုဆရာမလေးရှိရာ

လပွတ္တာကို မေတ္တာတွေ၊ သစ္စာတွေ ဘာဘာညာညာ သာရကာတွေပေးပြီးအပြန်မှာ အရစ်ကြီးရုံးဖွင့်ထားတဲ့ (၃၅)လမ်း၊ သူ့ရုံးခန်းကို ရောက်သွားခဲ့တယ်။

သူက သူ့အိမ်တောင်ဥက္ကလာကို တစ်ညအိပ်ခေါ်လို့ ငါလဲ သူ့ရုံးခန်းပိတ်ချိန်ကို စောင့်နေခဲ့တယ်ကွာ၊ (၆)နာရီလောက်ရုံးဆင်းတော့ အိမ်ကိုတန်းမပြန်ဘူး၊ သူ့အပေါင်းအသင်းဘော်ဂျက်တွေရှိနေတယ်ဆိုတဲ့ ကုန်သည်လမ်းနဲ့ ဘိုကလေးဈေးလမ်းထောင့်က ယမင်းစည်ဘီယာဆိုင်ကို ခေါ်သွားတယ်ကွ''

''မင်းက ဘီယာကြိုက်တယ်ဆိုတော့ မစင်ပုံတွေတွေ့တဲ့ ဟိုဒင်းလိုပေါ့ကွာ ... ဟဲဟဲ''

''ချက်စူနော် ... စကားအကောင်းပြောနေတာ ဖောက်မလာနဲ့''

''အေးပါကွာ ... အေးပါ၊ အရစ်ကြီးအကြောင်း ဆက်ပါဦး''

''အေး ... သူတို့ဝိုင်းက လူစုံတက်စုံကွ၊ စာရေးဆရာတွေ၊ အယ်ဒီတာတွေ၊ ထုတ်ဝေသူတွေ၊ ဒါရိုက်တာတွေ၊ သရုပ်ဆောင်တွေနဲ့ တော်တော်ကလေးစုံတယ်၊ အဲသည်နေ့ညဦးဝိုင်းက ငါတွေ့ခဲ့ရတာ 'ကိုနန္ဒာပုဆိုးလွယ်' ဆိုတဲ့ ကဗျာဆရာ,စာရေးဆရာရယ်၊ မူခင်းပူဖောင်းဂျာနယ်နဲ့မဂ္ဂဇင်းက အယ်ဒီတာကြီး မောင်ငြိမ်းတူ (မို့ပင်ကောက်)ရယ်၊ တွဲဖက်ဗီဒီယိုဒါရိုက်တာ ကိုပွေး (နီးချည်





ဝါးလုံးကိုင်)ရယ်၊ ထုတ်ဝေသူ ကိုအောင်ကျော်မှူးရယ်၊ စာရေးဆရာဗီဒီယိုဆိုက်ပတ်ဆရာကြီး မောင်မောင်စိန့်ဗျင်း (ရပ်စောက်)ရယ်တို့ တွေ့ကြသကွ။

အဲသည်မှာ ဘီယာသမားဆိုလို့ ငါရယ်၊ အရစ်ကြီးရယ်၊ ဆရာမောင်ငြိမ်းတူ (မို့ပင်ကောက်)ရယ်ပဲ ရှိတယ်၊ ကျန်တာတွေကတော့ ပုလင်းပြားနဲ့ အပြင်းသမားတွေချည်းပဲ၊ သူတို့ဟာ တစ်နေ့ကုန်ကိုယ့်အလုပ်တွေကိုယ်လုပ်ကြရင်း ညနေရောက်တဲ့အခါ ပေါင်းဆုံကြလို့ ရယ်စရာမောစရာတွေပြောကြတာ အူကိုတက်မတတ်ပဲ၊ အဲသည်မှာ ဘအားမြန်မြန်နဲ့အစားသန်သလို စိတ်ဝင်စားစရာ မှုခင်းဖြစ်ရပ် သတင်းလတ်လတ်ဆတ်ဆတ်တွေကို ပြောပြနိုင်တာကတော့ ဆရာမောင်ငြိမ်းတူ (မို့ပင်ကောက်)ပဲ''

''ကြုံချင်လိုက်တာကွာ ... ''

''တစ်နေ့တော့ ... အရစ်ကြီးနဲ့အတူ တို့များစကောကြီးရွာကို သည်ဆရာတွေရောက်လာဦးမှာပါကွာ၊ အဲသည်မှာ ငါပြောချင်တာက အရစ်ကြီးရဲ့သောက်နိုင်အားပဲ၊ သောက်လုံးကလဲကြီးမှကြီး၊ ယမင်းမှာတင် အရစ်ကြီးသောက်တာ (၇)ခွက်တိတိ။

ခုနစ်နာရီခွဲသာသာ၊ ရှစ်နာရီလောက် ယမင်းကခွာပြီး ဟာဗန္ဓုလပန်းခြံလှမ်းမှာရှိတဲ့ မျိုးဆက်သစ်စည်ဘီယာဆိုင်ကို ဝင်တယ်ကွာ၊ အဲသည်မှာ (၂)ခွက်တွယ်တယ်။

အဲသည်ကနေ တောင်ဥက္ကလာကိုသွားဖို့ ဆူးလေက ကားမှတ်တိုင်ကို ရွှေပြန်တယ်၊ ကားမှတ်တိုင်နားမှာရှိတဲ့ ရှမ်းရွှေလီဘီယာဆိုင်ကို ဝင်ပြန်တယ်၊ အဲသည်မှာလဲ (၂)ခွက်၊ နောက် ... တောင်ဥက္ကလာကို ကားစီးတယ်၊ ပဒေသာလမ်းဆုံမှာဆင်းပြီး (၉)ရပ်ကွက်မှာရှိတဲ့ ဘင်ဖိုင်း ဆိုတဲ့ စည်ဘီယာဆိုင်ကို ဝင်ပြန်တယ်၊ အဲသည်မှာလဲ (၂)ခွက်''

''ဟာ ... မနည်းပါလား၊ သည်ဆရာ့ဗိုက်အိုးထဲမှာ ဘီယာတွေအများကြီးပဲ၊ မြန်မာဘီယာက သောက်သုံးသူ တွေကို ဆုချမယ်ဆိုရင် သည်ဆရာဦးနက်ကျောက်ကို ပေးသင့်တယ်''

''အဲ့ဒါ နေ့တိုင်းသောက်တဲ့အနည်းဆုံးနှုန်းနော်''

''ဟာ ... ဒါဆိုရင် သူ့ဘီယာစရိတ်က နည်းမှ မနည်းပါပဲကလား၊ ဗိုက်ဆံတွေ တော်တော်ကုန်မှာပဲနော်''

''သည့်အတွက်တော့ သူက မပူပါဘူးကွာ၊ ဖျာပုံ ဘက်မှာဖြစ်သွားတဲ့ ငရုတ်နှစ်ပင်နှုတ်တဲ့အမှုကိုလိုက်တာ တောင် သုံးသိန်းလောက်ရတဲ့ဥစ္စာ''

''အားလားလား ... ''

''ငါက အစ်ကိုရယ် ... တစ်ဆိုင်တည်းနဲ့အပြတ် ဖြတ်ပါလားဆိုတော့ မရဘူးတဲ့၊ သူနဲ့ပဋ္ဌာန်းဆက်ပါတဲ့ ဆိုင်တွေမှန်သမျှ သူ့မျက်နှာမပြလို့မဖြစ်ဘူးတဲ့၊ အဲ





ကြောင့် ငါက သူ့ကို အရစ်ကြီးရယ်လို့ ထောပနာပြုထား တာ ချက်စူရဲ့''

ထိုစဉ်မှာ ဝွန်ဒေါင်းတစ်စီးရောက်လာသည်။ ဝွန်ဒေါင်း မှာတော့ ကျောင်းဆရာကိုလှအောင်၊ ရဲမြင့်၊ ကိုလှသောင်း၊ ညီကြီး၊ ဘုန်းကြီးနေဝင်း၊ တောခေါင်းမိုးဖော်ကြီးတို့ကို စားနိုင် ာက်နိုင်ပါးစပ်ကြီးများနှင့် တွေ့လိုက်ရသည်။

''ကိုင်းဟေ့ ... စန်းရှိန်နဲ့ချက်စူတို့ တက်ကြ၊ တို့ရောက်မှာနဲ့ အင်းမြေ့ာက်ပြီးချိန်လောက် ကွက်တိပဲ''

ခေါင်းဆောင်ဖြစ်သူ ကျောင်းဆရာက တက်ကြွစွာစကား ိက်သည်။ ဆရာလေးရဲမြင့်က မတီးတတ်တီးတတ်နှင့် မယ် ်လက်သံစမ်းနေသည်။ သူသည် အတီးသာမရဖြစ်မည်။ ်ကောင်း, အဆိုကောင်း။ ကျောင်းအားရက်၌ ဆိုင်းဝိုင်းများ က်သို့လိုက်ကာ ကြေးအတန်သင့်ဖြင့် သီချင်းတွေလိုက်ဆို ည်၊ သူ့အသံကိုကြိုက်၍ ပရိဂျူဆာတစ်ဦးက စီးရီးတစ်ခွေ ်ပေးခဲ့သည်။ ထိုစီးရီး၌ သူသည် 'ခနေဖြူနေရဲလင်း' အမည်ဖြင့် ည်။ သို့ရာတွင် စီးရီးခွေက ကြော်ငြာအား၊ ဖြန့်ချိအား ၍ထင်သည်။ မျှော်မှန်းသလောက် ပေါက်ထွက်မလာ။

''ဟောဟိုမှာ ကိုမျိုးနိုင်ဟေ့ ... သူ့ကိုပါခေါ်ခဲ့ကွာ''

အသားဖြူဖြူ၊ အရပ်ရှည်ရှည်ဖြင့် ၎င်းတို့ထံလျှောက်လှမ်း သော ကိုမျိုးနိုင်အား ကလော့သော့သို့လိုက်ပါရန်ခေါ်ယူရာ ခေါ်မနေရ၊ ဓွေ့ခနဲဆိုသလို ဝွန်ဒေါင်းပေါ်ရောက်လာသည်။ ည်လည်း ခေသူမဟုတ်။ တရားခမ္ဘဆိုင်ရာကျမ်းများကို

အမိုသဟဲပြုလျက် ကိုမျိုးနိုင် (စကောကြီး)ကလောင်အမည်ဖြ
ဘာသာရေးဆိုင်ရာမဂ္ဂဇင်းများ၌ ဆောင်းပါးတွေရေးနေသူဖြစ်သည်
သူမှုးလာလျှင် . . .

"ငါရေးတဲ့ဘာသာရေးဆောင်းပါးတွေကို ဦးသုခက ဒါရိုက်တာလုပ်ပြီး မြတ်သစ်ရယ်၊ ဇော်လင်းရယ်၊ အုံ့ကျော်ရယ်၊ စန္ဒာရယ်၊ ရှုမဝစမ်းစမ်းအေးတို့နဲ့ ဗီဒီယိုရိုက်မယ့်အကြောင်း ရွှေနေကြီးဦးနက်ကျော် ပြီးခဲ့တဲ့တစ်ခေါက်လာတုန်းက ပြောဖူးတယ်။

ရိုက်ဖြစ်တဲ့နေ့ကျရင် မင်းတို့အားလုံးကို ဆပ်ပလိုင်းလုပ်မယ်"

"နောက်ခံတေးဂီတကို ရွှာစားကျော်စိန်မိုလ်တင့်နဲ့ ဂီတလုလင်မောင်ကိုကိုတို့က တီးခတ်ပေးမယ်လို့ မပြောဘူးလား"

"ပြောတယ် ပြောတယ်"

အမှန်မတော့ ကိုမျိုးနိုင်၏ရူးသွပ်နေမှုကို ဦးနက်ကျော်
အချွန်နှင့်မ,သွားခဲ့ခြင်းဖြစ်၏။ ကာယကံရှင်က အမှန်ဟုယုံစား
သော်ငြား အကြောင်းသိသူများက ပြုံးစေ့စေ့။

ပြုံးပေမပေါ့ . . . ဦးနက်ကျော်ပြောသွားသော အနုပညာ
တွေက သက်ရှိထင်ရှားမှမရှိကြတော့ပဲလေ။



# ( ၉ )

# တရားခံဘယ်သူလဲ ဟေ့ . . .

ဘိုးသာဒင်တစ်ယောက် ဘာလုပ်လို့ဘာကိုင်ရမှန်း[illegible] ဖြစ်နေသည်။ သူ့ရှေ့မှာတော့ ဒေါ်ကျင်ခသည် နှပ်တရှုံ့ရှုံ့ မျက်ရည်ကလေးတစမ်းစမ်း။

"အဘရယ် . . . ကျွန်မ ဘာလုပ်ရမလဲဟင်။ သမီးကလေးခင်မှုံကို ရှာပေးပါ၊ ခင်မှုံမရှိရင် ကျွန်မ ရင်ကွဲပြီးသေပွဲဝင်ရပါလိမ့်မယ်၊ အီး ဟီး ဟီး ရှွတ်"

"အေးပါကွယ် . . . အေးပါ၊ ခင်မှုံဆိုတာလဲ အဘရဲ့ မြေးလိုဖြစ်နေပါပြီ၊ ညည်းအရေးဟာလဲ ငါ့အရေးပဲပေါ့ ကျင်ခရယ်၊ ဒါထက်နေစမ်းပါဦး . . . ခင်မှုံ ဘယ် အချိန်က ပျောက်သွားတာလဲ"

"သည်မနက်ဝေလီဝေလင်းက ပျောက်သွားတာ၊ ကျွန်မလဲ စကောကြီးဈေးထဲက ကိုမျိုးမြင့်တို့ဆိုင်မှာ





အသုပ်များသွားစားနေသလားလို့ လိုက်ပါသေးတယ်၊ ဆိုင်ကိုရောက်မလာသေးဘူးတဲ့ အဘရယ် . . . အီး ဟီး ဟီး"

"နေစမ်းပါဦး ကျင်ခရယ် . . . လူတွေမသိခင်၊ ဆိုပ်မိခင်မှာ သူ့ဟာနဲ့သူ ပြေငြိမ်းသွားစေဖို့ ငါဆက်စပ် တွေးခေါ်ပြီး စဉ်းစားလိုက်ပါဦးမယ်"

ဘိုးသာဒင်လည်း တင်ပါးအစုံမှပွေးကွက်များကိုကုတ်လိုက်၊ [illegible]ပြင်းလိပ်ကိုခဲလိုက်ဖြင့် တစ်စုံတစ်ခုကို လေးလေးနက်နက် [illegible]းနေပုံရသည်။ အတန်ကြာတော့မှ လက်ဖျောက်တစ်ချက် [illegible]ိက်သည်။

"ဟုတ်ပြီ . . . ငါမေးတာမှန်မှန်ဖြေနော် ကျင်ခ"

"ဟုတ်ကဲ့ . . . မေးပါအဘ"

"အေး . . . ခင်မှုံအသက် ဘယ်ကလောက်ရှိပြီလဲ"

"ဆယ့်ကိုးနှစ်ထဲရောက်နေပြီ အဘ"

"အင်း . . . သစ်ပင်ပန်းမာလာတို့ရဲ့သဘာဝလိုပဲ၊ သီးချိန်တန်တော့လဲသီးကြ၊ ပွင့်ချိန်တန်တော့လဲပွင့်ကြ ဘာပဲ၊ နင့်သမီးဟာ သီးချိန်တန်လို့သီးတာ၊ ပွင့်ချိန်တန် လို့ပွင့်သွားတာဖြစ်လိမ့်မယ် ကျင်ခ"

"ဟာ . . . မဟုတ်တာ အဘကလဲ"

"ဟ . . . ဘာမဟုတ်ရမှာလဲ"

"မဟုတ်ဆို . . . ခင်မှုံက လူပဲဟာ၊ သစ်ပင်ပန်း မာလာမဟုတ်ဘဲဟာ၊ ဘယ်လိုလုပ်ပြီး သီးရ ပွင့်ရမှာလဲ"

''ဟ . . . အပြောအဆိုရင့်သီးမှာစိုးလို့ သစ်ပင်ပန်းမာလာနဲ့နားဝင်ကောင်းအောင် နိုင်းနှိုင်းပြောဆိုတာဟ''

''ကျွန်မတော့ နားမလည်ပေါင်''

''အေး . . . ညည်းနားမလည်ရင် နားလည်အောင် ပြောလိုက်မယ်၊ ညည်းသမီးခင်မှုံဟာ သူ့သဘာဝ၊ သူ့ဖမွှတာအရ သွေးနဲ့ကိုယ်၊ သားနဲ့ကိုယ်မို့ ချစ်သူရည်းစားနောက် လိုက်သွားတာဖြစ်ဖို့များတယ်''

''အဘရယ် . . . ခင်မှုံမှာ ချစ်သူရည်းစားရှိရင် ကျွန်မကိုတိုင်ပင်ပြောဆိုမှာပေါ့၊ ကျွန်မကို သည်အကြောင်းတစ်ခါမှလဲ တိုင်ပင်ပြောဆိုတာမျိုးမရှိဘူး''

''ဟ . . . ဒါကတော့ ခင်မှုံ့စိတ်ကို ဘယ်လိုလုပ်ငါက သိနိုင်မလဲ၊ မိန်းမတွေရဲ့စိတ်ဓာတ်က အခက်သားကလား၊ သူတို့ပေးသိချင်ရင်လဲ ရပ်ကျော်ရွာကျော်၊ ပေးမသိချင်ရင်လဲ ပါးစပ်ကို အင်္ဂတေကိုင်ထားသလားမှတ်ရတယ်''

''ကျွန်မတော့ ကျေးရွာလူကြီးတွေကတစ်ဆင့် ရဲစခန်းကိုတိုင်ရင် ကောင်းမလားလို့''

''ဒါကတော့ နင့်သဘောပဲလေ''

''အဘသဘောကရော''

''ငါ့သဘောကတော့ ပထမဆုံး သူသွားတတ်လာတတ်တဲ့နေရာတွေ၊ ဘယ်သူနဲ့အဆက်အသွယ်ရှိတယ်ဆိုတာတွေကို စုံစမ်းပြီး ရှာကြည့်စေချင်တယ်၊ ဒါ့အသက်





ကလဲ လွှတ်လွှတ်လပ်လပ်နဲ့ အိမ်ထောင်ပြုခွင့်ရတဲ့အရွယ်ဟ . . . စဉ်းစားကြည့်လေ ကျင်ခ''

''ကျွန်မတော့ ရှုးချင်ပါပြီအဘရယ် . . . သမီးလေးချစ်သူနောက်လိုက်တယ်ဆိုရင်လဲ သူတို့ချစ်ခြင်းကိုမခွင်းပါဘူး၊ မိဿားဖဿားပီပီ လာအပ်ရင်လဲ ကျေကျေနပ်နပ်လက်ခံမှာပါ''

သည်စကားကြားလိုက်ရတော့ ဘိုးသာဒင် တွေခနဲဖြစ်နေသည်။ အိမ်မှာကလည်း သုံးလေးရက်လောက် မြေးတော်မောင်နက်စုတစ်ယောက် ပျောက်ချင်းမလှပျောက်နေလေသည့်အတွက် ဆင်စုံတစ်ခုကို လေးလေးနက်နက်တွေးဆလိုက်သည်။ အတန်ကြာသင့်ကြာတော့ . . .

''ကိုင်း . . . ကျင်ခ၊ သိပ်လဲခေါင်းမီးမတောက်နဲ့၊ သည်ကိစ္စဆိုတာ ခေါင်းအေးအေးထားပြီး စဉ်းစားဆုံးဖြတ်ဖြေရှင်းရတယ်၊ ဒါထက် ညည်းသမီးအဝတ်အစားတွေဘာတွေယူသွားလဲ၊ သေသေချာချာနဲ့စပ်အောင်ကြည့်၊ စာရွက်စာတမ်းတွေများထားခဲ့လေသလား ဆိုတာကိုပါသေသေချာချာ စေ့စေ့စပ်စပ်ရှာစမ်း''

''ဟုတ် . . . ဟုတ်ကဲ့ အဘ''

ဒေါ်ကျင်ခလည်း ဘိုးသာဒင်အကြံပြုစေခိုင်းသည့်အတိုင်း ဆင်ခဲ့သောအဝတ်အစားသေတ္တာကို မွှေတော့သည်။

''ဟော ဟော၊ အဘ . . . အဘ၊ ဟောဒီမှာ ယောကျ်ားဝတ်ပုဆိုးတစ်ထည်နဲ့စာတစ်စောင်''

''ဟေ ... ယူခဲ့စမ်း၊ ယူခဲ့စမ်း၊ သည်ကိုယူခဲ့စမ်း''

ဒေါ်ကျင်ခလည်း ပုဆိုးနှင့်စာရွက်တစ်ရွက်ကို ကမန်းကတမ်း ယူလာကာ ဘိုးသာဒင်လက်တွင်းသို့ နှင်းအပ်လိုက်သည်။

''ဟင် ...''

ပုဆိုးကိုမြင်လိုက်သည့်တခဏ် ဘိုးသာဒင်ရင်အစုံမှာ ထိ ခနဲဖြစ်သွားရသည်။ မဖြစ်ဘဲနေမည်လား ... ။

သည်ပုဆိုးသည် ၎င်း၏မြေး ချက်စူဝတ်ဆင်သောပု မဟုတ်ပါကလား။ မှားနိုင်စရာလုံးဝမရှိ။ သည်ပုဆိုးကို လင်းလွ ပင်ရွာမှ တူတောင်မောင်လင်မယားတို့ သီတင်းကျွတ်လာကန်တော့ ခဲ့စဉ်က ကလေးကားဟားနိုင်သောအဆင်မှတ်ယူပြီး ချက်စူဝတ် ပေးထားခဲ့သည်မဟုတ်လား။

ဒါ ဒါဆိုလျှင် ...

ကိစ္စက မပြတ်သေး။

စာရွက်ကို သေသေချာချာကြည့်လိုက်သည်။ ရေးထား သည့်အကြောင်းအရာတွေက တကယ့်ကိုကလေးကလား။

''ကိုယ်ကတော့ မင်းနဲ့သာဖူးစာဆုံခွင့်ရရင်လေ

တရားကိုလည်း ဟောလိုက်မှာပဲ။

ပြီးတော့ ...

စပါးလိုလဲ ထောင်းပစ်လိုက်မှာပဲ''

ခေတ်ကာလသားသမီးများ ကိုယ်ပြောလိုက်သောစကား ကိုယ်ရေးလိုက်သောစာသည် ဘယ်ကမ်းဘယ်သောင်သို့ ဆိုက် ရောက်မည်ကို မသိကြ။ အလေးအနက်လည်းမထား။





''တောက် ... ဒါ ဒါ ... ချက်စူရဲ့လက်ရေးမှ လက်ရေးအစစ်''

ဟုတ်သည်။ သူ့ရှေ့၌ ဗေဒင်တွက်စဉ်ပြစဉ်က အသုံးပြုခဲ့ သော စာရွက်အမျိုးအစားချင်းသာတူသည်မဟုတ်။ လက်ရေးလက် ဟားကလည်း ချက်စူ၏လက်ရေးပင်။ မင်အရောင်ကလည်း တစ် ပ်တည်းမှတစ်ထပ်တည်း။

''ကိုင်း ... ဘာမှသောကများမနေတော့နဲ့ ကျင်ခ၊ ညည်းသမီးခင်မှုံကို ငါကိုယ်တိုင် ညည်းရှေ့ရောက်လာ အောင် ခေါ်လာပေးမယ်''

''တကယ် ... တကယ်လားဟင် ... အဘ၊ ကျွန်မ ဝမ်းသာလိုက်တာ''

''အေး... ဝမ်းသာရမယ်၊ ဝမ်းသာရမယ်၊ ညည်းမှာ ချစ်စရာသမီးသာမက အားကိုးအားထားပြုလောက်တဲ့ သားသမက်တစ်ယောက်လဲ ပါလာလိမ့်မယ်၊ ညည်းရဲ့ သမီးကို မိသားဖသားပီပီ တောင်းရမ်းလက်ထပ်ယူဖို့ အရေးလဲ ငါပဲတာဝန်ယူတယ်၊ ကောင်လေးက ဆွေကြီး မျိုးကြီးထဲကပါ၊ မျိုးရိုးလဲ အင်မတန်ကောင်းတယ်''

''ဟင် ... ဟုတ်လား၊ ဘယ်ရွာကလဲဟင် ... ဘယ်သူ့သားသမီးလဲဟင် ... ဘာအလုပ်လုပ်လဲဟင်''

''ဟာ ... သိချင်တာတွေကလဲ များမှများပါပဲ လားဟာ၊ ငါ အချိန်မီအုပ်မိအောင်လိုက်ရမှာမို့ အချိန် ဖြုန်းလို့မဖြစ်ဘူး၊ ညည်းသိထားရမှာက ညည်းရဲ့သား

သမက်ဟာ ပေဟာဒီသဘာဝရေမြေ ရာသီဥတုကောင်းမွန်တဲ့ စကောကြီးရွာကပဲ"

ပြောပြောဆိုဆိုနှင့် ခင်မှုနှင့်ချက်စုတို့ကိုရှာဖွေရန် လက်တော်ပစ္စည်းတစ်ခုကို သွားယူလိုက်သည်။

ဒါကတော့ . . .

နှစ်ပင်လိမ်ထားသည့် ထားဝယ်ကြိမ်လုံးတည်း။

ကလော့သော့မှပြန်လာပြီးသကာလ အရှိန်မပြေသေး
ချက်စုသည် ကျောင်းဆရာကိုလှအောင်နှင့်သောင်းသောင်း
ဘူးစင်အောက်၌ မှောက်ခုံကြီးအိပ်ပျော်လျက်ရှိ၏။

"တောက် . . . ငါ့နှယ်ကွာ . . . သင်းအနေနဲ့
စ်တယ်ကြိုက်တယ်ဆိုရင်ဖြင့် ကိုယ့်အဘိုးယောကျ်ား
သားချင်းရှိတဲ့ဥစ္စာ၊ ပွင့်ပွင့်လင်းလင်း တိုင်ပင်ပြောဆိုပါ
ဘာ့လား။ တင့်တောင်းတင့်တယ်မင်္ဂလာဆောင်ပေးမှာ
ငါ့ရှိသမျှစည်းစိမ်ဆိုတာ ငါသေရင် သင်းပဲရမယ့်ဥစ္စာ။

ချက်စု . . . ချက်စု . . .

မင်းက ငါ့ကိုဂရုစိုက်စရာမလိုဘူးဆိုတဲ့အချိုးနဲ့ ခုလိုမျိုး
မျှားသားသမီးကို အဇာစ်သုတ်သွားတာပေါ့၊ ဟုတ်စ၊
နီး . . . တော်သေးတာပေါ့။ ကျင်ခဆိုတာ ငါ့သဘော

ငါ့ဆန္ဒကို မလွန်ဆန်လို့ပေါ့၊ တခြားသူဆို ဘယ်လောက်တောင် မိုးကိုမီးနဲ့ရှို့မယ်မပြောတတ်ဘူး။

ချက်စူရေ . . . မှတ်ထား၊ 'နွားပျိုသန်လှ နွားအို ပေါင်ကျိုးသလောက်ပဲ'တဲ့၊ အယ် . . . ငါ့စကားဥပမာ ကလဲ လူကနေ နွားမျိုးနွားနွယ်ဖြစ်သွားပါပေါ့လား၊ ဘွာ ဘွာ ဘွာတေးဗျာ . . . ။

အဲ . . . မင်းလည်သလောက်တော့ ငါက ပွေးကုတ် သလောက်ပဲ ချက်စူရေ၊ ကောင်မလေးရဲ့သေတ္တာထဲမှာ ကျန်ရစ်ခဲ့တဲ့ မင်းရဲ့ပုဆိုးနဲ့ မင်းနဲ့လက်ရေးစာကြောင့် သည်ကိစ္စမှာ အဓိကလက်သည်ဟာ မင်းဆိုတာ ငါသိလိုက် ရတာပေါ့၊ မင်းအိမ်ထောင်ကျမှကောင်းတယ်၊ အလုပ် တစ်ခုခုကိုဖောက်ချလုပ်ပြီး ခြေငြိမ်သွားမယ်၊ မဟုတ်လို့က တော့ လတ်လျား,လတ်လျားနဲ့နေမှာ''

ဘိုးသာဒင်တစ်ယောက် ထားဝယ်ကြိမ်ကို ခါးကြား[ညှပ်] လျက် ပါးစပ်က ဆီမန်းမန်းသလိုမျိုး ပွစိပွစိရွတ်လာခဲ့သည်[။] လမ်းတစ်လျှောက်မှာလည်း မျက်မှန်းတမ်းမိသူများက ဘိုးသာ[ဒင်] ကိုတွေ့လျှင် နှုတ်ဆက်ကြသည်။

''ဗျို့ . . . ဘိုးသာဒင်ကြီး၊ ဘယ်တုန်း''

''ဇမ္ဗူလုံးချမ်းသာဘက် သွားမလို့၊ ဒါထက် . . . ကျုပ်ကောင်ချက်စူတစ်ယောက်ကို မမြင်လိုက်ဘူးလား''

''သည်နေ့တော့ မတွေ့ဘူးဗျာ၊ ဟိုးတစ်နေ့ကတော့ ကျောင်းဆရာကိုလှအောင်တို့အုပ်စုနဲ့ ဂွန်ဒေါင်းတစ်စီးပေါ်





တွေ့လိုက်တယ်၊ ကလော့သော့အင်းတွေဖော်တဲ့ဆီသွားကြ မလို့ဆိုပဲ''

သတင်းအစကိုတော့ ဘိုးသာဒင် ရလိုက်ချေပြီ။

''ဟင်း ဟင်း ဟင်း . . . မင်းလည်တယ်ဆိုတာ ငါပွေးကုတ်သလောက်ပဲရှိပါသေးတယ် ချက်စူရယ်၊ ဒါဟာ တစ်ဖက်လှည့်နဲ့ လူတွေ တွေးမရအောင် အကွက်ဖျောက် လိုက်တာမဟုတ်လား၊ ကလေးမလေးကို တစ်နေရာ ပို့မယ်၊ မင်းကတော့ ကလော့သော့မှာရှိမယ်ဆိုတာ လှည့် စားချက်ပဲ၊ မရဘူး ချက်စူ၊ မရဘူး။ မင်းက ငါကမွေးတဲ့ ငါ့သမီးရဲ့သားပဲဟာ၊ တစ်မိုက်တစ်ထွာဉာဏ်ကလေးနဲ့ အကဲမစမ်းနဲ့၊ ပွဲကတော့ကြမ်းပြီးသားပဲဟ''

သည်ခဏ ဒယိမ်းဒယိုင်ဖြင့်လျှောက်လာသော ကိုမျိုးနိုင် ဘိုးသာဒင်ကို ဝင်တိုးမိမလိုဖြစ်သွားသည်။

''ဟ . . . ဟကောင် မျိုးနိုင်၊ မင်း မင်းဘယ်လို ဖြစ်လာတာလဲ''

''ဟာ . . . ဘိုးသာဒင်၊ ကန်တော့နော်၊ ကန်တော့၊ ကျွန်တော်ရေးတဲ့ ဘာသာရေးဆောင်းပါးတစ်ပုဒ်ကို အဘ ဦးသုခ ဒါရိုက်တာလုပ်ပြီး ဗီဒီယိုရိုက်ကူးမယ်ဆိုလို့ ဈေး ဘယ်လောက်တောင်းရင်ကောင်းမလဲလို့ စဉ်းစားလာတာ ဘိုးသာဒင်ရဲ့''

''ဟာ . . . ဒီကောင်ကွာ၊ ဘာတွေ ရှုးကြောင် မူးကြောင်လုပ်လာတာလဲ၊ မင်းဆောင်းပါးကို ဗီဒီယိုရိုက်- မယ်ဆိုရင် ရေဝေးမှာသွားရိုက်''

"ဟာ... မဟုတ်သေးပါဘူး။ ကျွန်တော်ကကျွန်တော့်ရွာ စကောကြီးမှာ ဆရာချစ်ကိုကိုယုရဲ့ 'ရွက်နုဝေဖြာ သံယောဇဉ်ကမ္ဘာ'လို ဇာတ်အိမ်လာတည်မှ ရိုက်ကူးဖို့ သဘောတူမှာဗျ"

"တောက် ... ဘယ်လိုကောင်စားတွေနဲ့ လာတွေ့နေရသလဲမသိပါဘူးဗျာ၊ ဟော့ ... မျိုးနိုင်"

"ဗျာ ... ဘိုးသာဒင်"

"ငါ့မြေးချက်စုကို ဘယ်မှာတွေ့ခဲ့သလဲ"

"ချက်စုလား"

"ဟုတ်တယ် ... ချက်စု၊ ငါ့မြေးချက်စု မင်းပထွေးမဟုတ်ဘူး။ ခု မင်း သူ့ကိုဘယ်မှာတွေ့ခဲ့သလဲဆိုတာ သိချင်တယ်"

"သည်ကောင်ချက်စု ... ကျောင်းဆရာကိုလှအောင်တို့ခြံဝင်းထဲက ဘူးစင်အောက်မှာ မဟာပထဝီမြေကြီးကို ရန်ရှာနေတယ်"

"ဟ ... မင်းစကားက ဘာလဲ၊ နားမရှင်းဘူး"

"ရုပကာအလင်္ကာမြောက်အောင် ပြောဆိုသုံးနှုန်းလိုက်တာပါ၊ အနက်အဓိပ္ပာယ်ကတော့ မြေကြီးပေါ်မှောက်ခုံအိပ်နေတယ်ဆိုတာပဲ၊ ကိုင်း ... သွားမယ်နော် ဘိုးသာဒင်ကျွန်တော့်ဆောင်းပါးမှာ သရုပ်ဆောင်ဖို့ရာ ဇော်လင်းနဲ့သင့်တော်မလား။ အုံ့ကျော်နဲ့သင့်တော်မလားဆိုတာကို





ခေါင်းအေးအေးထားပြီး ကောက်ရိုးပုံမှာ သွားခွေရင်း စဉ်းစားလိုက်ဦးမယ်"

"ကြွပါဗျာ ... ကြွပါ ... ကြွပါ"

ချက်စုရှိသည့်နေရာကို သိလိုက်ရသည့်အတွက် ဘိုးသာဒင်စိတ်ထဲပေါ့ပါးသွားရသည်။ သို့ဖြင့် စာသင်ကျောင်းမရောက်ခင်လမ်းမြောင်လေးတစ်ခုသို့ရောက်သောအခါ အထဲသို့ချိုးဝင်လိုက်သည်။

"ဟော ..."

တွေ့ပါချေပြီ၊ တွေ့ချေပြီကော။

မှသားကိုစောင်လိုခြုံ၍ ကလိန်စေ့ငြမ်းဆင်ခဲ့လေသောမြေတော်မောင်ချက်စုတစ်ယောက် ဘူးစင်အောက်ရှိ ဝါးကြောရာကြမ်းပေါ်၌ တကယ့်ကိုမှောက်လျက်သား စန့်စန့်ကြီး။

အိမ်၏အောက်ဆင့်မှာလည်း ကျောင်းဆရာကိုလှအောင်သည် လောကကြီးကိုစိတ်ကောက်နေဘိသည့်အလား ပိုးလိုးဆက်လက်။

"ဟော့ ... သောင်းသောင်း၊ သောင်းသောင်း၊ အယ် ... သည်ကလေးမ ဘယ်ကိုသွားနေပါလိမ့်"

ထိုအချိန်၌ ကျောင်းဆရာကတော်သောင်းသောင်းသည် တောကြီးဈေးအတွင်းသို့ ချုပ်ပြီးသားအပ်ထည်များ သွားပို့နေသည့်အတွက် အိမ်တွင်မရှိ။

"အဟားဟား ... သည်အတိုင်းနိုးလို့ကတော့ စက်တော်ခေါ်ရာက နိုးတော်မူမှာမဟုတ်ဘူး၊ သည်တော့

ခြေသလုံးပေါ်ကို ကြိမ်စကြာတော်ဖွဖွတင်လိုက်မယ်၊ သောင်းမြန်တစ်လွှားကနေ (ကိုင်း ရွာစားရေ) ယမထာ ဗိန်းမောင်းဆင့်''

''ရှပ်''

''အမလေး ... အိုးလေးလှူပ်ပါဦး၊ အိုးလေးလှူပ်ပါဦး''

အရေးထဲ နာကျင်မှုကိုအမှုမထားဘဲ ချက်စုသည် ယောင်ယမ်းနေပြန်သေးတော့၏။

''ဟော့ကောင်ချက်စု ... ငါ ဘယ်သူလဲဆိုတာ ဖြကြည့်လိုက်စမ်း''

''ဗျို''

''ဟယ် ... ကမျှင်းမသား ... နှင့်မျက်လုံးကို ဖြပြီးကြည့်ခိုင်းတာဟဲ့၊ ငါ့ပုဆိုးစကိုဖြခိုင်းတာမဟုတ်ဘူး''

''ဟင် ... ဘိုး ဘိုး အဘိုး ... ကျွန်တော် ဘာဖြစ် ...''

ထိုအချိန်ဝယ် သောင်းသောင်းသည် မချုပ်ရသေးသော အပ်ထည်များကိုယူလာပြီး ခြံထဲဝင်လာရာ မမျှော်လင့်ဘဲ ထားဝယ် ကြိမ်ကြီးကိုင်ထားသည့် ဘိုးသာဒင်နှင့် ၎င်း၏မြေး ချက်စုတို့၏ အရေးတော်ပုံအတွက် မထိတ်သာမလန့်သာဖြစ်လျက် အောက်ဆုံး ကြမ်းပြင်၌ စန့်စန့်ကြီးဖြစ်နေသည့် လင်တော်မောင်ကျေးဇူးရှင် ကျောင်းဆရာကို နှိုးလိုက်သည်။

''ကိုလှအောင် ... ကိုလှအောင်''

''အင် ... အယ်''





''ထစမ်းပါဦး ... ခပ်မြန်မြန်လေးထစမ်းပါဦး၊ ဟိုဘူးစင်အောက်မှာ ချက်စုတို့မြေးအဘိုး တစ်ဖက်သတ် ရန်ပွဲတွေဖြစ်တော့မယ်၊ သွား သွား သွားစမ်းပါဦးတော်''

''အေး အေး အေးပါဟာ ...''

ကျောင်းဆရာကိုလှအောင်လည်း ကြီးသောအမှုကိုငယ်စေ ငယ်သောအမှုကို ပပျောက်စေရန်အတွက် ကမန်းကတန်းပင် ဘိုးသာဒင်တို့ရှိရာ လှမ်းထွက်သွားလေသည်။

''ဘာဖြစ်ကြတာလဲ ဘိုးသာဒင်''

''ဘာဖြစ်ရမှာလဲ ကျောင်းဆရာရယ် ... ဟောဒီ ကောင်ချက်စု၊ ပေါက်တတ်ကရလုပ်သွားလို့ ကျုပ်တို့လူကြီး တွေ မျက်နှာဘယ်သွားထားရမှန်းမသိတော့ဘူး''

''ကျွန်တော် ဘာလုပ်လို့လဲအဘိုးရ''

''ဟေ ... မင်းက အဘိုးလုပ်သူကိုတောင်မှ ပြန်လာဥလုပ်ချင်သေးလို့လား၊ မရဘူး ချက်စု၊ မရဘူး၊ မင်းအနေနဲ့ တခြားသူတွေကိုသာ လှည့်လို့ရချင်ရမယ်၊ ဟောဒီကသာဒင်ကိုတော့ လုံးဝလှည့်ဖို့မကြိုးစားပါနဲ့''

''ဟာ ... အဘိုးပြောတာတွေ ကျွန်တော်တော့ နားမလည်တော့ဘူး''

''ဟုတ်ပါတယ် ဘိုးသာဒင်ရယ်၊ ချက်စုနားမလည် သလို၊ ကျွန်တော်တို့လဲ နားမလည်နိုင်အောင်ဖြစ်ရတယ်၊ ဘာတွေဘယ်လိုဖြစ်တယ်ဆိုတာ သေသေချာချာရှင်းပြမှ

သည်တော့ ကျောင်းဆရာက ချက်စုကို ပြန်ကြည့်သည်။ ဘာရေ ဘယ်လိုဖြစ်ကုန်ကြသနည်းဆိုသည့်သဘော။

သည်တော့မှ ချက်စုလည်း သန်းလွင်နှင့်စပ်လျဉ်းသည် ကိစ္စဝိစ္စများကို ခရေစေ့တွင်းကျ ပြန်ပြောင်းပြောပြလိုက်ရသည်

"ဟ ... ဒါဆို ခင်မှူကိုသုတ်သွားတာ မင်းမဟုတ်ဘူးပေါ့"

"သြော် အဘိုးရယ် ... ကျားကိုက်ပါတယ်ဆိုမှ အပေါက်ကလေးနဲ့လား၊ နာတာရှည်လားလို့ မေးနေပြန်ပါပြီ၊ ကျွန်တော် သစ္စာဆိုရဲပါတယ်ဗျာ၊ ကျွန်တော်နဲ့ ခင်မှူ လုံးဝဆိုလုံးဝမပတ်သက်ပါဘူး။ ကျွန်တော့်အခန်းထဲမှာ သန်းလွင်ရဲ့စက်ဆီပေပုဆိုးရှိသလို၊ သန်းလွင်ဆီမှာလဲ ခင်မှူရဲ့ထဘီရှိနေပါတယ်"

"ဟေ ... ဒါဆိုရင် ကောင်မလေး ဘယ်မှာရှိလော်က်မလဲ၊ စဉ်းစားစမ်းပါဦး၊ သန်းလွင်က ပွဲထောင်မှာရှိနေတာ၊ ကိုင်း ... ကျောင်းဆရာရေ ဘယ်လိုဖြစ်နိုင်မလဲ"

"မဟုတ်မှလွဲရော ... ကျွန်တော်ယူဆထားတာတော့ရှိတယ်၊ သန်းလွင်က ဦးနှောက်နည်းနည်းပြေးတယ်၊ ဦးနှောက်ပြေးလို့လဲ ချက်စု ခံခဲ့ရတာပေါ့၊ သည်တော့ ခင်မှူကို သန်းလွင်နှမပေးထားရတဲ့ သူ့ယောက်ဖ တောခေါင်းအိမ်မှာ ရှာကြည့်ပါ၊ သန်းလွင်နှမက သန်းလွင်ကို





တောခေါင်းမိုးဇော်ကြီးနဲ့ အဆင်ပြေအောင်ဖူးစာဖက်ပေးထားတာမို့ သန်းလွင်ကိစ္စကိုလဲ ဆောင်ရွက်ပေးမှာပါ"

"ဟုတ်တယ်ဟေ့ ... တော်တယ်ဗျာ ကျောင်းဆရာ၊ ဒါကြောင့်လဲ ကျောင်းဆရာက အားလုံးရဲ့ခေါင်းဆောင်လို ဖြစ်နေတော့တာပေါ့၊ ကိုင်း ... အချိန်ရှိခိုက် လှံ့လ စိုက်လိုက်ဦးမယ်ဟေ့ ... "

"ဟုတ် ... ဟုတ်ကဲ့"

"ဟေ့ကောင်ချက်စု ... မင်းဒီမှာပဲနေဦး၊ ပြဿနာတွေအားလုံး ပြေလည်ပြီဆိုတော့မှ ငါ့ဆီပြန်လာခဲ့၊ ဟုတ်ပလား"

"ဟုတ်ကဲ့ အဘိုး၊ ဟုတ်ကဲ့"

ချက်စုတစ်ယောက် ဘိုးသာဒင်၏အဆုံးအဖြတ်စကားကြောင့် စူဠလိပ် ရေထဲလွှတ်သည့်ပမာ အပျော်ရွှင်ကြီးပျော်ရွှင်းရလေတော့သတည်း။

ဘယ်လိုလုပ်ရမယ်၊ လုပ်သင့်တယ်ဆိုတာ အဖြေရှာလို့ ရမပေါ့''

ကျောင်းဆရာကိုလှအောင်က ကျောင်းဆရာပီသလှ စကားအမေးအမြန်လုပ်လေတော့ ရှင်းမပြ၍မဖြစ်တော့ပြီမို့ ဘိုး သာဒင်ခမျာ ရှင်းပြရပါတော့၏။

''သည်လို ကျောင်းဆရာရေ . . . ခင်ဗျားကောင် ချက်စူပေါ့၊ ကျုပ်အိမ်အလယ်ခန်းမှာလာတည်းတဲ့ မုဒုံက မကျင်ခရဲ့သမီးခင်မှုံကို သည်မနက်က ခိုးပြေးသွားလို့လေ''

''ဟာ''

''ဟင်''

ဘိုးသာဒင်၏စကားကြောင့် ချက်စူနှင့်ကျောင်းဆရာ ပါးစပ်အဟောင်းသားဖြစ်သွားကြပြီး တစ်ဦးမျက်နှာတစ်ဦးကြည့် လျက် ခေါင်းကိုခါရမ်းလိုက်ကြသည်။

''မဟုတ်ဘူးအဘိုး . . . မဟုတ်ဘူး၊ အဘိုးမှားနေပြီ''

''ဟိတ်ကောင်ချက်စူ . . . တိတ်စမ်း၊ ငါက မင်းရဲ့ အဘိုးကွ၊ ငါပြောတာဘာမှားလို့လဲ''

ဤတွင် ကျောင်းဆရာ ဝင်ရပါချေပြီ။

''အဘိုးသာဒင်ရယ် . . . တစ်ခုခုတော့မှားနေတာ သေချာပြီ၊ ချက်စူဟာ . . . ဟိုးတစ်မြန်နေ့ကတည်းက ကျွန်တော်တို့နဲ့အတူ ကလော့သော့အင်းသူကြီး ဦးတင်ဥ တို့ဆီမှာရှိနေတယ်၊ ကျွန်တော်တို့နဲ့အတူ ကပ်ခိုကဆရာ ရဲမြင့်၊ ငြိမ်းချမ်းကာဖီးက စန်းရှိန်၊ ကိုမျိုးနိုင်၊ အရှည်ကြီး





ကိုလှသောင်း၊ ဘုန်းကြီးနေဝင်းတို့လဲ ပါကြပါတယ်ဗျာ၊ သည်မနက်ကျမှ ကျွန်တော်တို့အားလုံး ပြန်ရောက်လာ ကြတာ''

''ဟုတ်တယ်အဘိုး . . . ဟုတ်တယ် . . . ဆရာ ကိုလှအောင်ပြောတာ အမှန်တွေချည်းပဲ၊ ခင်မှုံနဲ့ကျွန်တော် စကားတောင်မှပြောဖူးကြတာမဟုတ်လို့ ဘာမှလဲဖြစ်စရာ အကြောင်းမရှိဘူး''

''မင်းတို့ကသာအကြောင်းမဟုတ်ဘူးလုပ်နေ၊ ခင်မှုံ့ သတင်းကတော့ ခုထိစုံစမ်းလို့မရဘူး၊ ကျင်ခခမျာလဲ ခေါင်းမီးတောက်နေပြီ''

သည်ခဏ ချက်စူ တစ်စုံတစ်ခုကို သတိရလိုက်သည်။ ဟုတ်မှလွဲရောဆိုသည့်သဘော။

''နေပါဦးအဘိုးရယ် . . . အဘိုးက ကျွန်တော် ခင်မှုံကိုခိုးပြေးသွားတယ်ဆိုရအောင် ဘယ်လိုမျိုးထင်မြင် ချက်နဲ့ပြောရတာတဲ့တုန်း''

''ထင်မြင်တာမဟုတ်ဘူးကွ၊ အတပ်စွပ်စွဲတာ၊ စွပ်စွဲ စရာ သက်သေသက္ခာရကလဲ ရှိတယ်မဟုတ်လား''

''ဘာတွေလဲဆိုတာပြောပါဦး ဘိုးသာဒင်''

ကျောင်းဆရာက စကားထောက်ပေးလိုက်သည်။ ဤတွင် ဘိုးသာဒင်က ခင်မှုံ၏သေတ္တာတွင်း၌ သိမ်းဆည်းရမိသော ချက်စူ၏ ဓာတ်ပုံ ပြီးတော့ ချက်စူ၏လက်ရေးစာတို့ကို ရှင်းပြလိုက်သည်။

ဘာပဲဖြစ်ဖြစ် ကိုယ့်အပေါင်းအသင်းရောင်းရင်းတွေထဲမှ သန်းလွင်တစ်ယောက် မုဒုံသူအပျိုချောလေးခင်မှုံနှင့် ပုဆိုးတန်းတင် အကြင်လင်မယားဖြစ်သွားရသည့်အတွက် ချက်စု ဝမ်းမြောက် ဝမ်းသာဖြစ်ရပါချေသည်။

"ငါကတော့ မင်းကို သိပ်ပြီးကျေးဇူးတင်တယ် ချက်စု၊ မင်းအ.လွှန်းလို့ ငါ ခင်မှုံနဲ့ညားတာကွ၊ မင်းသာ မအားဘူး ဆိုရင် ငါ ကျွန်ရစ်ဖြစ်နေဦးမှာ . . . ဟီဟိ"

"တော်စမ်းပါ သန်းလွင်ရယ် . . . မင်းကောင်းမှု ကြောင့် ငါ့ကျောပြင် အဘိုးရဲ့နှစ်ပင်လိမ်ထားဝယ်ကြိမ်စာ မမိတာ၊ နို့မဟုတ်လို့ကတော့ ကျောတစ်ပြင်လုံးစုတ်ပြတ် သွားမှာ ကျိန်းသေပဲ သန်းလွင်၊ ဒါတောင် အကြောင်းရင်း





မှန်မသိသေးခင် ခြေသလုံးတစ်ဖက် ကြိမ်စာမိလိုက်သေး တယ်"

"အ,တော့လဲ ခံပေါ့ကွာ၊ ခံပေါ့"

သန်းလွင်ကား သူချစ်မြတ်နိုးရလေသော ကြင်သူသက် သားနှင့် ဖူးစာဆုံရလေ၍ အပျော်ကြီးပျော်နေလေပြီ။ ယခင်ကလို သောက်သောက်စားစားမရှိတော့။ စကောကြီးရွာမှ သူ့ပွဲထောင် မော်တော်က စက်အကောင်းဆုံး၊ ခုတ်မောင်းနှုန်းအမြန်ဆုံးဆိုသည့် ကော်ကိုဆောင်လျက် စီးပွားရေးကိုလုံးပမ်းနေသလို၊ ဇနီးသည်ခင်မှုံ ကလည်း စကောကြီးဈေးရုံထဲ၌ ဆိုင်ခန်းကြီးတစ်ခုကိုဝယ်ပေး၍ မှထွက်သော စောင်အပါအဝင် အထည်အလိပ်များကို က်လက်စွာ ရောင်းဝယ်ဖောက်ကားစေလေသည်။

"ဟော့ကောင်ချက်စု . . . မင်း မိပုံ့ကိုသတိရသေး လား"

"ဟာ . . . သတိမရဘဲနေမလားကွာ၊ မိပုံ့အပါအဝင် ဘယ်သူတွေကပဲ အသိအမှတ်မပြုဘဲနေကြပစေ၊ ငါ့နှလုံး သားကတော့ မိပုံ့ဟာ ငါ့ရဲ့အချစ်ဦးဆိုတာကို လက်ခံ ယုံကြည်ထားတယ်၊ ဒါပေမယ့် မိပုံ့က မာနခဲလေးကွ"

"ဒါကလဲကွာ . . . မိဘဘိုးဘွားတွေရဲ့ကျော ထောက် နောက်ခံတောင့်တင်းတာရယ်၊ မိသားစုပိုင် ဆေးလိပ်ခုံရဲ့ စီးပွားရေးလုပ်ငန်းအောင်မြင်တာရယ်၊ သူ့မှာ ပိုင်ဆိုင်တဲ့အလှရယ်ကြောင့် မာနတော့ရှိတန် သလောက်ရှိမှာပဲကွာ၊ အားမငယ်စမ်းပါနဲ့ ချက်စုရာ၊

မင်းနောက်မှာ ငါတစ်ယောက်လုံးရှိပါသေးတယ်၊ မင်းနဲ့ မိပွဲ့တို့ နီးစပ်နိုင်ဖို့အရေးမှာ ငါကူညီနိုင်မယ့်အခွင့်အလမ်း ရှိရင် ဘယ်တော့မှနောက်ဆုတ်မသွားဘူးဆိုတာ မင်း ယုံထားလိုက် ချက်ရှု''

''အေးပါကွာ . . . အေးပါ၊ အပြောနဲ့အလုပ် ညီ၊ မညီဆိုတာ တစ်နေ့တော့ အဖြေပေါ်လိမ့်မပေါ့၊ ကိုင်းဟော့ မင့်မော်တော်ကို ဟိုဘက်ကမ်းပါးနားကျ ရပ်ပေးကွာ၊ ငါဆင်းနေခဲ့မယ်''

''မင်းဘာလုပ်ဦးမလို့လဲ ချက်ရှု၊ အဲဒီကမ်းပါးမှာ ကျောက်ဆောင်တွေပေါ့တယ်နော်''

''ပေါလို့လဲပဲ အဲသည်နားကိုပို့နိုင်းတာပေါ့ကွ၊ အဲသည် မှာ ကျောက်ပုစွန်တချို့ အောင်းနေတယ်လို့ ကိုရင်မွှေးတို့ ပြောင်းသမား ကိုဘထွန်းတို့က ပြောလို့ကွာ၊ ဟင်းစား လေးဘာလေးရအောင် ငုပ်ကြည့်ချင်တယ်၊ ကျောက်ပုစွန် မရလဲ ရေချိုးပြန်တာပေါ့ကွာ''

''မင်းကတော့ကွာ . . . တကယ့်ကိုစံပါပဲ''

သန်းလွင်လည်း ကုန်သွားချပြီး၊ ခမိုးသည်အနည်းငယ်နှင့် ပြန်လာခဲ့ရာ၊ ထိုခရီး၌ ချက်ရှုပါလာသဖြင့် ချက်ရှုစေစားသည် အတိုင်း ကျောက်ကမ်းပါးအနီးတွင် စက်ရှိန်ရပ်ပေးလိုက်သည်။

''အဲဒီအဝတ်တွေကို စန်းရှိန်တို့ဆိုင်မှာ ပေးထား လိုက်ကွာ၊ ကျောင်းဆရာတို့လာရင်လဲ စောင့်နေ၊ ငါ ပြန်လာခဲ့မယ်လို့ပြောထားပေး''





သည်သို့ပြောဆိုပြီးသည့်နောက် ခါးဝတ်ဘောင်းဘီတို လေးနှင့် မြစ်တွင်းသို့ ဝုန်းခနဲထိုးဆင်းသွားလေတော့သည်။

''သူ ဘးပြီဟော့ . . . သွားပြီ''

သန်းလွင်က သည်သို့ပြောဆိုပြီး သူ့မော်တော်လေးကို ဘာကြီးမော်တော်ဆိပ်ရှိရာသို့ ဦးလှည့်လိုက်လေသည်။

# ( ၁၀ )
# ဟိုဟာလိုလို ... သည်ဟာလိုလို

ရောဝတီ၏မြစ်ရေကား အေးမြကြည်လင်၏။

သောက်သုံး၍လည်းချိုလှပါဘိ။

မြစ်ကမ်းပါးတွင်နေထိုင်ကြသူတွေအဖို့ သောက်သုံးရေကို မြစ်ကမ်းပါးသို့ ဆင်း၍ခပ်ကြ၏။ လှည်းနွားတို့ဖြင့် ရေစည်တိုက် ကြ၏။ သတ်မှတ်ထားသောရေချိုးဆိပ်၌ အဝတ်လျှော်ဖွပ်သူ လျှော်ဖွပ်၊ ရေကူးသူကူးဖြင့် တကယ့်ကိုစည်စည်ကားကား။

ထို့ပြင်တစ်ဝ အဆိုပါရောဝတီမြစ်ပြင်၏ရင်ခွင်ထဲ၌ ငါးသန် သေးနုပ်မှအစ ရောမငါးကြီးအထိ ရေချိုငါးအစုံစုံတို့မှာ နိုလှုံ ပျော်ပါးလျက်ရှိကြ၏။ သည့်အတွက် အသိဉာဏ်ကိုအသုံးချ တတ်သောလူသားတို့က ပိုက်ကွန်ပစ်၍လည်းကောင်း၊ ပိုက်ချ၍ လည်းကောင်း၊ ပိုက်တန်း၍လည်းကောင်း၊ ကျားပါးစပ်ထောင်၍





ည်းကောင်း၊ နည်းပျူဟာအမျိုးမျိုးဖြင့် ဖမ်းယူကြပါသော်လည်း အတွင်းရှိလူသားတို့ရိက္ခာများမှာ ကုန်ခန်းမသွားခဲ့။

တစ်ဖန် ပူပြင်းခြောက်သွေ့သောနွေရာသီရောက်လျှင် ဝတီမြစ်မှရေတို့အား ကူဘိုတာစက်ဖြင့်စုတ်တင်လျက် နွေစပါး ကောက်ပဲသီးနှံများ၊ ဟင်းသီးဟင်းရွက်များကိုပါ စိုက်ပျိုးနိုင် ၏။ ဒါတင်မက မြစ်ကြောင်းပြောင်းရွှေ့၍ သြဇာမြေဆီ င်းမွန်လှသော မြေနုကျွန်းများပေါ်ထွန်းလာလျှင် ကိုင်းခရမ်း ပြောင်း၊ ငရုတ်၊ ပဲအမျိုးမျိုးတို့ကိုလည်း စိုက်ပျိုးနိုင်သေးရာ ဝတီမြစ်ကြီး၏ကျေးဇူးကား ကြီးမားလှပေစွဟု ကောက်ချက်ချ သည်။

တစ်ခုတော့ရှိသည်။

မုန်တိုင်းတွေထန်သော၊ ချောင်းရေလျှံ၍ကန်ရေကျိုးရုံမက ရေပါတိုးသော မိုးတွင်းကာလသမယရောက်လျှင် ရောဝတီ ည် အနုအလှတို့ဖြင့် ဝေဆာမှိန်ခွဲ့မနေတော့ဘဲ အရိုင်းစိတ်တွေ သာတတ်ပြီး သဲသောင်ကမ်းပါး၊ မြေကမ်းပါတို့ကို တိုက်စား တတ်၏။ နိုင်ခန့်သည်ဟုထင်ရသော တာတမံတို့ကို ရေလှိုင်း ပိုးတို့ဖြင့် ကျိုးပေါက်အောင်ရိုက်ချိုးဖဲ့ချသွားတတ်၏။

မြစ်တို့၏မာယာကား ... နားလည်ရခက်လှပါကလား။

ခုကျတော့လည်း ရောဝတီသည် ရေပြာကြည်လဲ့၍နှစ်တက် ကမ်းစပ်တို့ကို ဝေဆာမှိန်ခွဲ့နေပြန်သည်။

ချက်ရှုသည့် ကျောက်စွန်းတစ်ခုသို့ အသာကလေးတိုးကပ် လိုက်သည်။ မွေးကတည်းက ရောဝတီမြစ်ကမ်းနံဘေးမှာ

နေခဲ့သူမို့ ရေကူးခြင်း၊ ရေငုပ်ခြင်း၊ ကိုယ်ဖော့ခြင်းအတတ်ပည တို့မှာ ချက်စူအတွက် တတ်မြောက်ခဲ့လေပြီးသော ပညာရပ်များ

"ဟာ ... ဟိုကျောက်စွန်းမှာ ပုစွန်ထုပ်ကျားကြီး တစ်ကောင်၊ ရေမှော်တွေစားလို့ပါကလား"

အကြည့်ကိုလျှင်လျှင်ထား၍ ကျောက်စွန်းအပါးသို့ တိုး သွားပြီး ဆတ်ခနဲဖမ်းဆုပ်လိုက်သည်။ ဟား ... မိပြီ တစ်ကော

"ဟင် ... ဟိုမှာလဲ တစ်ကောင်"

ပြောင်းသမားကိုဘထွန်းတို့ ကိုရင်မွှေးတို့ ညွှန်လိုက်သ မှာ တကယ်လည်းဟုတ်သည်။ သို့ဖြင့် ဟိုဟိုသည်သည် လှည့် ရှာဖွေရင်းမှ လက်ကောက်ဝတ်မရှိတရှိ ပုစွန်ထုပ်(၃)ကောင် ရလို သည်။ နောက်ထပ်ရှာဖွေကြည့်သေးသည်။

ကံမလိုက်လို့လားမပြောတတ်။ သည်ပုစွန်ထုပ်(၃)ကော နှင့်သာ နိဂုံးတံရတော့မည်လေ။ ထို့ကြောင့်ပင် ရေကို တစ်ဝ ကူးပစ်လိုက်၏။ ကူးရုံနှင့်အားမရ၊ ရေအောက်ထိတိုင် သူ ငုပ်လို ပြန်သည်။

ဤတွင် မမျှော်လင့်ဘဲ ကျောက်ချောင်းရှည်ရှည်တစ်ချော ကို ရလိုက်၍ အထူးအဆန်းသံဘောနှင့်ဆွဲယူလိုက်သည်။

"ဟာ ... ပုံစံကြီးကလဲ ငရုတ်ကျည်ပွေ့လိုလို၊ ဟိုဟာလိုလိုနဲ့"

သူနှင့်အတူ ရေအောက်မှပါလာသောကျောက်ချောင်းရှ ကိုကြည့်လျက် ရယ်ချင်စရာဖြစ်သွားသည်။ ကနဦး ရေထဲ ပြန်ပစ်ချရန် စိတ်ကူးလိုက်သေးသည်။





"အို ... မပစ်တော့ပါဘူးလေ၊ ဆရာကိုလှအောင် ကို လက်ဆောင်အဖြစ်ပေးပြီး နောက်ရတော့မှာပဲ ဟဲဟဲ"

နေလုံးကြီးက ဝင်သွားပြီဖြစ်သည်ကတစ်ကြောင်း၊ ညနေစာ သို့ ပြည့်စုံပြီကတစ်ကြောင်း၊ ရေကိုလည်း တစ်ဝကြီးကူးခဲ့ ကတစ်ကြောင်းတို့ကြောင့် ချက်စူလည်း ကမ်းဘက်ဆီသို့ လက်ကူးလာခဲ့လေတော့သည်။

စန်းရှိန်တို့ငြိမ်းချမ်းကဖီးမှာဖြင့် ကျောင်းဆရာတို့ရော

ကြပေပြီ။

လခထုတ်ရက်ဖြစ်သဖြင့် ယမကာအတွက် ကျောင်းဆ

တို့က တာဝန်ယူကြသည်။ အမြည်းကတော့ ... ရှယ်။

"စန်းရှိန်ရေ ... သုံးကောင်စလုံးကို အခွံနွှာမယ်၊
ရှောက်ရည်ညှစ်ပြီး ကြက်သွန်နီအကွင်းအကွင်းလှီးလို့
အစိမ်းသုပ်, သုပ်ကွာ"

"ရတယ် ချက်စူ၊ ရှယ်သုပ်ပေးမယ်"

စန်းရှိန်တို့ငြိမ်းချမ်းကဖီးသည် အပူနှင့်အအေးရော

သော စားသောက်ဆိုင်ဖြစ်လင့်ကစား ယမကာဆိုင်မဟုတ်။ သို့

တွင် ကျောင်းဆရာတို့ အေးအေးလူလူ ပြောကောင်းဆိုကော





ာင် ဆိုင်အတွင်းထောင့်ကွယ်ရာတွင် စီစဉ်ပေးထားသည်။
ခဲနှင့် နှစ်သက်ရာအချိုရည်ရသည်။

ရယ်စရာသောစရာတို့ ပြောကြဆိုကြသည်မှအပ ဟော့
ရမ်းရမ်း, သောသောသွမ်းသွမ်းမရှိ၍လည်း ဆိုင်ရှင်ဖြစ်သော
နိုန်၏မိခင်ကြီးဒေါ်တင်က ကြည်ဖြူစွာခွင့်ပြုပေးထားသည်။
လေးရဲမြင့်က ဝီစကီလေးထောင့်တစ်လုံးတာဝန်ယူ၍ ကျောင်း
ကိုလှအောင်က ရေခဲ၊ အချိုရည်၊ ဆေးလိပ်နှင့် လက်ဖက်ပွဲ
တာဝန်ယူသည်။ ချက်စူက စားရခဲသောပုစွန်ထုပ်ကြီး
ကာင်ပါလာသည့်အတွက် အခွန်အကောက်လွတ်သည်။

"တောက် ... ကောင်းလိုက်တဲ့ပုစွန်အစိမ်းသုပ်ကွာ၊
ါ ... အကြီးတင်၊ နည်းနည်းလောက်လာမြည်းပါလား
ါ"

"နင်တို့ဘာသာနင်တို့ လောက်ငအောင်ပဲမြည်းကြ
မ်းပါဟယ်၊ ငါက အသားစိမ်း,ငါးစိမ်း စားတတ်တာ
ာတ်ဘူး။ ခုတောင် သက်သတ်လွတ်စားနေတာဟဲ့"

"ဒါကြောင့်ထင်တယ် ... အကြီးတင်ကိုကြည့်ရတာ
သားအရည်လေးတွေ ဝင်းဝင်းဝါဝါနဲ့ အရွယ်ကလဲ
င်လိုက်တာ အသက်(၉၀)လို့ပြောရင် ဘယ်သူမှယုံကြ
မဟုတ်ဘူး"

"ဟဲ့ ... ချက်စူ၊ သေနာကောင်၊ စကားပြောရင်း
ာက်လာပြီ"

"ဝါး ဟား ဟား ဟား"

ချက်စူ၏အရွှန်းဖောက်လိုက်မှုကြောင့် ဝိုင်းတစ်ခုလုံး စည်ကားစွာ ရယ်မောသံများလွှမ်းသွားတော့သည်။

အမြည်းကပဲ ဦးဆောင်လေသည်လားမသိ။

သည့်ည အတော်ကလေးသောက်ကောင်းကာ နှုတ်သွက် လျှာသွက်သောည ဖြစ်လေတော့သည်။

''ဟာ . . . ခုမှသတိရတယ်၊ ဦးလှအောင်ကြီး အတွက် ကျွန်တော် ရေထဲကငုပ်လို့ယူလာတဲ့ပစ္စည်းတစ်ခု လက်ဆောင်ပေးချင်တယ်''

''ဘာ့ပစ္စည်းများပါလိမ့် ချက်စူရာ''

အားလုံးက ကျောင်းဆရာကိုလှအောင်ကိုပေးမည့်ပစ္စည်း မှာ ဘာဖြစ်မည်ကို စိတ်ဝင်တစားဖြစ်သွားကြသည်။ သည့်အတွက် ချက်စူလည်း ၎င်း၏ခါး၌ထိုးကာ အကျီဖြင့်အုပ်လာသည့်ပစ္စည်းအ စားပွဲပေါ်တင်ပေးလိုက်သည်။

''ရှော့ဗျာ . . . ''

''ဟာကွာ . . . မင်းဟာကြီးကလဲ''

''ဝါး ဟား ဟား ဟား''

စားပွဲပေါ်ရှိပစ္စည်းကိုကြည့်၍ အားလုံးက တဝါးဝါးတဟား ဖြစ်သွားကြသည်။

''ယူသာသွား ကိုလှအောင် . . . ယူသာသွား ရေအောက်ကရတဲ့ သည်လိုမျိုး ထူးထူးဆန်းဆန်းပစ္စည်း ကို ယူသာသွား''





''ဟာကွာ . . . ပုံစိုးပန်းဆိုးနဲ့ ငါးရံ့ခေါင်းတိုကြီးလိုလို သီးလိုလို၊ မှိုလိုလို၊ ရေတ်ကျည်ပွေ့လိုလို၊ ပြီးတော့ မနိုင်းကောင်းနှိုင်းကောင်းကွာ''

''အဲဒါကြောင့် ဆရာကိုလှအောင်ကို ယူသွားဖို့ ဘိုက်တွန်းနေတာပေါ့၊ ဆရာက အပေါင်းအသင်းကို မင်တယ်၊ အိမ်မကပ်ဘဲ အပြင်ထွက်တာများတယ်၊ သည် ကြားထဲ ကျောင်းဖွင့်တဲ့ရာသီဆို နေဖြူက ပညာရေးမှူး ရုံးကို ခဏခဏသွားနေရတာမဟုတ်လား၊ သည်တော့ ဆရာကတော်သောင်းသောင်းခမျာ ပျင်းနေရှာမှာပဲ၊ သည် ပစ္စည်းလေးရှိထားတော့ မပျင်းဘူးပေါ့''

''ဟား ဟား ဟား ဟား . . . ဟုတ်တယ်၊ ဟုတ်တယ်''

''ယူသာသွားပါဗျာ . . . တစ်ဖက်သားက မေတ္တာ စေတနာရှိရှိနဲ့ပေးတဲ့လက်ဆောင်ဆိုတာ မငြင်းပယ်ကောင်း ပါဘူး၊ ဟုတ်တယ်နော်''

''ဟုတ်တယ်၊ ဟုတ်တယ်၊ ယူသာသွား၊ ယူသာသွား''

အားလုံးက ဝိုင်းဝန်းတိုက်တွန်းကြသည်က တစ်ကြောင်း၊ စူ၏စေတနာကို အသိအမှတ်ပြုသည်ကတစ်ကြောင်း၊ ပြီးတော့ ာက ရေတ်ကျည်ပွေ့သဖွယ် အသုံးဝင်နိုင်သည်ကတစ်ကြောင်း က်ဝိုင်းသိမ်းပြီး အသီးသီးလမ်းခွဲကြလေသောအခါ ကျောင်း ာကိုလှအောင်လည်း ချက်စူလက်ဆောင်ပေးသည့် ကျောက် င်းရှည်ကိုခါးကြားထိုးကာ အိမ်သို့ယူသွားလေတော့သတည်း။

ရက်တွေ့ လတွေက တရွေ့ရွေ့။

ကျောင်းဆရာကိုလှအောင်သည် ချက်စူလက်ဆောင်ပေး
သော ကျောက်ချောင်းရှည်ကြီးကို ယူဆောင်လာခဲ့သည့်ည
အိပ်ပျော်နေသောသောင်းသောင်းအား မပေးဖြစ်ခဲ့ဘဲ စာအုပ်
ကြားရှိ အခန်းထောင့်တစ်နေရာနှင့်ထားလိုက်ရင်း ထိုအဖြစ်
မေ့မေ့ပျောက်ပျောက် ဖြစ်နေခဲ့လေသည်။

တစ်နေ့မှာတော့ ကျောင်းဆရာကိုလှအောင်သည် ပဏ္ဏာ
လက်ခတ်ကလေးကိုဆွဲယူကာ 'လျှပ်ပန်းခွေနွဲ့' တေးသွားကလေး
စမ်းသပ်တီးခတ်နေခိုက် ဇနီးဖြစ်သူသောင်းသောင်းသည် ပြန့်
နေသောစာအုပ်များကို သူ့နေရာနှင့်သူ အစီအစဉ်တကျဖြစ်အေ
ညီညီညာညာစုပုံဖို့ စာအုပ်တစ်အုပ်ချင်းကို ဖုတ်ဖက်ခါလို





တ်နှင့်သုတ်လိုက်လုပ်ပြီး နံဘေး၌ တစ်အုပ်ချင်း ခေတ္တခဏ
ပုံထားနေ၏။ ထိုအခိုက် ...

"အောင်မလေး ... ဒါ ဒါ ဘာ ဘာ ဘာကြီးလဲ"

သောင်းသောင်း၏အသံက အထိတ်ထိတ်အလန့်လန့်။

"ကို ကိုလှအောင် ... လုပ်ပါဦး။ ဒါ ဒါကြီး
ဘယ်လိုလုပ်အိမ်ပေါ်ရောက်နေတာလဲ"

သောင်းသောင်း၏အသံကြောင့် ကျောင်းဆရာကိုလှအောင်
သည် သံစဉ်တေးသွားကို ဖြုန်းဆိုရပ်တန့်လိုက်ပြီး သောင်းသောင်း
ရောက်လာသည်။

"ဘာဖြစ်လို့လဲ ... သောင်းသောင်းရဲ့"

"ဒါ ဒါကြီးက ... ဘာကြီးလဲ"

"အယ် ... အဲ အဲဒါ ချက်စူရဲ့ပစ္စည်းဟ"

"ဘာ ... ထို ... ရှင် ရှင် ဘာတွေလုပ်လာလဲ"

ဖြစ်ပျက်မှုအခြေအနေမှန်ကို သိမထားလေသည့် သောင်း
သောင်းအဖို့ ကိုလှအောင်၏အဖြေစကားကို ဘဝင်ကျလိမ့်မည်
မဟုတ်ပါ။ ထို့ကြောင့်ပင် လွန်ခဲ့လေပြီးသောရက်လတွေထဲမှ တစ်ည
၏အဖြစ်အပျက်ကလေးကို ပြန်ပြောင်းလုပ်ဖွင့်လိုက်သည်။

"တော့်နှယ် ... ပေါက်ပေါက်ရှာရှာတော်၊ လူ
မြင်ရင် ရှက်စရာကောင်းတဲ့ဟာကြီးမှ ယူလာတယ်၊ ဒါကို
မြင်ရင် ပတ်ဝန်းကျင်က ကျွန်မကို ဘယ်လိုထင်မလဲတော့၊
ဘုန်း ... ရှက်တာနဲ့ပဲ အသက်ထွက်တော့မယ်"

"ဟုတ်ပကွာ ... ချက်စုရေငုပ်ရင်းရလာတဲ့ပစ္စည်းကလဲ မြင်တာနဲ့ကျောချမ်းစရာကွာ၊ ယောကျ်ားချင်းတောင်ကျောချမ်းရင်၊ မိန်းမတွေဆို ပြောစရာတောင်ရှိမှာမဟုတ်ဘူး"

"ဟုတ်ပတော် ... ကျွန်မတောင် မြင်မြင်ချင်းအသက်ရှူဖို့တောင် မေ့သွားတယ်"

"ဟယ် ... သောင်းသောင်းရယ်၊ နင့်စကားကလဲ ဘယ်ရောက်လို့ဘယ်ပေါက်မှန်းသိရဲ့လား"

"မသိဘူးတော် ... မသိဘူး။ အဲသည်ပစ္စည်းတော့နမအပျိုကြီးတွေဆီ သွားပေးပါလား"

"ဟယ် ... ပေါက်ပေါက်ရှာရှာ။ ချက်စုက ငါတို့အတွက် စေတနာသုံးတန်ပြဋ္ဌာန်းပြီးပေးတဲ့ဥစ္စာကို၊ ငါတို့က သူ့ကွယ်ရာမှာ တခြားပေးပစ်တယ်ဆိုရင် သူ့စေတနာကို စော်ကားရာကျလိမ့်မပေါ့ဟာ"

"ဒါဖြင့် ... ဒါကြီးကို ဘာလုပ်ရမလဲတော့"

"ဟ ... ငရုတ်သီးထောင်းတဲ့အခါကျရင် အဲဒါကြီးကို ကိုင်ပြီးထောင်းပေါ့၊ အိမ်မှာလဲ ငရုတ်ကျည်ပွေ့ပျောက်နေတယ်မဟုတ်လား"

"တော့်သားကြီးလေ ... နောက်ဖေးမှာခွေးဝင်လာလို့ဆိုပြီး တွေ့ကရာနဲ့ကောက်ပေါက်တာ၊ ပေါက်တဲ့ပစ္စည်းက ငရုတ်ကျည်ပွေ့ဖြစ်နေတယ်၊ ရေထဲဆင်းရင်လဲ လူ့တစ်ရပ်ကျော်ရှိနေတော့ မဆင်းနိုင်းတော့ဘူး"





"ဒါကြောင့် ... ဒါကို ငရုတ်ကျည်ပွေ့အဖြစ်အသုံးပြုပါလို့ပြောတာပေါ့ကွ၊ နေရာတကာမှာ စိတ်ထားတတ်ဖို့ အရေးကြီးပါတယ်ကွာ၊ ဥပါဒါန်ကြောင့် ဥပဒ်ဖြစ်တတ်တယ် သောင်းသောင်းရဲ့၊ ငရုတ်သီးကို ဒါကြီးမင်းကိုင်ပြီးမထောင်းရဲရင် ငါကိုင်ပြီးထောင်းပေးမှာပေါ့"

"ဟုတ်ပြီ၊ ဒါဆိုရင် ... သောင်းသောင်း ဇလုံထဲမှာ ငရုတ်သီးခြောက်ပုတွေ ရေစိမ်ထားတယ်၊ အဲဒါကို ထောင်းထား။ ကြက်သွန်နီ(၃)လုံးရယ်၊ ကြက်သွန်ဖြူ(၂)ဥရယ်၊ ချင်းရယ် ထည့်ထောင်းထားချေ"

"ဟ ... ဘာဟင်းတွေချက်မှာမို့လဲ သောင်းသောင်းရဲ့"

"ငနီက သောင်းသောင်းရဲ့တူမတွေ အမဲသားလာပို့လိမ့်မယ်၊ အဲဒါကိုချက်မှာ"

"ဟ ... ဒါဆို ပိုပြီးမွှေးကြိုင်သင်းပျံ့သွားအောင်ပေါ်လေးပါလိုးထည့်ပြီး ထောင်းလိုက်မယ်လေ"

"သဘော ... သဘော"

သို့ဖြင့် ကျောင်းဆရာကိုလှအောင်၏ မြေဖြူကိုင်သောက်သည် ပစ္စုပ္ပန်လတ်တလော၌ ချက်စုထံမှလက်ဆောင်ရရှိသော ကျောက်ချောင်းရှည်တစ်ဖြစ်လဲ ငရုတ်ကျည်ပွေ့ကိုင်လက်သို့သွင်ကူးပြောင်းသွားရလေပြီတကား။

# ( ၁၁ )

# မောင်မေးလို့မပန်ထိုက်တယ်

ညက အမဲသားနှပ်ဖြင့် ဇိမ်ယစ်ခဲ့ကြသည့် ကျောင်းဆရာ ကိုလှအောင်တို့မိသားစုမှာ အမြဲတမ်း မိုးမလင်းမီအိပ်ရာမှထနေကျ ဖြစ်သော်လည်း သည်ကနေ့ကျတော့ နေထွက်မှပင် နိုးတော့သည်

"သောင်းသောင်းရေ ... "

"ဘာတုန်း ... ကိုလှအောင်"

"သောင်းသောင်းကို ပြောစရာရှိတယ်"

"သောင်းသောင်းလဲ ကိုလှအောင်ကိုပြောစရာရှိတယ်"

"ဟ ... ပြောစရာရှိတာတွေ တူနေကြပါကလား"

"ဟုတ်ပတော်"

"ငါပြောမှာက ညတုန်းကမက်ခဲ့တဲ့အိပ်မက်"

"သောင်းသောင်းပြောမှာကလဲ ညတုန်းကမက်တဲ့ အိပ်မက်ပဲ"





"ဒါဖြင့် နိုင်ငံတကာလက်ကိုင်ပြုတဲ့ (Lady First)ဆိုတဲ့ မူဝါဒအရ သောင်းသောင်းပြောပြချင်တဲ့ သောင်းသောင်း မက်ခဲ့တဲ့အိပ်မက်ကို အရင်ပြောပြ"

"ဒီလို ကိုလှအောင်ရဲ့ ... သောင်းသောင်းမက်တဲ့ အိပ်မက်ထဲမှာလေ ဝတ်ဖြူစင်ကြယ်နဲ့ပုဂ္ဂိုလ်တစ်ဦးလိုလို၊ မင်းညီမင်းသားလေးလိုလို သိပ်တော့မသဲကွဲဘူး။ ပုဂ္ဂိုလ် တစ်ဦး ပေါ်လာတယ်"

"အယ် ... ဟုတ်ပြီ၊ ကဲ ... ဆက်ပြော သောင်းသောင်း"

"အဲသည်ပုဂ္ဂိုလ်ကလေ သောင်းသောင်းကိုပြောတယ်၊ ဟော့ ... ကလေးမ၊ မင်းယောကျ်ားကိုပြောပေးပါတဲ့၊ ငါ့ကို ရေွတ်ကျည်ပွေ့အဖြစ် အသုံးမပြုပါနဲ့တဲ့၊ ငါ့တစ် ကိုယ်လုံး ပူလောင်နေပြီတဲ့၊ အဲသည်လိုအိပ်မက်ပေးတယ် ရှင့်"

သည်ခဏ စကားဝိုင်းတွင်းသို့ သမီးကြီးကပါ ဝင်ရောက် ခဲ့သည်။

"ဟုတ်တယ် မေကြီးရဲ့ ... မေကြီးအိပ်မက်မက် သလိုမျိုး သမီးလဲ ညက အိပ်မက်မက်တယ်၊ မင်းသားနဲ့ တူတဲ့ ခပ်ချောချောဦးဦးကလေ သမီးရဲ့ခေါင်းကိုပုတ်ပြီး သမီးရယ် ... သမီးဖေဖေကို တောင်းပန်ပေးပါ၊ ဦးဦး ကို ရေွတ်ဆုံထဲထည့်မထောင်းပါနဲ့၊ ဦးဦး ပူလောင်လွန်း သို့ပါကွယ်တဲ့"

''ဟား ဟား ဟား . . . ဟုတ် ဟုတ်သေးတော့ ကွာ၊ ဖေကြီးမက်တဲ့အိပ်မက်လဲ အဲသည်လိုပါပဲ၊ ခများမယ် သနားစရာ၊ ဖေကြီးကို တောင်းပန်လိုက်တာကွယ်၊ ဟုတ် မှာပေါ့လေ . . . သူထောင်းရတာကလဲ ငရုတ်သီးရယ်၊ ကြက်သွန်ဖြူနီရယ်၊ ချင်းရယ်၊ စပါးလင်ရယ်ဆိုတော့ တကယ့်အပူတွေချည်းစုနေတာကိုး။ ဒါတောင် ငရုတ် ကောင်း မပါသေးဘူးနော်''

''အင်း . . . ထူးဆန်းတာတော့ သေချာပြီ၊ အခု မက်တဲ့အိပ်မက်က တစ်ဦးတည်းကိုတောင်မှမဟုတ်ဘူး။ သုံးဦးကို တစ်ပြိုင်တည်းပေးတဲ့အိပ်မက်၊ သည်တော့ အကျိုးမရှိကာမှနေတော့ အကျိုးမဲ့မဖြစ်အောင်လို့ သည် ပစ္စည်းကို မူလပိုင်ရှင်ကို ပြန်ပေးချင်ပေး၊ မပေးချင်ရင် မြစ်ထဲကိုပြန်စွန့်ပစ်လိုက်ပါ ကိုလှအောင်ရယ် . . . နော်၊ သောင်းသောင်း ရင်တွေထိတ်လို့ပါ''

''အေးပါ . . . သောင်းသောင်းရယ်၊ မင်းစိတ်ချမ်း သာရအောင် တို့များရဲ့အိမ်မှာ သည်ပစ္စည်းမရှိစေရပါဘူး ကွယ်၊ ကဲ . . . ကျေနပ်ပလား''

''အင်း . . . အင်း''

သည်ပြဿနာက နည်းနည်းနောနောပြဿနာမဟု အခန့်မသင့်လျှင် အိမ်ထောင်စုတစ်ခုလုံး ပြိုကွဲနိုင်သည့်အ အထား။ သည်တော့ သည်ကျောက်ချောင်းကြီးကို မြစ်ထဲလွှင့်





ည်လား။ ဒါမှမဟုတ် . . . မူလပိုင်ရှင်ဖြစ်သည့် ချက်စုလက်ထဲ ပြန်လည်ပေးအပ်ရမည်လား။ ကျောင်းဆရာ စဉ်းစားရလေပြီ။

''ကိုင်း . . . သောင်းသောင်း၊ ဘာမှမပူနဲ့၊ ငါ အဆင်ပြေအောင်စီစဉ်ပေးပါ့မယ်ကွာ၊ ပေးစမ်း၊ အဲသည် ပစ္စည်း . . . ''

''ဟင့်အင်း . . . သောင်းသောင်း အဲသည်ပစ္စည်း ကြီးကို မကိုင်ရဲဘူး။ ကိုင်ဖို့နေနေသာ မြင်တာနဲ့ကို ရင်ထဲမှာ ကျလိကျလိနဲ့''

''တော်စမ်းဟာ . . . တော်စမ်း''

ကျောင်းဆရာကိုယ်တိုင် ကျောက်ချောင်းမတို့မရှည်၊ ဟိုဟာ သလိုလို၊ သည်ဟာနှင့်တူသလိုလိုကို မီးဖိုချောင်ထဲသွားယူကာ ြားထဲထိုးလျက် ခြံထဲမှထွက်လာခဲ့တော့သည်။

ဦးစွာ ဘယ်ကိုသွားရမလဲ စဉ်းစားသည်။

မြစ်ကမ်းစပ်သို့သွားရလေမည်လား။

''ဒါတော့မကောင်းဘူးထင်တယ် . . . ချက်စုက စေတနာနဲ့ပေးတဲ့ဥစ္စာ၊ ငါက သွားပြီးလွှင့်ပစ်လိုက်ရင် သူ့စေတနာကိုစော်ကားသလိုဖြစ်လိမ့်မယ်၊ အင်း . . . သည်တော့ ငါတို့မိသားစုကြုံတွေ့ရတဲ့အိပ်မက်ကို ပြောပြ ပြီး မူလပိုင်ရှင်ဖြစ်တဲ့ချက်စုကိုပဲပြန်ပေးတာ အကောင်းဆုံး ဖြစ်လိမ့်မယ်ထင်တယ်။

ဟုတ်တယ်၊ ငါ ချက်စုရှိရာကိုသွားပြီး ပြန်ပေးမှ ဖြစ်မယ်''

သည်သို့ဆုံးဖြတ်အပြီးမှာတော့ လေးလံတင်းကျပ်နေသော သူ့စိတ်အာရုံတို့သည် ပေါ့ပါးပြေလျော့သွားရလေတော့သည်။

သို့ဖြင့် တဖြည်းဖြည်းလျှောက်လှမ်းလာခဲ့ရာ စကောကြီး ဈေးကို ကျော်လွန်လာခဲ့သည်။ ထို့နောက် တစ်လှမ်းပြီးတစ်လှမ်း

မကြာခင်မှာတော့ ချက်စူရှိနေမည့် ဘိုးသာဒင်၏ လေးထပ် သုံးခန်းတွဲအိမ်ဂေဟာဆီသို့ ရောက်ရှိခဲ့လေသည်။

အဆင်သင့်ဆိုသလိုပင် ချက်စူကိုလည်း တွေ့သည်။ ဘိုးသာဒင်ကိုလည်း တွေ့သည်။

''ဟာ... ဆရာဦးလှအောင်ပါလား၊ လာပါဆရာ၊ ဘာကိစ္စများရှိပါလိမ့်''

''ကိစ္စရှိလို့ပေါ့ကွာ၊ မင်းပေးခဲ့တဲ့ ဟောဒီလက်ဆောင်ကို ရေတက်ကျည်ပွေ့အဖြစ် ဆုံထဲထည့်ထောင်းမိတာနဲ့ ငါရယ်၊ သောင်းသောင်းရယ်၊ ပြီးတော့ သမီးရယ်ကို အိမ်မက်ပေးပါရောလား၊ မဟုတ်မှလွဲရော ... မင်း ပေးခဲ့တဲ့ကျောက်ချောင်းရှည်ဟာ ထူးဆန်းမှုရှိတာနဲ့အမျှ အစွမ်းအာနိသင်တစ်ခုမဟုတ်တစ်ခုတော့ ရှိနေလိမ့်မယ် ထင်တယ်၊ ဒါပေမယ့် ... ငါတို့တစ်အိမ်သားလုံး စိတ်ထဲစနိုးစနောင့်ဖြစ်တာနဲ့ အိမ်မှာမထားရဲတော့ဘူး။ မြစ်ထဲပြန်လွှင့်ပစ်ဖို့ရာမှာ လွှင့်ပစ်ရင်လဲ မင်းစေတနာကို မလေးမစားလုပ်ရာကျမှာမို့ မူလပိုင်ရှင်အစစ်ဖြစ်တဲ့ မင်းရဲ့ လက်ထဲကိုပဲ ဝကွက်လာအပ်တာ ချက်စူရဲ့၊ ကဲ ရော့''





ပြောလည်းပြော၊ ဆိုလည်းဆိုရင်း ခါးကြားတွင်ထိုးလာခဲ့သော ကျောက်ချောင်းမတိုမရှည်ကို ချက်စူလက်ထဲသို့ ပြန်ထည့်ပေးလိုက်သည်။ ဤတွင် ဆတ်ခနဲဆိုသလို အပါးတွင်ထိုင်နေသော ဘိုးသာဒင်က ကျောက်ချောင်းကိုလှမ်းယူကာ ရှေ့နောက်ဖင်တစ်ပြန် ခေါင်းတစ်ပြန် စေ့စပ်သေချာစွာ စူးစမ်းလိုက်သည်။

''မိုက်လိုက်ပါဘိတော့ ကျောင်းဆရာရယ်၊ ဒါ .. ဘာအောက်မေ့လို့လဲ၊ ကျောက်ဖိုကွယ့်၊ ကျောက်ဖို''

''ခင်ဗျာ ... ကျောက်ဖို ဟုတ်သလား''

''ဟုတ်တယ်၊ အဲဒါ ... ကျောက်ဖိုပဲ၊ ပြီးတော့ ကျောက်ဖိုရဲ့ဆန့်ကျင်ဘက် ကျောက်မဆိုတာလဲ ရှိသေးတယ်၊ အဲဒါတွေဟာ သာမန်သူတွေ ဘယ်လိုမှမသိနိုင်တဲ့ အဖိုးတန်ဂမ္ဘီရပစ္စည်းတွေပဲ ကျောင်းဆရာရဲ့''

''နို ... ကျွန်တော်မှ သိမှမသိဘဲဥစ္စာ၊ သိမှတော့ သည်လိုမျိုး ဘယ်သူကလုပ်မှာတဲ့လဲ''

''အေးလေ ... မသိတော့လဲ မသိတဲ့အတိုင်းပဲပေါ့၊ တကယ်တော့ ... အဲသည်ကျောက်ဖိုကိုရလာရင် ရေနဲ့သေသေချာချာဆေးရတယ်၊ ပြီးရင် အမွှေးနံ့သာတွေနဲ့ ဖျန်းပက်၊ ပြီးရင် သန့်ပြန့်တဲ့နေရာမှာ ထားပေးရတယ်''

ဘိုးသာဒင်ပြောသည်က စိတ်ဝင်စားစရာအကောင်းသား။ ဘိုးသာဒင်က သည်ရပ်သည်ရွာမှာတော့ လူရှိသေ၊ ရှင်ရှိသေနှင့် ... နောက်မိဖြစ်ပြီး၊ အသက်အားဖြင့်လည်း ကြီးမားသူဖြစ်သည့်ပြင်

ဗေဒင်လက္ခဏာ၊ ဝိဇ္ဇာဓရ မြန်မာ့ဂမ္ဘီရပညာတွေကိုလည်း ဆည်း
တတ်မြောက်ထားသူ ဖြစ်လေသည်။

"ကျောက်ဖိုကော ကျောက်မပါ သူ့နေရာနဲ့သူ အသုံး
ဝင်သကွ"

"ဟုတ်ကဲ့၊ ကိုင်း . . . ချက်စူရေ မင်းပစ္စည်း
မင့်ကိုပြန်ပေးလိုက်ပြီနော်၊ ငါလဲ ကျောင်းစာကြည့်တိုက်
အတွက် မြို့က အလှူခံလို့ရလာတဲ့ ဂျာနယ်တွေ၊ မဂ္ဂဇင်း
တွေ၊ ဘာသာရပ်ဆိုင်ရာစာအုပ်တွေကို စာရင်းပြုစရာ
ရှိလို့ သွားလိုက်ဦးမယ်ကွာ၊ ညနေကျမှ စန်းရှိန်တို့ဆိုင်မှာ
ဆုံကြတာပေါ့"

"ဟုတ်ကဲ့၊ ဆရာကိုလှအောင်"

မူလပိုင်ရှင်ထံသို့ ပစ္စည်းအရင်းအမှန်ကို ပြန်လည်ပေးအ
နိုင်ခဲ့သည့်အတွက် ကိုလှအောင်ရင်ထဲ ပေါ့ပါးသွားရချေသည်

"ကျောက်ဖိုအပြင် ကျောက်မဆိုတာပါ ရှိသေးသတဲ့
ကျောက်ဖိုဆိုတာ တို့များအမျိုးသားတွေရဲ့ဟိုဟာနဲ့ ခပ်
ဆင်ဆင်။ ဒါဆိုရင် ကျောက်မဆိုတာကျရင်တော့ ဟီဟိ၊
အဲဒါသာလက်ဆောင်ရရင်ဖြင့် သောင်းသောင်းကိုအသိ
မပေးဘဲ သွားလေရာလာလေရာ ဆောင်ကိုဆောင်သွား
ရမယ် ဟဲ ဟဲ ဟဲ"

ကျောင်းဆရာကား သူ့အတွေးနှင့်သူ နောက်ကြော
ပြန်လှည့်ကာ စာသင်ကျောင်းဆီသို့ သွားခဲ့ပါချေပြီ။ ဤ
ချက်စူတို့မြေးအဘိုးသာလျှင် ကျန်ရစ်တော့သည်။





"ဟော့ကောင်ချက်စူ၊ အဲသည်ပစ္စည်းက မင်းနဲ့ထိုက်လို့
မင်းရတာ၊ အင်မတန်အစွမ်းထက်တာ၊ သူ့နေရာနဲ့သူ
အသုံးချတတ်ဖို့တော့လိုတယ်၊ အသုံးပြုစရာကိစ္စ မပေါ်
သေးရင် စောစောတုန်းက ငါပြောသလို အမွှေးအကြိုင်
တွေနဲ့ သန့်သန့်ပြန့်ပြန့်ထားပေးရမယ်"

"နေပါဦးအဘိုးရယ် . . . အဲသည်ကျောက်ဖိုဆိုတာ
က ဘယ်နေရာမှာ အစွမ်းအာနိသင်ထက်တာလဲဟင်"

"ဒီလိုကွ . . . ဒီလို ဒီလို"

ဟူ၍ ဘိုးသာဒင်က ၎င်း၏အတွေ့အကြုံအရ ပြန်ပြောင်း
ပြလေရာ ချက်စူလည်း ရွှင်ကြည်ပြုံးပြုံးဖြင့် ခေါင်းတဆတ်
ညိတ်နေလေတော့သတည်း။

ချက်စုတို့ ကျောင်းဆရာတို့ ညတိုင်းစတည်းချရာ ဘု
နက်သန့်နေရာမှန်ဖြစ်သော ငြိမ်းချမ်းကဖီးသို့ သန်းလွင်ဝင်လာ
သဖြင့် အားလုံးအံ့အားတသင့်ဖြစ်သွားကြလေသည်။

"ဟာ ... သန်းလွင်၊ လက်ထဲမှာလဲ ချိုင့်နဲ့ ဘာလာလုပ်တာလဲကွ၊ ထိုင်စမ်းပါဦး၊ မတွေ့မဆုံဖြစ်ကြတာ အတော်ကြီးတောင်ကြာသွားပြီ"

"ဟုတ်တယ် ကျောင်းဆရာရေ ... ချက်စုတို့လို လူပျိုလူလွတ်မဟုတ်တော့လဲ ဘယ်လာပြီးလတ်လျားလတ်လျားလုပ်နေလို့ဖြစ်တော့မတုန်း"

"ဟော့ကောင်သန်းလွင် ... လိုရင်းကိုသာပြော၊ မဆီမဆိုင် လက်ပံသား ဓားနဲ့မချိုင်နဲ့၊ နားရင်းကို ဖောင်းခနဲနေအောင် တီးထည့်လိုက်မှာဗျား"





အရှိန်ကလေးရနေပြီဖြစ်သည့် ချက်စုလည်း သူ့အပေါ်
တောတောလုပ်လာသောသန်းလွင်အား စကားဖြင့်ဖိနှိပ်လိုက်
သည်။

"ဆောရီးကွာ ... ချက်စု၊ ငါစကားလောသွားတယ်၊ အခုလာတာ အမေနဲ့ခင်မှုတို့သောက်ချင်တယ်ဆိုလို့ ဆီးကြိရည်ထွက်ဝယ်တာ"

"ကောင်းတာပေါ့ကွာ ... လူနဲ့တည့်ပြီး အာဟာရဖြစ်တာပေါ့၊ ဒါထက် ... အမေဆိုတာ ဘယ်သူလဲ"

"အမေဆိုတာ ကျွန်တော့်ယောက္ခမ ဒေါ်ကျင်ခကို ပြောတာခင်ဗျာ"

"ကောင်းတယ်ကွာ၊ ကောင်းတယ်၊ အသက်ရှည်တာပေါ့"

"ဘာကြောင့်အသက်ရှည်ရမှာလဲ"

"ယောက္ခမရှိသေးလို့လေ၊ စကားပုံတောင်ရှိသေး၊ ဘာတဲ့ ... 'ယောက္ခမရှိသေ အသက်ရှည်' ဆိုတာလေ"

"ဝါး ဟား ဟား ဟား"

ချက်စု၏သာသာနှင့်နာနာကလေး နောက်ထည့်မှုကြောင့်
သန်းလွင်ခမျာ ဇက်ကလေးပုသွားရှာသည်။

"ဟော့ကောင်သန်းလွင် ... နည်းနည်းလေးလောက်တော့ ကစ်ကွာ"

"ဟာ ... မဖြစ်ဘူး၊ မဖြစ်ဘူး၊ သည်အနံ့နဲ့ဆိုခင်မှုက အနားကပ်ခံမှာမဟုတ်ဘူး၊ အမေကလဲ အိပ်ပေါ်

ပေးတာက်မှာမဟုတ်ဘူး။ ဆရာတို့အတွက် လေးထောင့်တစ်လုံးထောင်ပေးဆိုရင် ထောင်ပေးခဲ့မှာပါ၊ ဒါတော့ခွင့်လွှတ်ကြပါနော်၊ နော် နော်''

''ကြော် . . . သန်းလွင် . . . သန်းလွင် . . . သန်းလွင် မိန်းမမရခင်တုန်းကများ ပေလိုက်တေလိုက်တာ လက်လန်တယ်၊ ဟော . . . ခုကျတော့လဲ တကယ့်ကိုမခုတ်တတ်တဲ့ကြောင်အတိုင်းပဲ''

''ဒါကတော့ ကျောင်းဆရာရယ် . . . သဘာဝပန်းကလေးတွေတောင်မှ ရေမြေဥတုရာသီအလိုက်အရောင်ပြောင်းတတ်ကြသေးတာပဲ၊ ကျွန်တော် ခုလိုမျိုးကောင်းမွန်တဲ့ပြောင်းလဲခြင်းအတွက် ဝမ်းမသာကြဘူးလားဟင်''

''သာပါဗျာ . . . သာပဲ့ သာပဲ့၊ ခုလိုပဲ ရာသက်ပန်လိမ်လိမ်မာမာနေသွားနိုင်ပါစေဗျား''

ကျောင်းဆရာကိုလှအောင်၏ လှိုက်လှိုက်လှဲလှဲ ဆု ကောင်းများပေးမှုကြောင့် သန်းလွင်လည်း ပီတိအပြုံးတွေ ဝေ တော့၏။ သည်ခဏ ကလေးတစ်ယောက်ဖခင်ဖြစ်သော ကျော ဆရာ၏မြင့်က တစ်စုံတစ်ခုကို သတိရသွားသည့်အလား သန်းလွင် အင်တာဗျူးလိုက်၏။

''ဖော့ကောင်သန်းလွင် . . . ဘာလိုလိုနဲ့ မင်းတို့အိမ်ထောင်သက်တမ်း တစ်နှစ်ကျော်လာခဲ့ပြီနော်''

''ဟုတ်တယ် ဆရာရဲ''

''ဒါနဲ့တောင် ကလေးမချီရသေးဘူးလား''





သည်စကားကြောင့် သန်းလွင်၏မျက်နှာမှာ ညှိုးလျှသွား သလိုလိုပင်။

''ကလေးချီနိုင်ဖို့နေနေသာသာ ကလေးရှိတဲ့အရိပ်အယောင်တောင်မှ မမြင်ရသေးပါဘူးဗျာ၊ အမေတို့ကလဲ မြေးမချီရလို့ သိပ်မကျေနပ်ကြဘူး''

''နေပါဦးကွာ . . . မင်းတို့နှစ်ဦးမှာ တစ်ဦးဦးကများ ချွတ်ယွင်းချက်ရှိနေလို့များလား''

''မရှိဘူး ဆရာရဲ၊ လုံးဝမရှိဘူး။ ကျွန်တော်နဲ့ခင်မှုံ အထူးကုတွေဆီမှာသွားပြီး ကျန်းမာရေးစစ်ဆေးပြီးပြီ၊ ပြီးတော့ သူတို့ပေးတဲ့ဆေးတွေ၊ သူတို့ညွှန်ကြားတဲ့ဆေးတွေကိုလဲ မပြွင်းမချန်စားတာသောက်တာပဲ၊ ဒါလဲ ဘာမှ ဖြစ်မလာဘူး''

''ဒါဆို . . . တွံတေးက ကိုလိုမာလကာခြာကိုသွားပြီး ဂ္ဂိုရမုတ်ဆိတ်ဆီမှာ ကလေးရနည်းယတြာတွေဘာတွေ သွားမတောင်းကြည့်ဘူးလား''

''ဘယ်နေလိမ့်မလဲ ဆရာရဲရယ်၊ ကျွန်တော်တို့အားလုံး ာ ကလေးရှူးရှူးနေကြတာဆိုတော့ ဂမ္ဘီရမုတ်ဆိတ်ဆီလဲ ရောက်ခဲ့ပြီးပါပြီ၊ ပေးတဲ့ယတြာတွေလဲ လုပ်ပြီးခဲ့ပါပြီ၊ ယတြာတွေပိုပြီးခရီးပေါက်ပါစေဆိုပြီး ကျွန်တော်နဲ့ခင်မှုံ ာစ်ခါမှခွဲမအိပ်ပါဘူး။ ဒါပေမယ့်လဲ . . . ခုထိ 'ကိဝန် ရှိ' ကိုယ်ဝန်မရှိသေးပါဘူးဗျာ''

ထိုအခါ ငြိမ်၍နားထောင်နေသောချက်စူက စကားစလာ
သည်။

"ဟော့ကောင်သန်းလွင် ... မင်းတို့ တကယ်ကလေး
လိုချင်ကြသလား"

"ဟာ ... လိုချင်လိုက်တာမှ တစ်ပိုင်းကိုသေနေ
တာပဲ ချက်စူရာ၊ ဗုဒ္ဓဂယာကဘုရားအစုံကို စပွန်ဆာ
ပေါ်ပြီးဖူးပါရစေရဲ့"

"ဒါဖြင့် ... တစ်လအတွင်း မင်းမိန်းမခင်မူ
ထူးခြားမှုရှိလာစေရမယ်၊ ကိုးလလွယ်ပြီး ဆယ်လလွယ်စေ
ရမယ်ကွာ"

"ဟာ ... သမားတော်ကြီးတွေ၊ ဂမ္ဘီရမုတ်ဆိတ်
အပါအဝင် ဆရာတွေစုံနေတာတောင် ဘာမှထူးခြားမှု
မရှိတဲ့ဥစ္စာ"

"ဟော့ကောင့်သန်းလွင် ... ဒီမှာ မျက်နှာကို
သေသေချာချာကြည့်ထား။ ချက်စူကွ .. ချက်စူ၊ နောင်
အနာဂတ်မှာ ဟောဒီစကောကြီးကျေးရွာကနေ သမိုင်းဝင်
မယ့် ဆရာကြီးတစ်ဆူဖြစ်လာမယ့် ချက်စူကွ၊ ခေသူ
မဟုတ်ဘူး၊ လျှော့တွက်ရင်မှော့ကွက်တွေဖြစ်ကုန်မယ်၊
ငါပြောသလိုလုပ်မယ်ဆိုရင် မင်းတို့ ကလေးချီရမယ်၊
မင်းတို့နှစ်ဘက်အမေတွေလဲ မြေးချီရမယ်"

"တကယ် ... "





"တကယ်ပြောတာပေါ့ကွ၊ ငါပြောသလိုဖြစ်မလာရင်
ငါ့အဘိုးအမွေပေးတဲ့ လေးပင်သုံးခန်းအိမ်ကြီးကို ပေးပစ်
လိုက်မယ်၊ မယုံရင် ဥပဒေဘွဲ့ရထားတဲ့ ဆရာကိုလှအောင်
ဆီမှာ စာချုပ်ချုပ်မယ်ကွာ ... "

သည်သို့ ချက်စူဘက်မှ အခိုင်အမာစကားဆိုလာတော့
သန်းလွင် တွေခနဲဖြစ်သွားသည်၊ ပြီးတော့ အမူအရာလည်းပြောင်းလဲ
သွားသည်။

"ဒါဆို ပြောပါကွာ ... မင်းပြောသလို ငါလုပ်ပါ့
မယ်၊ ငါတို့ ကလေးချီရပြီဆို မင်းကို အိမ်ဦးခန်းထားပြီး
မင်းရဲ့ရာသက်ပန်တပည့်ကြီးအဖြစ် ခံယူပါ့မယ်"

"အဲသလောက်တောင်လဲ မလိုပါဘူးကွာ၊ ငါ့အိမ်ကို
ရေသန့်(၇)ပုလင်းလာပေးလိုက်၊ တစ်နေ့ကို ခင်မူ (၁)ပုလင်း
ကုန်အောင်သောက်ရမယ်၊ ဇမ္ဗူလုံးချမ်းသာဘုရားဝင်းထဲက
ညောင်ပင်မှာ ခုနစ်ရက်တိတိ ရက္ခစိုးကို ငှက်ပျောသီး
သကြားဖြူးပြီးသွားကပ်လို့ သားသမီးရဖို့ဆုတောင်းရမယ်၊
ကိုင်း ... ဘယ့်နှယ်လဲ"

"လုပ်မယ်ကွာ ... လုပ်မယ်"

သန်းလွင်တစ်ယောက် အတော်ကလေးရွှင်လန်းတက်ကြွ
သည်ကိုမြင်ရ၍ အားလုံးမှာပျော်နေကြတော့သည်။ သန်းလွင်
ခံသွားတော့ အားလုံးလည်း လက်ကျန်ခွက်ကိုယ်စီကိုင်လျက်
"ချီးယားစ်"

ဟူ၍အော်ဟစ်ပြီးသကာလ၊ ဖန်ခွက်အသီးသီးကို ကစ်ဆင်
က်စေလိုက်လေတော့သတည်း။

( ၁၂ )

သိဒ္ဓိရှင်ကျောက်ဗို

နာရီလက်တံတွေက တရွေ့တရွေ့နှင့် လက်ျာရစ်လှည့်ပတ်

ရင်း ရက်တွေကို တိုးပွားစေခဲ့၏။

ထိုမှသီတင်းပတ်များ။

ပြီးတော့ . . . လတစ်လ။

ပန်းသတင်း လေညင်းဆောင်သလို၊ လူသတင်းကိုပြ

(မည်သည့်အခကြေးငွေ တံဆိုးလက်ဆောင်မှုမပေးရပါဘဲနှင့်) လူ

ဆောင်တတ်သည်ဆိုခြင်းမှာ မှန်ကန်လှပါဘိတောင်း။

စကောကြီးဈေးထဲမှာလည်း .အုတ်အုတ်ကျက်ကျက်

ဓနုဖြူကိုခုနစ်ဆင်းမည့် ပွဲထောင်မော်တော်ဆိပ်မှာလည်း

အုတ်အုတ်ကျက်ကျက်။

သည်လိုမျိုး အုတ်အုတ်ကျက်ကျက်တို့၏ မြစ်ဖျားခံရာ

သန်းလွင်မှစ၍ ပုပုကွကွ၊ ဝဝ,ပိန်ပန်၊ သူများအကြောင်းကို





ဘက်တော့ပြောလိုက်ရပါမှ ထမင်းစားမြိန်တတ်ကြလေသော

တွှီယအနွယ်ဝင် မိန်းမသားတွေပါတည်း။

ဈေးထဲက ကိုမျိုးမြင့်အသုပ်ဆိုင်မှာလည်း သန်းလွင်တို့နှင့်

ဘ်ဆက်သည့်စကားပဲဖြစ်၏။

"ဟဲ့ ... မပန်းလှိုင်၊ ဈေးရုံကြီးထဲက မုဒုံစောင်တွေ၊

အဝတ်အထည်တွေရောင်းတဲ့ ခင်မွှံသတင်းကြားပြီးပြီလား"

"ဟင့်အင်း။ ဘာလဲ ... သန်းလွင်နဲ့ခွာပြဲသွားကြ

လို့လား"

"ခွာလဲမပြဲဘူး။ ဟတ္တာလဲမကွဲဘူး။ အို ... ကောင်မ

ငါ့စကားတွေ ဘယ်ရောက်လို့ဘယ်ပေါက်သွားပါလိမ့်၊

ငါပြောတာ အဲဒါမဟုတ်ဘူးဟေ့၊ ခင်မွှံမှာ ကိုယ်ဝန်ရှိနေ

ပြီတဲ့"

"ဟယ် ... ဟုတ်လား။ ဒါဆိုကောင်းတာပေါ့အေ၊

သည်းဆို ကိုညွန့်တင်နဲ့မင်္ဂလာဆောင်ပြီး ခြောက်လတောင်

မပြည့်သေးဘူး ကလေးရတာမဟုတ်ဘူးလား မိနှင်း"

"အယ် ... ဒါက ဒါက ငါတို့က မင်္ဂလာပွဲမကျင်းပ

ခင်ကတည်းက တစ်ယောက်နဲ့တစ်ယောက် မေတ္တာပန္နက်

ရိုက်ခဲ့ပြီးကြလို့ပါအေ့"

"တော်စမ်းပါ မိနှင်းရာ ... ပေါတောတောဇီဒီယို

ဇာတ်လမ်းတွေထဲက အော့နှလုံးနာစရာစကားလုံးတွေ

ရွတ်ပြမနေစမ်းပါနဲ့"

ဤသို့ မိန်းမချင်းတွေ တီးတိုးတီးတိုး သဖန်းပိုးလုပ်နေ သကဲ့သို့ စန်းရှိန်တို့၏ငြိမ်းချမ်းကဖီးမှာလည်း သန်းလွင်သတင် လက်ဖက်ရည်ရှယ်ကျဆိမ့်၊ ပေါ့ဆိမ့်၊ ပုံမှန်တို့ဖြင့် တို့တို့ပြီးအာဟ ဖြည့်နေကြလေသည်။

''သားသမီးရှူး,ရှူးနေတဲ့ သန်းလွင်ကြီးကတော့ ထိ ပေါက်တာပေါ့ကွာ''

''ဟုတ်တယ်ကွာ . . . သန်းလွင်က ကလေးဆို သိပ်ချစ်တတ်တာ၊ အိမ်ထောင်မကျခင်ကများ သူ့နှမနဲ့ တောခေါင်းဖိုးဇော်ကြီးတို့ ဖူးစာဖက်ပြီးရလာတဲ့ တူ,တူမ လေးတွေဆို လက်ထဲကကိုချတာမဟုတ်ဘူး။

''ခုလိုမျိုး ကိုယ့်ရင်ကဖြစ်လာမယ့် ကိုယ့်သွေးကိုယ့် သားဆိုရင်တော့ ပြောလို့ကိုဆုံးမှာမဟုတ်ဘူး၊ မနက်မိုး မလင်းသေးဘူး၊ မော်တော်ဆိပ်မဆင်းခင်ဝေလီဝေလင်းမှာ–

'ငါလိုလူ . . .' ဇမ္ဗူမှာရှိသေးရဲ့လားဟေ့'ဆိုပြီး အသံ ပြုကြီးနဲ့အော်လို့ လက်ခမောင်းတောင် တဖြောင်းဖြောင်း ခတ်နေလိုက်သေး''

''ဒါပေါ့ကွ . . . 'သားဦး အရှူး'ဆိုတဲ့စကား''

''မနက်တုန်းက မော်တော်ဆိပ်မှာလဲ ရုတ်ရုတ် ရုတ်ရုတ်နဲ့ သူကလေးအဖေဖြစ်တော့မယ့်အထိမ်းအမှတ် အဖြစ် အခုတစ်ခေါက်အသွားအပြန်ကို 'ဓမ်တော်ခဖမ်း ဆိုပြီး ကြေညာလိုက်အော ဘာပြောကောင်းမလဲ၊ ချက်ချင်း





ကို ကုတ်ကိုကူးမယ့်သူတွေ ဆင်းချလာတော့တာပဲ မော်တော် တစ်စီးလုံးကို ခြေချစရာတောင်မရှိဘူးဆိုပဲ''

''သြော် . . . ရှူးတာ၊ ရှူးတာ''

သည်လိုမျိုး ကလေးဖခင်လောင်းသန်းလွင်၏စကားက ာကြီးရွာတစ်ရွာလုံးသို့ လေပြည်သုတ်လိုက်တိုင်း တစ်ယောက် မှသည်တစ်ယောက်နားသို့ ရောက်သွားကြလေရာ ညဦးနက်မှ ရာဝင်ရသဖြင့် နေဖင်ထိုးမှနိုးလာသော ကျောင်းဆရာကို အောင်အဖို့ သောင်းသောင်းဈေးမှပြန်အလာ အနီသန်းလွင် ာင်းကို ကြားသိလိုက်ရပါတော့သည်။

''သောင်းသောင်းလဲလေ . . . သည်သတင်းကြားရ တော့ သန်းလွင်အတွက် ဝမ်းသာလိုက်တာ၊ အိမ်ထောင် တစ်ခုဖြစ်လာရင် လင်မယားနှစ်ယောက်အဖို့ သားသမီး ဆိုတာ လိုအပ်တယ်၊ သားသမီးဆိုတာ မိခင်နဲ့ဖခင်ကို ပြေလည်အောင်ဆက်သွယ်ပေးတဲ့ သံယောဇဉ်ကြိုးတံတား လေးတွေနဲ့တူသလို၊ ခြောက်ကပ်နေတဲ့ဝန်းကျင်လေးကို သာယာအောင်ဖန်တီးပေးမယ့် ဆည်းလည်းကလေးတွေ နဲ့လဲတူတယ်လို့ ဆိုရမယ်နော်''

''အလဲ့ . . . သောင်းသောင်းရဲ့စကားဥပမာအလင်္ကာ တွေကလဲ အဆင့်မနိမ့်တော့ပါကလား၊ မြန်မာစာပြတဲ့ ဆရာရဲ့ကတော်ကောင်း ပီသပါပေတယ်ဗျာ''

''အောင်မာ . . . သောင်းသောင်းကိုသိပ်မမြှောက်နဲ့၊ သည်လိုပြောတတ်ဆိုတတ်တာဟာ ကိုလှအောင်အိမ်ကို

ယူယူလာတဲ့စာအုပ်တွေကို ဖတ်ရှုမိတဲ့အကျိုးအကြောင်း ပဲရှင့်''

''အဲဒါပေါ့ကွာ ... 'စာပေစကားနေ့တိုင်းကြားက မယားလိမ္မာ'တယ် ဆိုတာပဲ၊ ငါလဲ သန်းလွင်အကြောင်း ကြားရတော့ ဝမ်းသာတာပေါ့ကွာ၊ သည်ကောင်ကြီး သည်ပွဲမှာရှုံးသွားပြီ၊ အနိုင်ရလိုက်တာကတော့ ချက်စုပဲ''

''သန်းလွင်နဲ့ချက်စုက ဘာတွေအလောင်းအစားလုပ်ထားကြလို့လဲဟင် ... လောင်းကစားဥပဒေက ကြောက်စရာနော်၊ တော်ကြာ ရုံးရောက်ဂါတ်ရောက်နဲ့''

''အဲသလိုမျိုးမဟုတ်ပါဘူး ... ငါ့မိန်းမ ဆရာကတော်ရယ် ... အဖြစ်ကဒီလိုကွ၊ ဒီလို''

ဟုဆိုလျက် သန်းလွင်လာပို့သော ရေသန့်ဘူး(၇)ဘူးတို့မှ ရေတို့အား ပုံးလွတ်တစ်ခုထဲ သွန်ထည့်စေကြောင်း၊ ထို့နောက် ဆိုရေများထဲသို့ သောင်းသောင်းတို့မိန်းမသားတွေ ရင်တုန်ပန်းတုန် ဖြစ်လောက်အောင် ပုံသဏ္ဍာန်ထုထည်အရွယ်အစားထူးခြားသော ကျောက်ဖိုအား စိမ်ထားကြောင်း၊ ညနေဘက်၌ ကျောက်ဖိုစိမ်ပြီးသား ရေတို့ကို ရေသန့်ဘူးလွတ်များအတွင်း ပြန်ထည့်ပေးလိုက်ကြောင်း။

ခင်မှုံအား နောက်ရက်မှစ၍ တစ်နေ့တစ်ဘူးသောက်စေကြောင်း၊ အဆိုပါ(၇)ရက်အတွင်း သက်သတ်လွတ်စားခြင်း၊ ဖျူလုံးချမ်းသာဘုရားသို့သွား၍ ညောင်ပင်စောင့်ရုက္ခစိုးထံ သားဆုပန်လျက် ငှက်ပျောသီးသကြားဖြူးပွဲတော်ပန်းကန်ကို ဆက်ကပ်စေခဲ့ကြောင်း





ရေစေ့တွင်းကျပြောဆိုလိုက်သောအခါ သောင်းသောင်းခမျာ ပါးစပ်ဟောင်းသားဖြစ်သွားရှာလေတော့သည်။

''ဒါဆိုရင် ... ချက်စုရဲ့ကျောက်ဖိုဆိုတာ သိဒ္ဓိပြည့်ဝတဲ့ကျောက်ဖိုပဲဖြစ်ရမယ်''

''ဖြစ်နိုင်တာပေါ့ ... သောင်းသောင်းရယ်''

''မသိလို့မေးရဦးမယ်၊ အဲသည်သိဒ္ဓိရှင်ကျောက်ဖိုစိမ်ထားတဲ့ရေကို သောင်းသောင်းလဲသောက်မိရင် ဘယ်လိုဖြစ်မလဲမသိဘူးနော်''

''ဟာ ... သောက်စရာမလိုပါဘူး သောင်းသောင်းရယ်၊ သောက်ဖို့တော့စိတ်မကူးပါနဲ့၊ ခုဟာက သန်းလွင်မစွမ်းလို့ ကျောက်ဖိုသိဒ္ဓိရှင်က ကူညီစွမ်းဆောင်ပေးလိုက်တာပါ၊ ကိုလှအောင်ကတော့ ဘာစွမ်းသလဲမမေးနဲ့၊ ကာလသားချက်,ချက်ထားတဲ့ ဘဲသားဟင်းအိုးထဲက ဘဲခေါင်းကြီးတစ်ခုလုံးကိုတောင် တစ်ချက်ကလေးမှ သွားနဲ့လဲမငြိ၊ လျှာနဲ့လဲမထိဘဲ ရှုလွတ်ခနဲမြိုနိုင်တဲ့ပုဂ္ဂိုလ်ကွ ဟဲဟဲ။

ကိုယ်နဲ့သောင်းသောင်းတို့ရဲ့ အိမ်ထောင်သက်တမ်းတစ်လျှောက်မှာ ဘာများအဖုအထစ်ရှိခဲ့လို့လဲ၊ ဘယ်ကိစ္စဆို သောင်းသောင်းပြီးမှပဲ ကိုယ်ပြီးခဲ့တယ်မဟုတ်လား''

''အို - တော်ပါ၊ ဒီမှာဟင်းချက်နောက်ကျတော့မယ်''

သို့ဆိုလျက် အိမ်ပေါ်တက်ပြီး မီးဖိုချောင်သို့ဝင်သွားလေရာ င်းဆရာကိုလှအောင်ခမျာ ပြုံးတုံ့တုံ့ဖြစ်လျက် ကျန်ရစ်ခဲ့သတည်း။

# ( ၁၃ )

# သူကြိုက်တဲ့စံပယ်ကုံး

တစ်ခါပြုံ့ဖူး။ သူ့ကျေးဇူးကို အထူးသိလျက် အဆပ်ခက်
ဟုဆိုလေသောအမျိုးအစားထဲ၌ သန်းလွှင် အပါမခံနိုင်။

သူ ... ခင်မှုံနှင့်ဖူးစာဖက်ချစ်သက်ဝေဖြစ်ခဲ့ရသည့်ကိ
ချက်စုသည် အဓိကသောချက်ဖြစ်ခဲ့သည်။ ပြီးတော့ သားသမီ
ရှုးနေရသောအဖြစ်မှလည်း ဆွဲထုတ်ကယ်တင်ခဲ့သူမှာ ချက်
မဟုတ်လား။

သည်လိုမျိုး သူငယ်ချင်းကောင်းကြီးချက်စုအပေါ် ကျေ
တုံ့ပြန်နိုင်ရန်အရေးကို သန်းလွှင်သည် အမြဲလိုပင် ခေါင်း
ထည့်ထားလျက်ရှိ၏။

"ငါ့ကျေးဇူးကို ပြန်ဆပ်ချင်တယ်ဆိုရင်ဖြင့် မိပုံနဲ့
ငါ့ကို နီးစပ်အောင်လုပ်ပေးကွာ ..."တဲ့။





ချက်စု၏စကား။ သည်စကားသည် သန်းလွှင်၏နားထဲ၌
မှိုနက်သကဲ့သို့ စွဲမြဲလျက်ရှိ၏။

ဟော ... ခုတော့လည်း 'ခေါင်းလျှော်ပြီးဆံကေသာ
သီမှာအဆင်သင့်'ဆိုသည့်ကိန်းက သူ့အလိုလိုဆိုက်လာတော့
ကော။

မနက်ဖြန်တွင် စကောကြီးဈေးမှ ဆေးလိပ်ကိုယ်စားလှယ်
ကြေးကျန်များရှင်းလင်းရန်အတွက် မိပုံက သန်းလွှင်၏
တော်နှင့်ခနဲ့ဖြူမှ စကောကြီးသို့လိုက်ပါမည်ဆိုပဲ။ သည့်အတွက်
ကိနီညဏ်နက်များလှစွာသော သန်းလွှင်အဖို့ အချစ်ကျားကွက်
ကို ဘယ်သို့ဘယ်ပုံရွှေ့ပြောင်းလှုပ်ရှားရမည်ကို အနုလုံပဋိလုံ
တောကြီးဆရင်း အဖြေထုတ်နေလေတော့သည်။

ညနေဘက်ရောက်တော့ မော်တော်ပေါ်မှ ပစ္စည်းပစ္စယ
သိမ်းဆည်းပြီး အိမ်သို့ပြန်ကာ ရေမိုးချိုးသည်။ ယောကျ်ား
ချက်ထားသော ဖွယ်ဖွယ်ရာရာဟင်းတို့နှင့် ထမင်းမြိန်မြိန်
သောက်ပြီး စန်းရှိန်တို့ငြိမ်းချမ်းကဖီးသို့ ထွက်လာခဲ့လေသည်။

ဆိုင်မှာ ကျောင်းဆရာတို့ရောက်နေကြသော်လည်း ချက်စု
အရိပ်အယောင်မှမမြင်ရသေး။

"ဗျို့ ... ကျောင်းဆရာ၊ ချက်စုရောက်မလာသေး
ပါလား"

"လာမှာပါကွာ ... နေ့လယ်ကတောင် တွေ့လိုက်
ပါသေးတယ်၊ သည်ညနေ ဘဲခေါင်း၊ ဘဲခြေထောက်တွေ
ချက်လာခဲ့မယ်တဲ့"

ဘဲခေါင်းတစ်ခေါင်းလုံးကို ရှုလွတ်ခနဲမြည်အောင် မျိုချခဲ့ သဖြင့် 'ဘဲနန်း'ဟု အမည်ပြောင်တစ်ခုပါ ရနေလေသော ကျောင်း ဆရာကိုလှအောင်အား အားလုံးက အဓိပ္ပာယ်တစ်မျိုးဖြင့်ကြည့် လိုက်ကြရာ ကျောင်းဆရာလည်း စပ်ဖြီးဖြီးဖြစ်သွားရှာလေ၏

''ဒါ မနက်က ဓနုဖြူမြို့နယ်ပညာရေးမှူးရုံးကအပြန် 'နှင်းအဥ္စလီ' စားသောက်ဆိုင်ကိုဝင်တော့ သတင်းတစ်ခု ရတယ်''

''ဘာများတုန်း . . . ကိုလှအောင်ရဲ့''

''ရန်ကုန်ကိုခဏရောက်နေတဲ့ သတင်းထောက်မောင် တင်ထွန်းနဲ့ ရှေ့နေဦးနက်ကျော်ကြီး ရွာကိုခဏပြန်လိုက် လာမယ်တဲ့''

''ဟာ ... အရစ်ကြီးပြန်လာတော့မှာကိုး၊ ဝမ်းသာ လိုက်တာဗျာ၊ ကျွန်တော် လပွတ္တာက ချစ်မမဆီ မသွား သေးခင် ပျော်ပျော်ကြီးဆုံရဦးမှာပေါ့၊ မနှစ်က သင်္ကြန်ရက် မှာလဲ အရစ်ကြီး ကျွန်တော်တို့စကောကြီးကို ရောက် မလာဘူး''

''သူတို့မိသားစု အထက်မြန်မာပြည်အနှံ့ ဘုရားဖူး ခရီးထွက်နေကြလို့ဆိုပဲ စန်းရှိန်ရဲ့၊ ခုတစ်ခါတော့ လာ ဖြစ်အောင်လာမယ်လို့ နှင်းအဥ္စလီဆိုင်ရှင်နဲ့ သေသေချာချာ ကို ပြောလိုက်တာ''

''ဘယ်နေ့ ဓနုဖြူကိုရောက်လာမှာမို့လို့လဲ''





''သဘက်ခါတဲ့ကွ၊ နေ့လယ်လောက်တော့ ရောက်မှာ ပေါ့ကွာ၊ သည်တော့ တို့တစ်တွေ သဘက်ခါမနက်ကျရင် ဓနုဖြူသွားပြီး နှင်းအဥ္စလီကနေ စောင့်ကြမယ်၊ ဘီယာ ကြိုက်တဲ့ ဦးနက်ကျော်ကြီးကိုမှီပြီး ဘီယာမိုးနဲ့ ရေချိုး ကြတာပေါ့၊ မကောင်းလား''

''ကောင်းပါလေ့ ကိုလှအောင်ရယ် ... ကောင်းပါ လေ့''

ကျောင်းဆရာ၏အစီအစဉ်ကို အားလုံးက ကျေနပ်အားရ ဖြင့် တညီတညွတ်တည်း ထောက်ခံလိုက်ကြသည်။

''ဟော ... လက်ထဲမှာ ပါဆယ်ထုပ်နဲ့ ချက်စု ရောက်လာပြီဟေ့''

ချက်စုက အထုပ်ဆွဲလျက်ဆိုင်အတွင်းသို့ဝင်လာလေသည်။

''ဟောဒီမှာ ... ကျောင်းဆရာတစ်ယောက်တည်း သီးသန့်မြိုရအောင် (အဲ့)မြည်းရအောင် ဘဲခေါင်းကြီးထည့်ခဲ့ ဘယ်ဗျာ၊ ကျန်တာကတော့ လည်ချောင်းရိုးရယ်၊ အူရယ်၊ ခြေထောက်ရယ်၊ တောင်ပံချောင်းတွေရယ်၊ ကဲ ... စန်းရှိန်၊ ပန်းကန်တစ်ချပ်ယူပြီး ထည့်လေကွာ''

''အေးပါကွာ ... အေးပါ''

မကြာခင်မှာပဲ သူတို့အားလုံး ဝိုင်းကလေးကို ကျက်သရေ ရှိရှိဖြင့် ဖွင့်လိုက်ကြလေသည်။ အားလုံးက တစ်ယောက် ချက် လုပ်းကိုင်လိုက်သော်ငြား သန်းလွင်ကား သိက္ခာတော်ရ ယ်တော်တစ်ပါးနှယ် ဘာမျှလှုပ်လှုပ်ရှားရှားမရှိ။

"ဟော့ကောင်သန်းလွင် ... တစ်ခွက်လောက်တော့ တွယ်ကွာ၊ အမြည်းလဲ ဝါး"

"မသောက်ချင်၊ မစားချင်ပါဘူးကွာ၊ သောက်မိ, စားမိလို့ တော်ကြာ ငါတို့ရင်သွေးကလေးခများ ကဇော် သမားရဲ့သားသမီးလို့ အပြောခံနေရပါဦးမယ်"

"ဟာ ... ဒီကောင်၊ အလကားသက်သက် ငါတို့ ဝိုင်းမှာ မင်္ဂလာယူနေတာယ်၊ ပုလင်းနဲ့ကောက်ထုလိုက်ရ"

"ဟား ဟား ဟား ... ရယ်စရာပြောတာပါဗျာ၊ ကျွန်တော် ထမင်းစားခဲ့ပြီးလို့ပါ၊ အခုလာတာကလဲ ဟောဒီက ကျွန်တော့်သူငယ်ချင်းချက်စုကို ကျေးဇူးဆပ်ဖို့ ရာအတွက် အားလုံးကို ကျွန်တော့်အစီအစဉ်တွေအတွက် လာတိုင်ပင်တာဗျို့ ... လာတိုင်ပင်တာ"

"ဟေ ... ချက်စုအတွက်၊ ဟုတ်လား၊ ဘာတွေ ဘယ်လိုများ ကျေးဇူးဆပ်မှာလဲကွာ၊ ဘာလဲ 'ကျောက်မ' ရလာလို့လား"

"ဒီလိုပါဗျာ ... ဒီလိုပါ၊ ကိုင်း ... ချက်စု၊ ငါ မနက်ဖြန်စီစဉ်မယ့်ကိစ္စမှာ မင်းက အခရာပဲ၊ ပီပြင်ရင် ပီပြင်သလို အိုကေမယ်လို့ ငါ အာမခံတယ်ကွာ၊ တစ်ခု တော့ရှိတယ်နော်၊ 'ကြောက်ရင်လွဲ ရဲရင်မင်းဖြစ်'တဲ့ကွ"

"အေးပါကွာ ... ပြောသာပြောစမ်းပါ"

သည်တော့မှ သန်းလွင်လည်း မနက်ဖြန်၌ သူကြံ... ထားသည့်အချက်များကို တစ်ချက်ချင်း, တစ်ကွက်ချင်းရှင်းပြ...





...သဒေနှင့်လွတ်,မလွတ်ဆိုသည်များကိုပါ ကျောင်းဆရာဦးလှအောင် ...အား မေးမြန်းရသေးသည်။

"အေး ... မင်းဟာက ဆိုးတော့မဆိုးဘူးပဲ၊ ဒါပေ မယ့် ကြိုးတန်းပေါ်လမ်းလျှောက်ရသလိုမျိုးဆိုတာကိုလဲ ထည့်တွက်ထားဦး၊ တစ်ကွက်ကလေး ဟန်ချက်လွဲတာနဲ့ ကားခနဲပဲ၊ ဘာမှမဖြစ်ရင်တော့ ဘာမျှမဖြစ်ဘူးလေကွာ။

အဲဒီမှာ အကြောင်းပြချက်တွေ ခိုင်လုံဖို့တော့လိုလိမ့် မယ်။ ဒါမှ အရေးကိစ္စကြုံလာရင် ထောက်ကွက်တွေနဲ့ ရှင်းထုတ်နိုင်မယ်"

"ဘာပဲဖြစ်ဖြစ်လေ ... ကျွန်တော့်ကောင်ကြီးချက်စု အတွက်တော့ ကျွန်တော့်ဘက်က အစွမ်းကုန်ကူညီရမှာပဲ၊ မိပုံ့ရဲ့အနေအထားကိုကြည့်ရတာ ဆိုးရွားလောက်မယ့် အခြေအနေမျိုး မရှိပါဘူး"

"ကောင်းမယ်ထင်ရင် လုပ်ကြပေါ့ကွာ၊ အစစအရာရာ အောင်မြင်ပါစေလို့ ဆုတောင်းပါတယ်"

ကျောင်းဆရာတို့ဝိုင်းကား အေးအေးချမ်းချမ်း၊ စည်စည် ...ကား။ သည်အထဲမှာမှ ရင်မခုန်စဖူး ရင်ခုန်နေရသူကား ချက်စု ...ဖြစ်၏။

မိုးဦးလေဦးမို့ မြစ်ပြင်မှာတော့ လှိုင်းအနည်းငယ်ရှိသည်
ကောင်းကင်တစ်ခွင်လုံးသည် ငှက်ခါးရောင်မိုးသားတိမ်ထ
များဖြင့် ဆီးကာပိတ်ဆို့ထားလေ၏။ အနောက်တောင်လေပင့်က
နိုးလျှင်ဖြင့် တိမ်စိုင်တွေ ဖရိုဖရဲဖြစ်ကာ မြေပြင်တစ်ဝှမ်း၊ မြစ်ပြ
တစ်ဝှမ်းသို့ သည်းထန်သောမိုးစက်မိုးပေါက်တွေ ရွာသွန်းချ
သေချာလေသည်။

သန်းလွင်၏မော်တော်ကလေးသည် စကောကြီးရွာမှ ဈေး
သည်များ၊ ခရီးသည်များကိုတင်ဆောင်လျက် ဓနုဖြူဆိပ်ကမ်း
ခုတ်မောင်းနေလေသည်။ သည်လိုမျိုး မိုးကျပြီဆိုလျှင် တိုက်ကြီး
အဖျောက်လမ်းသည် ကတ္တရာခင်းမထားရသေးသည့် မြေလ
ဖြစ်လေရကား ကားမောင်းဖို့ရာ အခက်အခဲရှိသဖြင့် ကားပိုင်
အဖို့ ၎င်း၏ကားကြီးကို ရန်ကုန်တွင်ထားကာ အစီအစဉ်ပြောင်းလ





ခြားသောခရီးစဉ်များကို ပြေးဆွဲရလေတော့သည်။ စကောကြီးမှ
များ ရန်ကုန်သို့သွားလိုပါက မော်တော်ဖြင့် ဓနုဖြူသို့ကူးရ၏
လိုင်ထိပ်ထားကားတွေဖြစ်စေ၊ ရွှေဝါဖူးကားတွေဖြစ်စေ တစ်
းဖြင့် သွားလာရတော့သည်။

မော်တော်ကလေးသည် ရှမ်းစု၊ ထုံးဘို၊ လက်ဆွဲချောင်း၊
ညင်ပင် စသောရွာစဉ်တောတန်းများကို ရိပ်ခနဲ,ရိပ်ခနဲ
သန်းကာ ဓနုဖြူဆိပ်ကမ်းရှိရာသို့ ဦးလှည့်ခုတ်မောင်းလာခဲ့
သည်။

မကြာခင်မှာပင် ဓနုဖြူဆိပ်ကမ်းသို့ ကပ်လေတော့၏။

သန်းလွင်က ထိုးဝါးကိုကျင်လည်စွာကိုင်ရင်း စက်ရှိန်သတ်
သောမော်တော်အား ကမ်းစပ်တွင်ရပ်ထားသောမော်တော်တစ်စီး၏
းတွင် ညင်သာစွာ ဘေးချင်းယှဉ်လိုက်၏။ ချက်စူကလည်း
ိက်တသိဖြင့် သန်းလွင်မော်တော်ကြိုးအား ကမ်းစပ်တွင်စိုက်
းသောငုတ်တိုင်တွင် သွားရောက်ချည်နှောင်လိုက်လေသည်။

ဈေးသည်များ၊ ခရီးသည်များလည်း အလျှိုအလျှိုပင်
ာန်းရွက်သူရွက်၊ အထုပ်ထမ်းသူထမ်း၊ ဆွဲသူဆွဲဖြင့် မော်တော်
ဆင်းကာ မတ်စောက်သောကုန်းကမူကို ကျွေ့ဝိုက်၍လှေကား
ာပ်ထားသောအဆင့်များအား နင်းလျှောက်လျက် ကမ်းပေါ်
ိသွားကြလေပြီ။

"လာကွာ ... ချက်စူ၊ ကုန်းပေါ်တက်ပြီး မိုက်ထဲ
ာစ်ခုခုအစာဖြည့်လိုက်ကြရအောင်"

သန်းလွင်က မော်တော်ပေါ်၌ လုပ်စရာရှိတာတွေလုပ်သော့ခတ်စရာရှိတာတွေကိုခတ်ပြီး ဦးထုပ်ဆောင်းလျက် မော်တော်ပေါ်မှဆင်းလိုက်သည်။

ချက်စုအဖို့ ဆာလောင်ရကောင်းမှန်းလည်းမသိချေ။ သူ့ရင်တွေ တဒုတ်ဒုတ်ခုန်နေတာပဲသိသည်။

"ငါတော့ကွာ ... မင်းစီစဉ်ထားတာအတွက် ဒူးတွေ တုန်ချင်သလိုလိုပဲ သန်းလွင်"

"ဟော့ကောင်ချက်စု ... စစ်မရောက်ခင် မြားကုန်မနေစမ်းနဲ့၊ သည်ဖာတ်ကားမှာ ငါက ဒါရိုက်တာကွ၊ ဒါရိုက်တာဆိုတာ ရိုက်ကွင်းရဲ့ဘုရင်ပဲ၊ ငါညွှန်ကြားသမျှအတိုင်း၊ သဝေမတိမ်းသရုပ်ဆောင်ချေ၊ မင်းအကယ်ဒမီမရရင် ငါ့ကိုပြောချင်သလိုပြော၊ ဟုတ်ပလား"

သန်းလွင်ကတော့ သူ့ဇာတ်ကိုသူနိုင်သည့်အလား အပိုင်ချည့်တွက်နေတော့သည်။ ကသောင်းကနင်းမဖြစ်ပါစေနှင့်၊ အစ... အရာရာ အဆင်ပြေချောမွေ့ပါစေဟု ကြိတ်ပြီးဆုတောင်းနေမိသူ... ချက်စုပဲဖြစ်သည်။

ကမ်းနားအထက်ရှိ စားသောက်ဆိုင်ရောက်တော့ သန်းလွင်ကပင်ဦးဆောင်လျက် ထမင်းကြော်နှစ်ပွဲကို ကြက်ကြော်ဖြင့်မှာသည်။

"ဟော့ကောင် ... ဗိုက်ထဲကိုအစားဝင်အောင်စားထား၊ ငါ့ကို ဘာဆိုဘာမှပြန်မပြောနဲ့၊ ကြားလား"

"အေး ... အေး၊ အေးပါ ဒါရိုက်တာကြီးရယ်"





ထိုစဉ်မှာပင် သန်းလွင်က စားပွဲထိုးကလေးကို လှမ်းခေါ်...န်သည်။ စားပွဲထိုးလေး အနားသို့ရောက်လာသည်။

"ငါတို့အပြန်မှာ ထမင်းထုပ် (၃)ယောက်စာ ပါဆယ်ထုပ်သွားမယ်၊ ပြီးတော့ ကြက်အစိမ်းကြော်တစ်ပွဲရယ်၊ အခေါက်ကင်တစ်ထုပ်ရယ်ကော လုပ်ထား၊ ဟုတ်ပလား၊ ဒီမှာကျသင့်ငွေ၊ ယူထားချေ"

"ဟုတ်ကဲ့ခင်ဗျ"

သန်းလွင်ကတော့ သူ့ဇာတ်ကိုသူနိုင်သည်ဟု ယူဆထား...သည်ထင့်။ တည်ငြိမ်အေးဆေးစွာဖြင့်ပင် လုပ်စရာရှိသည်များ လုပ်ဆောင်နေလေသည်။

"လာကွာ ... ချက်စု၊ အချိန်တွေစောပါသေးတယ်၊ အပေါ့အပါးသွားကြရင်း လက်ဖက်ရည်ဆိုင်ထိုင်ကြရအောင်၊ မိပုံ့လာရင်လဲ ဒီလက်ဖက်ရည်ဆိုင်ရှေ့လမ်းကပဲလာမှာ"

ထိုစဉ် မိုးငွေ့အပြည့်ပါသောလေကား ရောဝတီမြစ်ပြင်ကို...၌ တဝူးဝူးတဝေါဝေါ ကျီစယ်တို့ခတ်သွားခဲ့သည်။

မကြာခင်မှာတော့ မိုးစက်မြားတံတို့က ဖြိုးဖြိုးဖြောက်...က်၊ ပိုးပိုးပေါက်ပေါက် ကျဆင်းလာလေသည်။

"ဟောဒီမိုးဟာ မင်းနဲ့မိပုံ့တို့အတွက် အနာဂတ်ခရီးသမ်း အေးချမ်းစွာလျှောက်လှမ်းရအောင် သွန်းဖျန်းပေးမယ့် မေတ္တာမင်္ဂလာမိုးလို့ မှတ်ထားပေတော့ ချက်စု"

နှစ်ဦးသား လက်ဖက်ခြောက်အကျရည်ဖြင့်နှပ်ထားသော ကျဆိမ့်လက်ဖက်ရည်ကိုသောက်နေကြရင်းမှ သန်းလွင်က စကား ဆိုသည်။ သည်ခဏ စကောကြီးရွာသားတစ်ယောက် နွားမောင်း ကြိမ်များကို ဆိုင်ဝတွင်ထမ်းထားရာမှချလျက် လက်ဖက်ရည်ဆိုင် အတွင်းဝင်လာပြီး လက်ဖက်ရည်တစ်ခွက်မှာသည်။ ပြီးတော့ ဟိုဟိုသည်သည်ကြည့်လိုက်ရင်း သန်းလွင်ကို တွေ့သွားသည်။

"ဟ . . . သန်းလွင်ပါကလား၊ မင်းမော်တော် ဘယ်တော့ထွက်မှာလဲ၊ ထွက်ရင် ငါလဲပြန်လိုက်မယ်ကွာ"

"ကျုပ် စကောကြီးကို ဒါရိုက်မပြန်ရသေးဘူး ကိုမိုး သာအောင်၊ အော်ဒါတစ်ဦးမှာထားလို့စောင့်နေတာ၊ တော် ကြာ 'မျိုးမြင့်လေးမော်တော်' လာလိမ့်မယ်၊ သူနဲ့ပြန်တာ အဆင်ပြေလိမ့်မယ်"

"အေးပါကွာ . . . အေးပါ၊ ဒါထက် . . . မင်း သားသမီးရလို့ ကလေးကင်ပွန်းတပ်ရင် ဖိတ်လိုက်ဦးနော်၊ မင်း အလကားတင်တဲ့နေ့က ခရီးမကြုံလိုက်လို့နာသကွာ"

"အေးပါဗျာ . . . အေးပါ၊ ကျုပ်ဆက်ဆက်ဖိတ် လိုက်ပါ့မယ်၊ ဟုတ်ပလား"

သန်းလွင်က စကားစကိုဖြတ်ရင်း စားပွဲထိုးလေးအား ကျသင့်ငွေကို ခပ်သွက်သွက်ကလေးရှင်းပြီး ချက်စူအား နှစ်ကိုယ် ကြားစကားဆိုလိုက်သည်။

"ဟော့ဇောင်ချက်စူ . . . ထမင်းဆိုင်က မှာထားခဲ့တဲ့ ပါဆယ်ထုပ်တွေဆွဲပြီး ငါ့မော်တော်ပေါ် မြန်မြန်သွားတော့





ဟိုမှာ . . . မိပွံ့ ထီးဆောင်းပြီးလာနေတယ်၊ မော်တော်ပေါ် ရောက်မှ အရိပ်အကွဲကြည့်လို့ အလိုက်သင့်အလျားသင့် ပြော၊ ဟုတ်ပလား"

"အေးပါကွာ . . . အေးပါ"

ချက်စူလည်း . . . ဘာမှထပ်ကွန့်ထပ်တွန့်မနေတော့ဘဲ သန်းလွင်ခိုင်းသည့်အတိုင်း လက်ဖက်ရည်ဆိုင်အတွင်းမှ သွက်လက် စွာ ထွက်လာခဲ့တော့သည်။

အပြင်ဘက်မှာတော့ မိုးစက်မိုးပေါက်တွေက မိုးသက်လေ နှင့် ဂယောဆက်နေကြဆဲ။

☺

မော်တော်ပေါ်ရောက်တော့ ပါဆယ်ထုပ်ကလေးများစုထည့် ထားသည့် ကျွတ်ကျွတ်အိတ်ထုပ်ကြီးကို စက်ခုံနံဘေးရှိ ကြမ်းပြင် ပေါ်ရာလွတ်၏ထောင့်တစ်နေရာတွင် ကပ်ထားလိုက်သည်။

မော်တော်ပေါ်၌ ပေါင်းမိုးတပ်ဆင်ထားလေသည့်အတွက် ဒဏ်ကို အပြည့်အဝကာကွယ်နိုင်သော်ငြား အရပ်ရှစ်မျက်နှာမှ ဝင်တိုက်ခတ်လာသည့် မိုးသက်လေ၏ဒဏ်ကိုမူ လည်စင်း၍ခံရ သည်လို့။

"ဟော . . . သန်းလွင်နှင့် မိပွံ့တို့ လာကြပြီ"

ကမ်းပါးထိပ်မှဖြည်းညင်းစွာဆင်းလာနေကြသော သန်းလွင် နှင့်မိပွံ့တို့ကို မော်တော်ပေါ်မှ လှမ်းမြင်ရသည်။ သန်းလွင်က ထိုးဦးထုပ်ကလေးသာ ဆောင်းထားသည်။ မိပွံ့ကိုမူ မရမ်းရောင် ပန်းပွင့်ကလေးများပြွတ်ပက်ထားသော ခေါက်ထီးကလေးကို

ဆောင်း၍ ဆလင်းဘက်ကလေးကိုလွယ်ထားသည်။ မိပုံ့ကိုတွေ့လျှင် တွေ့ချင်း ချက်စူ၏ရင်အစုံသည် တဒိန်းဒိန်းခုန်လှုပ်လာတော့၏။

"စစ်မရောက်ခင် မြားမကုန်နဲ့"တဲ့။

"ကြောက်ရင်လွဲ ရဲရင်မင်းဖြစ်"တဲ့။

ဒါရိုက်တာသန်းလွင်၏စကား။

သည်တော့ အခြေအနေအရပ်ရပ်ကို မီးစင်ကြည့်၍ကမ်း ချက်စူစိတ်ကို ဒုံးဒုံးချလိုက်ရတော့သည်။

မိပုံ့က သန်းလွင်အနောက်မှာကပ်လိုက်လာသည်။ သန်းလွင်သည် မော်တော်ကြိုးကိုလှမ်းဖြုတ်ကာ ထိန်းထားရင်းမှ မိပုံ့အား မော်တော်ပေါ် အရင်တက်စေသည်။ ပြီးမှ သူလိုက်တက်ပြီး မိပုံ့ မမြင်ခင် ချက်စူအား မျက်စိတစ်ဖက် ဖျတ်ခနဲမှိတ်ပြလိုက်သည်။

"ဟော့ကောင်ချက်စူ ... ဘယ်ကဘယ်လို ငါ့မော်တော်ပေါ်ရောက်လာတာလဲ၊ မင်းကွာ ... စကောကြီး ကနေ ပျောက်သွားလိုက်တာ၊ ဘယ့်နှယ် ... ရန်ကုန်မှာ အဆင်ပြေရဲ့မဟုတ်လား"

"ပြေပါတယ်ကွာ ... အခြေတော်တော်ခိုင်နေပါပြီ၊ ခုတောင် ရွာကအဘိုးက သူ့ရဲ့အမွေလေးကိုပေးချင်တယ် ဆိုပြီး လူကြုံနဲ့တဖွဖွမှာနေလို့ အဘိုးစိတ်ချမ်းသာအောင် ခဏပြန်လာတာကွ၊ ကမ်းနားဆင်းကြည့်တော့ မင်းမော်တော်ကိုတွေ့တာနဲ့ ဝင်ထိုင်နေတာ၊ မင်းက ထွက်တော့ မလို့လား။ ရွာပြန်ခရီးသည်တွေကို မစောင့်တော့ဘူးလား"





"မစောင့်တော့ဘူးကွာ၊ ဟောဒီက ငါ့ရဲ့ပါစင်ဂျာက အော်ဒါကြိုမှာထားလို့ နေဦး ... သူက အော်ဒါမှာထားတာဆိုတော့ မင်းခရီးကြုံလိုက်မှာ ကြိုက်,မကြိုက် မေးရဦးမယ်၊ သူက မတင်နဲ့ဆိုရင် မင်းပြန်ဆင်းပေတော့"

သန်းလွင်က ဒါရိုက်တာတာဝန်ယူထားသူပီပီ အခေါ်အပြောကွက အတော်ကလေးညက်လှ၏။ သူ့စကားအသွားအလာအပေါ် ...မှာသွားတတ်ဖို့တော့လိုလိမ့်မည်။

"ဩော် ... မိပုံ့ပါလား၊ မိပုံ့က ငါနဲ့ကျောင်းနေဘက်ပဲ၊ အသိအကျွမ်းတွေပါကွာ သန်းလွင်ရာ"

"ဟော့ကောင်ချက်စူ ... မင်းဘာသာမင်း ဘယ်လောက်သိသိ၊ ဘယ်လောက်ကျွမ်းကျွမ်း အလုပ်က အလုပ်ပဲ၊ ခုဟာက သူက ငါ့မော်တော်တစ်စီးလုံးကို အော်ဒါငှားထားတာ၊ သူ စိတ်စနိုးစနောင့်ဖြစ်ရင် ငါ့မှာ တာဝန်မကင်းဘူး၊ ခုရှုပ်မှနောင်ရှင်းပဲ"

"ဩော် ... မိပုံ့၊ ချက်စူက သည်မော်တော်နဲ့ လမ်းကြုံလိုက်ချင်လို့တဲ့၊ တင်ခဲ့ရမလားဟင်"

သည်တော့ မိပုံ့က ချောင်ကပ်ထိုင်နေသောသူ့ကို လှမ်းကြည့်သည်။ ထိုအခါ မိပုံ့၏စွမ်းအားပါဝါအပြည့်နှင့် စူးရဲသော ...ကြည့်အား ခံနိုင်စွမ်းမရှိဘိသည့်အလား သူကပဲ မျက်လွှာချပြီး ...က်နှာကလေးကို ညှိုးထားလိုက်ရသည်။

"တင်ခဲ့ပါ ... ကိုသန်းလွင်၊ သူ့ခမျာ မော်တော်ပေါ်ရောက်နေပြီးမှ ပြန်ဆင်းသွားရမှာ မကောင်းပါဘူး၊ သူလဲ သူ့ရွာသူမြန်မြန်ပြန်ရောက်ချင်မပေါ့"

"ကျေးဇူးပါပဲ မိပုံ့ရယ်၊ မော်တော်ခကျသလောက်ငါပေးပါ့မယ်"

"ရှင်က ဘယ်လောက်ပေးမှာမို့လို့လဲ၊ ကျွန်မက တစ်စီးလုံးအော်ဒါငှားထားတာရှင့်"

"အော်ဒါခအကုန်လုံး ကိုယ်ပေးလိုက်မှာပါ မိပုံ့ရယ်"

"ဟင်း ဟင်း . . . အကုန်လုံးပေးနိုင်ရအောင် ရှင်က သူဌေးလား"

"သူဌေးလို့အခေါ်မခံရသေးပေမယ့် ကုန်းကောက်စရာ မရှိလောက်အောင်တော့ မမွဲသေးပါဘူး မိပုံ့ရယ်၊ ကိုယ်လဲ ကိုယ့်လုပ်ငန်းနဲ့ကိုယ် အခြေတကျရပ်တည်နေနိုင်ပါပြီ"

"ဒါဆို အစစအရာရာ အဆင်ပြေပြည့်စုံနေပြီပေါ့"

"အဆင်ပြေတာတော့ဟုတ်တယ်၊ ဒါပေမယ့် . . . မပြည့်စုံသေးဘူး"

"ဟင် . . . ရှင့်စကားက ဘာစကားလဲ၊ အဆင်ပြေတယ်လဲဆိုသေး မပြည့်စုံသေးဘူးဆိုတာက . . . "

"ကိုယ့်မှာ လက်တွဲရမယ့်ဘဝဖော်မွန်လိုနေသေးလို့လေ"

"အို . . . "

မိပုံ့၏မျက်နှာကလေး ရှက်သွေးဖြာသွားမှာ သေချာသည်။ မည်သို့ဖြစ်စေ ဒါရိုက်တာသန်းလွင်အဖို့ ကိုယ့်မင်းသားချက်ရှုက ကိုယ်ခင်းပေးထားသည့်လမ်းအတိုင်း ဖြောင့်ဖြောင့်တန်းတန်း လျှောက်လာနိုင်ခြင်းအတွက် များစွာမှကျေနပ်နေမိသည်။





မိုးကလည်း ဘယ်အချိန်ကာလကတည်းကများ အောင့်ည်းထားခဲ့လေသည်မသိ။ ဖြုန်းဖြုန်းဒိုင်းဒိုင်းကို ရွာချလေတော့သည်။ မိုးက မိုးချည်းသက်သက်ရွာချလေသည်မဟုတ်။ လေပြင်းန်တိုင်းတွေကိုပါ အဖော်ခေါ်ဆောင်လာခဲ့သည်။ မိုးသက်လေကြောင့်င် ခရီးသည်မပါ၊ ကုန်စည်မပါလေသောကြောင့် ဝန်ပေါ့ဖြစ်သောမော်တော်ကလေးသည် လှိုင်းလေတဝုန်းဝုန်းကြားဝယ် မြောက်၊မြှောက်တက်သွားလေသည်။

"မိပုံ့ . . . သည်ကိုလာ၊ သည်ကိုလာ"

"အမလေး . . . မိပုံ့ကြောက်လိုက်တာ ကိုချက်ရှုရယ်၊ မိပုံ့ကလဲမိပုံ့ပါပဲလေ၊ အလုပ်တစ်ခုကိုလုပ်မယ်ဆိုလုပ်လိုက်ရမှ ကျေနပ်တာ၊ ဘာမှပတ်ဝန်းကျင်ရာသီဥတုအနေအထားကို ထည့်တွက်မထားမိခဲ့ဘူး။ ခုလဲ စိတ်ထဲဆုံးဖြတ်ချက်ရှိပြီးသားမို့ ထွက်လာခဲ့တာ၊ တကယ်ဆိုခုလိုမျိုး မိုးဦးလေဦးမှာ ထွက်လာဖို့မသင့်ဘူး"

မိပုံ့က ဖျတ်လတ်စွာဖြင့်ပင် မိုးလေကွယ်နိုင်သည့် ချက်ရှု၏ားတွင် ဝင်ထိုင်လိုက်သည်။ မော်တော်ကား လေပြင်းတို့ကြောင့်ပေါ်လာသောလှိုင်းလုံးများကြား၌ လူးလွန့်ယိမ်းထိုးလျက်။

"ဘာမှမကြောက်ပါနဲ့ ကိုယ်တစ်ယောက်လုံးရှိပါတယ် မိပုံ့ရယ်၊ ကိုယ်သာ အရေးအကြောင်းဆိုအဖြစ်ခံလိုက်မယ်၊ မိပုံ့ကိုအသက်ပေးပြီး ကာကွယ်ပေးသွားမှာပါ"

"အို . . . ဘာတွေပြောနေမှန်းလဲမသိဘူး။ အိုး . . . အမေ့"

ရောမလှိုင်းလုံးကြီးတစ်လုံးက ပြေးဆောင့်လိုက်လေရာ မော်တော်တစ်ခုလုံး ယိမ်းထိုးသွားပြီး တစ်ဖက်ကိုစောင်းသွားသည်။ စောင်းသွားရာဘက်က ချက်စူဘက်ဆိုတော့ ဟန်ချက်ပျက်သွားသော မိပုံတစ်ကိုယ်လုံးသည် ချက်စူ၏ရင်ခွင်တွင်းသို့ သက်ဆင်းသွားလေ၏။

ချက်စူကလည်း မိပုံ တစ်စုံတစ်ခုဖြစ်သွားမှာစိုး၍ မိပုံ တစ်ကိုယ်လုံးကိုဖက်ထားသလို၊ မိပုံကလည်း အထိတ်တလန့်ဖြင့် ချက်စူအား ဖက်တွယ်ထားလိုက်သည်။ မော်တော်ကား လှိုင်းသော များကြားတွင် ပုခက်လွှဲနေ၏။

"ဟီဟိ ... သည်လိုဖြစ်အောင် ဤဖေကိုယ်ကြံတာ ဗျ။ သန်းလွင်ဆိုတဲ့ဒါရိုက်တာ ကြံတာဗျ"

အရိပ်အကဲကိုကြည့်နေသည့် သန်းလွင်သည် တက်မကို အလိုက်သင့်ထိန်းမတ်ပေးနေ၏။ မော်တော်မောင်းသက်ရင့်နေ ဖြစ်သည့် သူ့အတွက်တော့ ကမ်းမမြင်လမ်းမမြင် ပင်လယ်ပြင်သာ မဟုတ်လို့ကား အရာရာသည် လှိုင်းကြီးလေ့အောက်ဟူ၍သာ သဘောပိုက်ထားသည်။

"ဟာ ... ဆီပုံးပြုတ်ကျသွားပြီ"

သန်းလွင်၏အသံကျယ်ကျယ်ကြောင့် ချက်စူတို့နှစ်ဦးသား အနောက်ဘက်လှည့်ကြည့်မိကြသည်။

"ဟော့ကောင် ... ဘာဖြစ်တာလဲ"

"လှိုင်းအပုတ်မှာ ဒီဇယ်ပုံးပြုတ်ကျသွားတာကွ၊ ပြန် လှည့်ရင်ကောင်းမယ်ထင်တယ်"





"စက်ရဲ့ဆီကန်ထဲမှာရှိသေးတယ်မဟုတ်လားကွာ၊ ပတ်ဝန်းကျင်မှာလဲ ပိန်းပိန်းပိတ်ပြီး ဘာမှမြင်ရတော့တာ မဟုတ်ဘူး။ လက်ကျန်ဆီနဲ့ ရွာကို ကောင်းကောင်းရောက်နိုင်ပါတယ်၊ ကြိုးစားပြီးတော့သာ မောင်းပါကွာ"

"အေးပါကွာ ... အေးပါ"

သန်းလွင်အဖို့ သူဆင်ထားသောအကွက်တွင်းသို့ ကွက်တိ လာခြင်းကြောင့် ကြိတ်၍ပီတိဖြစ်နေတော့၏။

"သိပ်ကြောက်နေသလား မိပုံ"

"မကြောက်ဘူးလို့ဟန်ဆောင်ပြီးပြောရမလား။ သိပ်ကြောက်တာပဲလို့ အမှန်အတိုင်းပဲပြောရမလားဆိုတာ မဝေခွဲတတ်တော့ပါဘူး ကိုချက်စူရယ် ..."

"ဘယ်အရာမဆို အမှန်တရားနဲ့ပဲရင်ဆိုင်တာအကောင်းဆုံးပါပဲ မိပုံရယ် ..."

"ဘာပဲဖြစ်ဖြစ်လေ ... ခုချိန်ဆိုရင် မိုးလေဥတုကိုကြည့်ပြီး အိမ်ကတော့ စိတ်ပူနေမှာအမှန်ပဲ"

"နေလာတော့လဲ နှင်းဆိုတာ ပျောက်စမြဲပါ မိပုံရယ်၊ အပူမှန်သမျှဟာလဲ နောက်ဆုံးမှာတော့ သူ့အနေအထားနဲ့သူ အေးချမ်းသွားမှာပဲပေါ့"

"အိုး ... အမေ့"

လှိုင်းတစ်လုံးအဆင့်မှာတော့ မိပုံခမျာ ချက်စူ၏ရင်ခွင်ထဲ က်ရပြန်ချေပြီ။ နှစ်ယောက်သား မလွှတ်ကြတော့။

ခက်သည်က မိုးသက်မိုးမှောင်တွေကျ၍ ရွာရှိရာကိုမှန်းဆ၍ ရမ်းရော်၍မောင်းနေရခြင်းပဲ ဖြစ်သည်။ ခါတိုင်း တစ်နာရီ တစ်နာရီခွဲလောက် မောင်းရသည့်ခရီးသည် နှစ်နာရီကျော်ကြာသွားသည်။

ကောင်းလိုက်သည့်မိုး။

ရှေ့တစ်ခေါ်ကိုလည်း မမြင်ရ။

ဘေးဘက်ဝဲယာတစ်ခေါ်ကိုလည်း မမြင်ရ။

ပြီးတော့ . . .

အနောက်ဘက်တစ်ခေါ်ကိုလည်း မမြင်ရ။

သည်မှာတင် မော်တော်စက်က ဗိုးရပ်သွားလေတော့သတည်း။

# ( ၁၄ )

# အောင်ဧစပိုင်ဧစ

မနေ့ညက ကျောင်းဆရာတို့ သန်းလွင်အိမ်သွားစုံစမ်းသည်
မိုက်ကြီးတပြုံပြုံနှင့် ခင်မှူး ထွက်လာသည်။

"ဟာ . . . ကျောင်းဆရာတို့ မသိဘူးလား၊ ကို
သန်းလွင်က ကိုချက်စုကြီးအတွက် မြားနတ်မောင်လုပ်ဖို့
အတွက် ညပြန်မလာဖြစ်ဖို့များတယ်လို့ပြောသွားတယ်လေ"

ဒါဆိုလျှင်တော့ အခြေအနေက တစ်ခုခုတော့ တစ်ခုခု
ကောက်ချက်ချရပေတော့မည်။ ကျောင်းဆရာရဲမြင့်က ခရီးသွ
ဟန်လွှဲဖြင့် ခိုးသာဒင်အိမ်သို့ သွားရောက်စုံစမ်းသည်။

"မနေ့မနက်တည်းက သန်းလွင်လာခေါ်သွားတာပဲ၊
ခုထိ အရိပ်အယောင်တောင်မတွေ့ရဘူးကျောင်းဆရာရေ၊
ကျုပ်တော့ သန်းလွင်လိုလိမ္မာရေးခြားရှိအောင် သူ
ကြိုက်တဲ့မိန်းကလေးတစ်ယောက်ယောက်နဲ့ နေရာချထား
ပေးလိုက်ချင်တာပဲ၊ နို့မဟုတ်ရင် လတ်လျားလတ်လျားနဲ့"





ဘိုးသာဒင်ထံက သည်စကားကြားရတော့ ချက်စုနှင့်
း‌လွင်တို့အရေးကိစ္စ ချောမောစွာအဆင်ပြေပါစေဟု၍သာ
ာတာင်းနေရတော့သည်။

"ကဲ . . . စန်းရှိန်ရေ၊ မင်းနာမည်ပေးထားတဲ့အရစ်
ကြီးအလာကို ခနေဖြူနှင်းအဥ္စလီကနေ သွားစောင့်ပြီးကြိုရ
အောင် မော်တော်ဆိပ်ဆင်းကြစို့ကွာ"

သုံးယောက်သား မော်တော်ဆိပ်ဆင်းတော့ မျိုးမြင့်လေး
ာ်တော်ကို တွေ့ရသည်။

"ကျောင်းဆရာတို့သုံးယောက်သားလိုက်မယ်ဆို လိုက်
လို့ရတယ်၊ ဒါပေမယ့် ခနေဖြူကို ဒါရိုက်မသွားသေးဘူး၊
အောက်ကိုစုန်ပြီး တံငါတဲတွေဆီက ငါးပိအိုးတွေတင်မှာ၊
ပြီးတာနဲ့ ခနေဖြူတန်းသွားမှာ၊ ထွမ်းစားချိန်မတိုင်မီ ရောက်
မှာပါ၊ ဖြစ်တယ်ဆိုရင် လိုက်ခဲ့ကြ"

သုံးယောက်သား တစ်ဦးမျက်နှာတစ်ဦးကြည့်လိုက်ကြ
ည်။ အားလုံး၏အကြည့်၌ လိုက်ကြမည်ဟု အဓိပ္ပာယ်ကိုယ်စီ
ည်။ သို့ဖြင့် သုံးယောက်သား မျိုးမြင့်လေးမော်တော်ပေါ်
က်လိုက်ကြသည်။ သူတို့တက်ပြီးသည်နှင့် မော်တော်ဆရာက
ါးဖြင့်ကမ်းမှခွာလျက် မော်တော်စက်ကို ဝေါက်တံလှည့်၍
ိုက်သည်။

"ရာသီဥတုကလဲ သည်ကနေ့ကျတော့လဲ မနေ့ကနဲ့
ဘာမှမဆိုင်သလိုပဲကွာ . . . နော်"

"ဟုတ်တယ် ဆရာရဲ့ မနေ့က တစ်နေ့လုံး,တစ်ည လုံး ရွာလိုက်တဲ့မိုးဗျာ၊ လေပြင်းကလဲ တိုက်လိုက်သေး"

"ခုကျတော့လဲ ကောင်းကင်တစ်ခုလုံးကြည်လင်နေ တာပဲ၊ နေကလဲပွင့်လို့"

မျိုးမြင့်လေးမော်တော်က ဓနုဖြူနှင့်ဆန့်ကျင်ဘက်အရပ် သောင်ပြင်များရှိရာသို့ ဦးတည်ခုတ်မောင်းလျက်ရှိသည်။ သည် သောင်ပြင်စပ်မှာက တဲငါတဲကလေးများရှိသည်။ မိုးတကယ်ကျ ဆိုလျှင်ဖြင့် သည်သောင်ပြင်တစ်ခုလုံး မြစ်ရေပြင်အောက်ရောက် သွားကြတော့မည်၊ သည်တော့ လုပ်ငန်းတွေသိမ်းကြရတော့သည် မှဆောင်းနွေကာလ ဖမ်းဆီးရမိသောငါးများကို သောင်ပြင်၌နေလှန်း ရသော ငါးခြောက်များ၊ အိုးများ၊ ပုတ်များအတွင်း၌ ဆားများဖြင့် သိပ်ထားသော ငါးပိများကို ရောင်းချဖို့လုပ်ကြတော့သည်။

ခုလည်း တဲငါလုပ်ငန်းသိမ်းတော့မည့်သောင်ပြင်မှ တဲ ကလေးများသို့ မျိုးမြင့်လေးမော်တော်က ကုန်စည်များတင်ဆောင် ရန် လာရောက်ခြင်းဖြစ်သည်။

"ဟော့ ... ဟော့ ... ဟိုမှာကြည့်လိုက်စမ်း"

"ဟာ ... ဒါ ဒါ သန်းလွင်မော်တော်ပဲ၊ မော် တော်ဦးမှာရပ်နေတာ၊ သန်းလွင်ဟော့၊ လက်ပြလိုက်၊ လက်ပြလိုက်"

"ပြလိုက်ပြီ ကျောင်းဆရာ၊ သူမြင်တယ်၊ ကျွန်တော် တို့မော်တော်ဆိုက်မယ့်နေရာလာမယ်လို့ လက်ဟန် ခြေဟန်နဲ့ပြတယ် ကျောင်းဆရာ"





"အေးကွာ ... သူနဲ့တွေ့မှပဲ တို့ကောင်ကြီးချက်စူရဲ့ အခြေအနေကိုသိရတော့မှာပဲ"

မကြာခင်မှာပင် သန်းလွင်မော်တော်နှင့်ခပ်လှမ်းလှမ်းရှိ ...င်စပ်၌ မျိုးမြင့်လေးမော်တော် ထိုးဆိုက်လိုက်လေသည်။

"ဆရာတို့ ... ပစ္စည်းက တင်ရုံပါပဲ၊ နာရီဝက်သာ သာလောက်ဆို ပြီးတော့မှာပါ၊ ရပါတယ်နော်"

"ရပါတယ်၊ အားမနာနဲ့၊ အေးအေးသက်သာသာ တင်ပါ၊ ကျွန်တော်တို့လဲ သောင်ပြင်ပေါ်လျှောက်လိုက်ဦး မယ်"

ကျောင်းဆရာတို့ သောင်ပြင်ပေါ်လျှောက်ပြီး ဝက်လာချိ ...း ထိုနေရာကိုက်စဉ်မှာပင် သန်းလွင်တစ်ယောက် ပြုံးဖြဲဖြဲနှင့် ...က်လာသည်။

"ဟော့ကောင်သန်းလွင် ... ငါတို့ကောင်ချက်စူကြီး ...ကာ ဘယ်မှာလဲ၊ အခြေအနေကော"

"ကောင်းမှကောင်းပါဗျာ ... မကောင်းဘဲ ဘယ်နေ ...မလဲ၊ သန်းလွင်ဒါရိုက်တာ၊ ဒါရိုက်တာသန်းလွင်ပဲဥစ္စာ၊ သန်းလွင်တို့က သည်လိုမျိုးအကျိုးဆောင်ရမယ်ဆိုရင် ကိုယ့်စားရိတ်ကိုယ်စားပြီး အကျိုးဆောင်တာဗျ၊ ကျွန်တော့် ...မနဲ့တောခေါင်းတို့ အဆင်ပြေသွားအောင်လဲ ကျွန်တော်ပဲ အကျိုးဆောင်ခဲ့တာပဲ ဟဲ ဟဲ ဟဲ"

"ကိုင်း ... မင်းနှမကိစ္စက တို့အားလုံးသိပြီး သားမို့ထားလိုက်ပါတော့၊ တို့ကောင်ချက်စူကြီးရဲ့ကိစ္စကိုပဲ ...သိချင်တယ်၊ ဘယ်လိုလဲ"

"အဆင်ပြေပ့ါဗျာ ... ရာသီဥတုက ကိုယ့်ဘက်ပါနေတယ်ဆိုတာ မနေ့ကမှ တကယ့်ကိုမှန်တာ ကျောင်းဆရာရဲ့။

ဖြစ်ချင်တော့ စက်က ထိုးရပ်သွားတယ်၊ ရပ်ဆိုစက်ထဲလှိုင်းပုတ်တော့ ရေတွေဝင်တာကိုး။ ပြင်မယ်ဆိုရင်တော့ ပြင်လို့အရသား။ ဒါပေမယ့် ချော်လဲရောထိုင်လုပ်ပြီး ဘယ်လိုမှမတတ်နိုင်တဲ့အနေအထား လုပ်လိုက်ရတယ်၊ ဒါနဲ့ ကမ်းကပ်ပြီး တံငါတဲတစ်တဲကိုဝင်ပြီး အကူအညီတောင်းရတယ်၊ တံငါတဲလွတ်တွေက အများကြီး။ အဲဒီမှာ အကာအရံလုံခြုံတဲ့တဲရဖို့ ပိုက်ဆံနည်းနည်းပေးလိုက်တော့ ချက်ရှုတို့အတွက် အိုကေသွားတာပေါ့ဗျာ"

"ကောင်မလေးက လက်ခံသတဲ့လား၊ လက်မခံရင် ပြဿနာနော် သန်းလွင်"

"လက်ခံ–မခံတော့မပြောတတ်ဘူး။ ခုထိ တဲထဲမှာ နှပ်နေကြတာ၊ မထသေးတာပဲကြည့်တော့၊ သူတို့ချင်း အဆင်ပြေသွားကြပါပြီဗျာ၊ စကောကြီးရောက်တဲ့အခါ ဘိုးသာဒင်ကို အကျိုးအကြောင်းပြောပြီး ရပ်ရွာလူကြီးတွေနဲ့ အဆင်ပြေအောင် ကျွန်တော်လုပ်ထားနှင့်မယ်"

"အေး ... ကောင်းတယ်ကွ၊ ငါတို့ အခု မျိုးမြင့်လေးမော်တော်နဲ့ ခေ့ဖြူကိုသွားပြီး ရှေ့နေကြီးဦးနက်ကျော်ကို သွားကြိုကြမယ်၊ တစ်ခါတည်းဆိုသလို ရွာရောက်





တာနဲ့ ချက်ရှုတို့အတွက် လက်ထပ်စာချုပ်ချုပ်ဖို့လုပ်ရအောင် ငါတို့စီစဉ်လာခဲ့မယ်၊ ဟုတ်ပလား"

"ကောင်းတယ် ... စန်းရှိန်၊ ကောင်းတယ်၊ အများအကျိုးဆောင်ရင် ကိုယ့်အကျိုးအောင်ပါတယ်ကွာ"

သည့်နောက်မှာတော့ဖြင့် မျိုးမြင့်လေးမော်တော်သည်ည်း ကုန်စည်များတင်ဆောင်ပြီးဖြစ်လေရကား ကျောင်းဆရာ့လည်း မော်တော်ဆိုက်ကပ်ရပ်နားနေရာသို့ လျှောက်လာခဲ့ကြတော့၏။

နှင်းအဥ္ဈလီစားသောက်ဆိုင်ကား စကောကြီး–ဓနဖြူ
မော်တော်ဆိပ်နှင့် အနီးကလေးမှာရှိသည်။

မျိုးမြင့်လေးမော်တော်ပေါ်မှဆင်း၍ ကုန်းပေါ်တက်လာ
တော့ မမျှော်လင့်ဘဲ ရဲအရာရှိ အောင်မျိုးသန့်ကို တွေ့လိုက်ရသည်
အောင်မျိုးသန့်သည် ရှေ့နေကြီးဦးနက်ကျော်၏ ချစ်လှစွာသော
တပည့်ဖြစ်၏။ ထို့ပြင် မှုခင်းသတင်းထောက် ဓနဖြူမောင်တင်ထွန်း
နှင့်လည်း ဘော်ဒါဘော်ဂျက်ဖြစ်သည်။ စကောကြီးသို့ မကြာသေး
ရောက်ရှိနေကျမို့လည်း ဆရာကိုလှအောင်တို့နှင့် လက်ပွန်းတတီး
ရှိလှသည်။

''ဟာ ... ဆရာတို့ပါလား၊ ဘယ်ကိုသွားကြမလို့လဲ''

''ဘယ်ကိုမှမဟုတ်ပါဘူး အောင်မျိုးသန့်ရယ်၊ မင့်ဆရာ
ရှေ့နေကြီးဦးနက်ကျော် ရန်ကုန်ကရောက်လာမယ်ဆိုလို့





ဘီယာကို ရေချိုးရမလားဆိုပြီး တို့တစ်တွေလာကြိုနေ
ကြတာကွ''

''ဟာ ... ဆရာဦးနက်ကျော်လာမှာတဲ့လား၊
ကောင်းတာပေါ့၊ ကျွန်တော်လဲတွေ့ချင်နေတာ၊ ကိစ္စရှိလို့
သာ စခန်းကိုပြန်ရမှာ၊ နို့မဟုတ်ရင် ဆရာတို့နဲ့နေပါ
တယ်၊ ကိုင်း ... လာကြပါ၊ နှင်းအဥ္ဈလီမှာ နားနား
နေနေ နေကြပါ၊ ဘီယာဖိုး ကျွန်တော်ရှင်းမှာပါ''

''ကောင်းတာပေါ့ အောင်မျိုးသန့်ရာ ... ''

သုံးယောက်သား ဝမ်းသာအားရဖြင့် နှင်းအဥ္ဈလီထဲ ဝင်လိုက်
ကြသည်။

''လိုသလောက်မှာသောက်ကြ၊ မှာစားကြနော် ...
ကျွန်တော်ရှင်းမယ်ဆိုတာ ဆိုင်ကိုပြောပြီးပြီ၊ ဪ
... ဒါထက် ဆရာဦးနက်ကျော်နဲ့ သတင်းထောက်
ကိုတင်ထွန်းလဲ ပါလာမယ်ဆိုတော့ ကိုတင်ထွန်းလာရင်
သတင်းလေးတွေ၊ မှုခင်းဂျာနယ်တွေမှာရေးရအောင်
ယူလာဖို့ပြောပေးပါဗျာ''

''စိတ်ချ အောင်မျိုးသန့်ရေ ... စိတ်ချသာသွား၊
လာတော့ပြောလိုက်မယ်''

အောင်မျိုးသန့်နှင့် ပွဲဦးထွက်တိုးလိုက်သည့်အတွက် ကျောင်း
ဆရာတို့သုံးယောက်သား စိုပြည်သွားကြသည်။

''မင်္ဂလာပဲကွာ ... ခုလဲ တို့တစ်တွေရောက်ရောက်
ချင်း စိုပြည်သွားကြပြီ၊ စန်းရှိန်နာမည်ပေးထားတဲ့ အရစ်
ကြီးလာရင်လဲ စိုပြည်ဦးမယ်၊ စကောကြီးပြန်ရောက်ရင်လဲ

ဂေါ်မစွံဘဝက ဝင့်ကျွတ်သွားတဲ့ချက်စုကို ညှင်းပြီးစိုပြည်ကြဦးမယ်၊ မင်္ဂလာမှ တကယ့်ကိုမင်္ဂလာရယ်တဲ့မှ မတ္တိုင်လေဆိုသလိုပါပဲကွာ . . . ''

မြန်မာဘီယာကိုမော့လိုက်ကြ၊ ကြက်တောင်ပံရိုးကြော်ကို ကိုက်လိုက်ကြနှင့် ဆက်ရက်မင်းစည်းစိမ်ကို ကျောင်းဆရာတို့ အပြည့်အဝခံစားနေလိုက်ကြသည်မှာ အချိန်မည်ရွေ့မည်မျှရှိသွားလေသည်မသိတော့။

''ဟေ့ . . . ဘဲနန်း''

''အာ . . . ငါ့ကို ဘယ်သူဘဲနန်းလို့ခေါ်၊ အယ်ကိုနက်ကျော်၊ ကိုနက်ကျောက်လာပြီဟေ့ . . . သတင်းထောက်ကြီးမောင်တင်ထွန်းလဲ ပါသဟ''

ရှေ့နေကြီး ဦးနက်ကျောက်နှင့် သတင်းထောက် မောင်တင်ထွန်းတို့သည် ပါလာသောအိတ်များ စားပွဲပေါ်တင်လျက် အတော်ကလေး မောပန်းဆာလောင်ပုံရကာ ဘီယာနှစ်ခွက် မှာလိုက်ပြီး ရောက်လာသည်နှင့် ပဝါမကူ ရေမရှူစတမ်းဆိုသလို တဂွတ်ဂွတ်နှင့် တစ်စက်ကလေးမှပင် အကတ်အသတ်ကလေး မကျန်အောင် တစ်ရှိန်ထိုးမော့ချလိုက်လေသည်။

''ဟူး . . . ခုမှပဲ ရေငတ်ပြေတော့တယ်ကွာ''

''ဟုတ်တယ် ဆရာနက်၊ ဟေ့ . . . တစ်ဂျားချကွာ၊ တောင်ပံကြော်တစ်ပွဲလဲ ထပ်ချဟေ့''

သတင်းထောက်မောင်တင်ထွန်းက သူ့ဆရာဦးနက်ကျောက် အတွက်သာမက အားလုံးပါသောက်ကြရန်အတွက် စားပွဲထိုးလေးအား မှာလိုက်သည်။





''ရွာမှာကော အေးအေးချမ်းချမ်းရှိကြရဲ့လား''

''ရှိပါတယ် ကိုနက်ကျောက်၊ ဒါထက် စောစောကခင်ဗျားတပည့် အောင်မျိုးသန့်တောင် ရောက်လာသေးတယ်၊ ကိစ္စရှိလို့ စခန်းပြန်သွားတာတဲ့၊ နို့မဟုတ်ရင်သည်မှာ ကျွန်တော်တို့နဲ့နေချင်ရှာတယ်။

သြော် . . . ဟေ့ . . . မောင်တင်ထွန်း၊ မင်းကိုလဲ အောင်မျိုးသန့်မှာသွားတယ်၊ သတင်းလေးတွေ ဂျာနယ်ထဲထည့်ဖို့လာယူပါတဲ့''

''ဟာ . . . ဒါဆိုအတော်ပဲ၊ အချိန်ရှိတုန်း စခန်းကိုသွားလိုက်ဦးမယ်''

မောင်တင်ထွန်းက မှုခင်းသတင်းထောက်ပီပီ မှုခင်းသတင်းယ်ဆိုလျှင် ဖင်တကြွကြွဖြစ်နေသည်။ ထို့ကြောင့် စခန်းသွားရန် န်ပြင်လိုက်သည်။

''ဟေ့ . . . နေဦး မောင်တင်ထွန်း။ ငါလဲ ငါ့တပည့်အောင်မျိုးသန့်နဲ့ မတွေ့ရတာကြာပြီ၊ ငါလဲလိုက်ခဲ့မယ်၊ အို . . . ရှုပ်ပါတယ်ကွာ၊ ကျောင်းဆရာကိုလှအောင်ရော၊ ခဲမြင့်နဲ့စန်းရှိန်ပါ လိုက်ခဲ့ကြကွာ၊ ပြန်တော့လဲအတူတူပဲပေါ့''

ရှေ့နေကြီးဦးနက်ကျောက်က ဦးဆောင်လျက် သတင်းာက် မောင်တင်ထွန်းနှင့်အတူ သိပ်မဝေးလှသောစခန်းသို့ းနေသည်။ ၎င်းတို့၏နောက်မှာတော့ ကျောင်းဆရာတို့သုံး ာက်သား။

( ၁၅ )

## ပျော်ရရင်ပြည့်သွားမယ်

စခန်း၌တာဝန်မှုးကျနေသော အောင်မျိုးသန့်သည် ၎င်း၏ ဆရာ ရှေ့နေကြီးဦးနက်ကျောက်နှင့်ဘော်ဒါဘော်ဂျက် သတင်းထောက်တင်ထွန်း(ခေ့ဖြူ) အပါအဝင် ကျောင်းဆရာတို့ကိုတွေ့လိုက်ရသည့်တခဏ် လိုက်လှဲဝမ်းသာသွားလေ၏။

"ဟာ ... ဆရာဦးနက်ကျောက်လာတယ်၊ ဝမ်းသာလိုက်တာ၊ လာ ဆရာ၊ ထိုင်ပါ၊ ဆရာတို့ကော လာကြ၊ လာကြ၊ ဟော့ ... ကုလားလေး၊ ဆရာတို့အတွက် လက်ဖက်ရည်နဲ့မုန့်တွေ၊ စီးကရက်တွေ ဆွဲခဲ့ကွာ"

အောင်မျိုးသန့်က သူ့ရဲဘော်ကလေးအား ခိုင်းလိုက်သည်။

"ဟော့ကောင် အောင်မျိုးသန့် ... မလုပ်နဲ့၊ ဘာမှ မမှာနဲ့၊ ငါတို့ နှင်းအဥ္စလီကနေ ဘီယာကစ်လာကြတယ်၊





မင်းကိုတွေ့ချင်လို့ ဆရာဦးနက်ကျောက်နဲ့အတူ တို့ တစ်တွေ လိုက်လာခဲ့ကြတာ"

သတင်းထောက်တင်ထွန်းက သူ့ကိုယ်ပိုင်စီးကရက်ဘူးမှ ကရက်ကိုထုတ်၍ မီးညှိဖွာရှိုက်ရင်း ပြောလိုက်သည်။

"ဒါဆိုလဲ ... နားနားနေနေ နေကြဦးနော်၊ တာဝန်ချိန်ကျော်ရင် ဂျူတီချိန်းပြီး ကျွန်တော် လိုက်နိုင်ပါပြီ"

"ရပါတယ်ကွာ၊ ဒါထက် ... ငါ့အတွက် သတင်းတွေရှိတယ်ဆို"

"ရှိတယ် ... ရှိတယ်၊ ကျောင်းဆရာကိုလှအောင်တို့ စကောကြီးအပိုင်က သံပရာချောင်မှာ သူခိုးကိုဆုံးမတာ လွန်သွားလို့ သူခိုးသေသွားရတဲ့ လူသတ်မှုရယ်၊ တခြားရွာက ဇလုံကလေးတစ်လုံးအတွက်နဲ့ အဒေါ်ဖြစ်သူကို ဓားနဲ့ထိုးသတ်မိတဲ့တူတစ်ယောက်ကို ဖမ်းထားတဲ့အမှုတွေ ရှိတယ်"

"တောက် ... ရက်စက်လိုက်ကြတာကွာ"

"ဟုတ်တယ် ... ကိုတင်ထွန်း၊ ပထမအမှုကတော့ ကိုယ့်ဘက်က အသာစီးရနေပါလျက် လိုအပ်တာထက် သက်စွမ်းပြမိလို့ အနိုင်ကနေ အရှုံးဖြစ်သွားရတာ၊ နေရာဘကာမှာ သူ့ဥပဒေနဲ့သူရှိတယ်၊ ငါက အမှန်ပဲဆိုပြီး ဆင်ရာလုပ်လို့မရဘူး။

ဒုတိယအမှုမှာကျတော့ အမိက,ကဟော့ အဒေါ်က မခံချင်အောင် စကားလုံးကြမ်းကြမ်းတွေနဲ့ ဖိနှိပ်ပြောဆို

တာပဲ၊ အဲဒီအချိန်မှာ တရားခံဖြစ်မယ့်သူငယ်က အငုံစိတ်တွေ ပြန်ပေါ်လာတယ်၊ ပြီးတော့ ထန်းရည်နဲ့အရက်ကို နှစ်ပင်လိမ်ထားတော့ မိုက်တွင်းထဲကို တွန်းပို့သလိုမျိုး ဖြစ်တော့တာပေါ့၊ သင်ခန်းစာယူတတ်ရင် ယူစရာချည်း ပါပဲဗျာ''

''ဒါကြောင့်လဲ ငါတို့သတင်းထောက်တွေက မှုခင်းကျဆင်းရေးနဲ့ သတင်းထုတ်ပြန်ရေးကော်မတီကိုလက်တွဲလို့ မှုခင်းဆိုင်ရာစာနယ်ဇင်းတွေမှာ သတင်းတွေရေးပြီး သင်ခန်းစာ ရယူနိုင်ကြရအောင် ပညာပေးနေတာပေါ့ကွာ၊ မင်းဆီက ရမယ့်သတင်းတွေကိုလဲ ဦးဦးဖျားဖျားပါရအောင် ဂျာနယ်တွေထဲ ထည့်လိုက်မယ်၊ ဓာတ်ပုံတွေကော စုံရဲ့လား''

''စုံပါ့ဗျာ ... ''

သည်သို့စကားကောင်းနေစဉ် စခန်းအဝ၌ မြင်းလှည်းတစ်စီးရပ်လိုက်သည်ကို တွေ့မြင်လိုက်ရသည်။ ဤတွင် အစောင့်တာဝန်ကျသော ရဲတပ်သားကလေးရောက်လာပြီး အောင်မျိုးသန့်အား အလေးပြုလျက် ...

''အဘိုးကြီးတစ်ယောက်က အမှုဖွင့်ချင်လို့တဲ့ .. ဗိုလ်လေး''

''အေး ... လွှတ်လိုက်ကွာ၊ လွှတ်လိုက်၊ ကိုင်း ရဲတပ်ကြပ်ကြီးရေ၊ လုပ်ပါဦး''

''ဟုတ်ကဲ့ ... ဗိုလ်လေး''





သည်တော့ အောင်မျိုးသန့်ကိုအားနာ၍ ထမည့်ဟန်ပြင်ကြသည်။

''ဟာ ... ထိုင်ကြပါဦး၊ ကျွန်တော့်ဂျူတီထွက်ရတော့မှာပဲ၊ နှင်းအဋ္ဌလီကို ရှင်းရလင်းရအောင် လိုက်မှာပေါ့၊ ကျောင်းဆရာတို့လဲ ကျွန်တော်တို့မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တွေ ဘယ်ကလောက် အလုပ်တာဝန်တွေများပြားတယ်၊ လူမျိုးတစ်ရာ့တစ်ပါးနဲ့ ဆက်ဆံနေရတယ်ဆိုတာကို ဗဟုသုတအဖြစ် လေ့လာသွားကြပါဦး''

ကျောင်းဆရာတို့ကိုယ်နှိုက်ကလည်း ဗဟုသုတအဖြစ်နေချင်ချင်။

ခုလိုမျိုး အောင်မျိုးသန့်ကိုယ်တိုင်က ခွင့်ပြုလေ အကြိုက်သွားပါချေ၏။ ရှေ့နေကြီးဦးနက်ကျောက်တို့အဖို့မှု နိစ္စဓူဝ ရားရုံးများ၊ အမှုသည်များ၊ ရဲစခန်းများနှင့် အချုပ်ခန်းများကို တွေ့နေရသည်မို့ ရိုးအီကောင်းရိုးအီနေပေလိမ့်မည်။

''ကိုင်း ... ဘကြီး၊ ထိုင်ပါခင်ဗျာ၊ နားလိုက်ပါဦး၊ အမောပြေတော့မှ လာရင်းကိစ္စပြောပေါ့''

အဘိုးကြီးက ဥပဓိရုပ်ကောင်းကောင်း။

အသက်အားဖြင့်တော့ (၇၀)အောက်မလျော့။ သာမန်က်လုပ်လက်စားအဆင့်ထဲကမဟုတ်မှန်း သေချာသည်။

''ဘယ်လောက်နားနား သောကတရားက ဖိစီးနေတော့ အမောပြေမှာမဟုတ်ဘူး ဗိုလ်လေးရယ် ...

အဘအင်မတန်မှချစ်ရတဲ့ မြေးမကလေးဟာ မနေ့နေ့လယ်ကတည်းက အိမ်ကထွက်သွားတာ ခုထိအိမ်ပြန်ရောက်မလာလို့ စိတ်ပူပြီး ဗိုလ်လေးတို့ဆီ အမှုလာဖွင့်တာပါ''

''ဖွင့်ချင်တယ်ဆိုရင် ဖွင့်ပေးမှာပေါ့ ဘကြီးရယ်၊ ဖွင့်ပေးရမှာပေါ့၊ ဒါထက် . . . မေးစမ်းပါရစေဦး၊ မြေးမကလေး သွားလာလည်ပတ်တတ်တဲ့ အိမ်တွေ၊ နေရာတွေကိုလဲ စုံစမ်းရှာဖွေမကြည့်ဘူးလား''

''ဘယ်နေလိမ့်မှာလဲ ဗိုလ်လေးရယ် . . . ရှာသမှ ဒေါင်းတောက်အောင်ကို လှုခဲ့ပြီးရှာတာပေါ့၊ သွားတာက တော့ ကိစ္စတစ်ခုနဲ့သွားတာပါ၊ ပြန်ချိန်တန်ပြန်မရောက်တဲ့ အပြင် တစ်ညတောင်လွန်မြောက်သွားတော့စိတ်ပူတာပေါ့''

''နေပါဦး ဘကြီးရဲ့ . . . မြေးမလေးက အသက် ဘယ်လောက်ရှိပြီလဲ''

''ဆယ့်ရှစ်နှစ်ကျော်လို့ ဆယ့်ကိုးနှစ်ထဲဝင်နေပါပြီကွယ်''

''ဟာ . . . ဒါဆို အရွယ်ရောက်ပြီပဲ၊ မရှိသေ့စကား ဘကြီးရဲ့မြေးမလေးမှာ ရည်းစားသနာများမရှိဘူးလား ခင်ဗျာ''

''ဒါတော့ . . . ဘကြီးလဲမပြောတတ်ဘူးကွယ်၊ ရည်းစားသနာရှိလို့ ရည်းစားနောက်လိုက်သွားရင်လဲ အကျိုး အကြောင်း စာကလေးဘာလေး ရေးထားခဲ့ရင်လဲ စိတ်





မပူရတော့ဘူးပေါ့၊ ကိုယ်မေတ္တာရှိတဲ့သူနောက်လိုက်တာပဲ အပြစ်မတင်ပါဘူး၊ သူ့ဖူးစာနဲ့သူလာကြတဲ့ဥစ္စာမဟုတ်သား၊ သူတို့ရဲ့ချစ်ခြင်းကိုလဲ မခွဲပါဘူး၊ ငရဲအုံကြီးမှာ ကြောက်ပါတယ်၊ ခုဟာက ဘယ်လိုမျိုးအကျိုးအကြောင်း မသိရတော့ သောကရောက်ရတာပေါ့၊ ခေတ်ကာလ သားသမီးများ တယ်လဲခက်တာပ ဗိုလ်လေးရယ်''

''ဒါဖြင့်လဲ အမှုတော့မဖွင့်စေချင်ဘူး၊ စေတနာနဲ့ပြောတာပါ၊ ဖွင့်ပြီးပြန်ပိတ်တော့ အလုပ်တော့ရှုပ်တာပေါ့၊ သည်တော့ . . . ကျွန်တော်တို့ဘက်ကလဲ ရှာဖွေစုံစမ်းပေးပါ့မယ်၊ လိုအပ်တာလေးတွေသိရအောင် ကာယကံရှင်မိန်းကလေးရဲ့နာမည်ရယ်၊ နေရပ်လိပ်စာရယ်၊ ဓာတ်ပုံရယ် ပေးထားပါ''

''အဆင်သင့်ပါပဲ . . . ဗိုလ်လေးရယ်၊ မြေးမလေးနာမည်က မိပုံ့တဲ့၊ နန်းတော်ကုန်းဘက်မှာနေပါတယ်၊ ဆေးလိပ်ခုံထောင်တဲ့အိမ်ဆိုရင် သိကြပါတယ်၊ ဟောဒီမှာ မြေးမလေးမိပုံ့ရဲ့ဓာတ်ပုံ''

သည်ခဏ ကျောင်းဆရာကိုလှအောင်က စန်းရှိန်တို့ဘက် ခဲ့ကြည့်၊ မျက်နှာရိပ်မျက်နှာကဲပြကာ နေရာမှထလိုက်သည်။

''အောင်မျိုးသန့်ရေ . . . ငါတို့ စာချုပ်တစ်ခုဝယ်စရာ ရှိလို့သွားမယ်ဟေ့၊ ဆိုင်ကပဲ စောင့်နေမယ်၊ ကိုင်း . . ဘိုနက်ကျောက်တို့၊ မောင်တင်ထွန်းတို့လဲ လာကြဗျာ''

မပြောမဆို ဝုန်းဝုန်းဒိုင်းဒိုင်း ထထွက်သွား၍ ဦးနက်ကျောက်တို့အားလုံးလည်း ကျောင်းဆရာနောက်သို့ ဝရုန်းသုန်းကား လိုက်ခဲ့ကြရလေသည်။ အပြင်သို့ရောက်မှ . . .

"ဘာဖြစ်တာလဲဟ . . . ဘဲနန်းရ"

"ဘာဖြစ်ရမလဲ ကိုနက်ကျောက်ရဲ့၊ အဘိုးကြီးရဲ့ မြေးမလေးကို သန်းလွင်ရဲ့အကျိုးဆောင်မှုနဲ့ ကျွန်တော်တို့ ကောင် ချက်စူ စကောကြီးကိုသုတ်သွားတာဗျ . . . သုတ်သွားတာ"

"ဟာ . . ."

"ဟုတ်တယ်၊ လူငယ်ချင်း အဆင်ပြေနေကြပြီ၊ ခင်ဗျားရောက်လာတာနဲ့အတော်ပဲ၊ ချက်စူတို့အတွက် လက်ထပ်စာချုပ်လုပ်ပေးဦး"

"ရပါတယ် ဘဲနန်းရယ် . . . ငါ့ရဲ့စေ့ရေးနှုန်းကို သိတယ်နော်"

"ဟာဗျာ . . . ခင်ဗျားကလဲ ကိုယ့်အချင်းချင်းတွေကို"

"အဟားဟား . . . နောက်တာပါကွာ၊ ငါက စေ့စပ်တာတို့၊ လက်ထပ်တာတို့ကို အားတက်သရောလုပ်ပေးပါတယ်၊ မင်္ဂလာကိစ္စပဲမဟုတ်လား၊ အဲ . . . ကွာရှင်းပြတ်စဲတာတို့ဘာတို့တော့ လုပ်မပေးဘူး၊ တောက် . . စခန်းမှာလာဖွင့်တဲ့အမှုက ဘာအမှုလဲမှတ်တယ်၊ တို့စကောကြီးကကောင် ချက်စူရဲ့ကိစ္စဖြစ်နေတာကိုး၊ စာချုပ်သာနှစ်စောင်ဝယ်ခဲ့၊ လုပ်ပေးမယ် . . . လုပ်ပေးမယ်၊





နိုင်နိုင်မာမာဖြစ်အောင်ကို စာချုပ်ချုပ်ပေးမယ်ဗျား . . ကိုင်းကွာ . . . အာခေါင်တောင်ခြောက်လာပြီ၊ နွင်းအဋ္ဌလီ ကို မြန်မြန်လျှောက်ပေတော့၊ စည်အမြန်တီးရမှ အာလျှ ပြေမှာ"

ဘီယာအင်မတန်ကြိုက်သော ဦးနက်ကျောက်၏ဖြစ်နေပုံ ကြည့်၍ အားလုံးက ပြုံးလိုက်ကြတော့၏။

နှင်းအဥ္စလီဆိုင်ထဲမှာတော့ ချက်စူအကြောင်း ဖောက်သည်
ချတော့ အားလုံးသည် တဝါးဝါး တဟားဟား ဖြစ်နေကြလေသည်

"ခုတစ်ခေါက် ငါရောက်လာတာ မင်္ဂလာပဲဟေ့ . .
ချက်စူရဲ့မင်္ဂလာအမှုကို ကောင်းချီးပြုတဲ့အနေနဲ့ ကြိုက်
သလောက်သောက်ကြ၊ အပြန်ကျရင်လဲ စကောကြီးမှာ
ထပ်ပြီးနွဲ့ဖို့ရာ ဘီယာသုံးဂျားလောက် ပုံးထဲထည့်လာခဲ့၊
ရွာမှာက ပုလင်းပဲရတာ"

ဦးနက်ကျောက်သည် ဘီယာကိုစွဲဆိုလျှင် နှမြောတွန့်
ခြင်း အလျဉ်းမရှိ၊ သူသည် သူ့မွေးဇာတိရပ်ရွာကလေးကို ခင်တွယ်
သည်။ ရပ်ဆွေရပ်မျိုး အပေါင်းအသင်းရောင်းရင်းတို့ကို ခင်တွယ်
သည်။





ထိုအခိုက်မှာပင် အောင်မျိုးသန့်သည် ၎င်း၏ဂျူတီကို
ပြီးသဖြင့် အရပ်ဝတ်အရပ်စားဖြင့်ရောက်လာသည်။

၎င်း၏မျက်နှာမှာလည်း ပြုံးပြုံးရွှင်ရွှင်။

သူရောက်လာတော့ မြေးမကလေးအတွက် သောကဖြင့်
က်လာသည့်အဘိုးကြီးနှင့်ဆက်စပ်နေသည့် ချက်စူအကြောင်း
ပြတော့ အောင်မျိုးသန့်ခမျာ တိုက်မှတိုက်ဆိုင်ပလေဆိုပြီး
သာအားရ တဟားဟားရယ်လေသည်။ နောက်မှ အရယ်လည်း
မျက်နှာပိုးလည်းသတ်ကာ . . .

"သည့်ထက်ရယ်စရာရှိသေးတယ် ဆရာတို့ရဲ့"
ဟု စကားခင်းလိုက်သည်။

"ဟေ . . . သည့်ထက်ရယ်စရာ . . . ဟုတ်လား၊
ဘာများတုန်း၊ ပြောကွာ ပြော၊ တော်ကြာ တို့တစ်တွေ
ကမ်းနားဆင်းကြတော့မှာ"

"ဒီလိုဆရာတို့ရဲ့ . . .

ကျွန်တော်က သူ့မြေးမိပုံ ရည်းစားနောက်လိုက်သွား
ဘာဖြစ်ရမယ်လို့ တွက်ဆထားပြီးသားပါ၊ ဟိုတစ်နေ့က
သန်းလွင်နဲ့ချက်စူတို့ကိုတောင် တွေ့လိုက်တာပဲ၊ သူတို့
မျက်နှာတွေ အကဲခတ်လိုက်တော့ အကြံအစည်တစ်ခုခု
တော့တစ်ခုခုရယ်လို့ တွက်ဆထားပြီးသား၊ ခုလဲ . . .
ဆရာတို့ပြောလာတော့ ကွက်တိပဲ။

အဲသည်မှာ ကျွန်တော်က လိုအပ်တဲ့အချက်အလက်၊
အထောက်အထားတွေကို မေးလဲမေး၊ မှတ်လဲမှတ်ပေါ့၊

နောက် အဘိုးကြီးရဲ့နာမည်ကို မေးမှတ်ရာက ဘကြီးက ဘာအလုပ်လုပ်တာလဲလို့မေးတော့ ဘာဖြေတယ်မှတ်သလဲ''

''သိဘူးလေကွာ . . . မင်းပြောမှပဲသိမှာပေါ့''

''ဘကြီးလား . . . ဘကြီးက နန်းတော်ကုန်းမှာ ဟောခန်းဖွင့်ထားတယ်၊ အကြားအမြင်ရ ဆရာကြီးဦးမွေးတဲ့ဗျား''

''ဟား ဟား ဟား ဟား ဟား ဟား . . . ''

အောင်မျိုးသန့်၏စကားကြောင့် နှင်းအဥ္စလိတစ်ဆိုင်လုံး ရယ်မောသံများ လျှံထွက်သွားလေ့တော့သတည်း။

မျှော်ရှင်ကြည်နူးနိုင်ကြပါစေ။

မြို့မေတ္တာခံယူမယ့်
ကိုရွှေတောသား



# ကျေးဇူးတင်လွှာ

ဤ 'ပြောရရင် ညြချသွားမယ်'ဆိုသည့် ကျေးလက်ပျော် ဘာသာဝတ္ထုစစ်စစ်ပါ။ ဇာတ်ကောင်များသည် အမည်ပြောင်းပြုလုပ် ားသည့် ရောဝတီမြစ်ကမ်းနံဘေးရှိ ကျေးရွာကြီးတစ်ရွာတွင် နေထိုင်လျက်ရှိကြပါသည်။

သို့ရာတွင် ဇာတ်လမ်းဇာတ်ကွက် အဖြစ်အပျက်များမှာ န်ပ်ကိုရွှေတောသား လုပ်ကြံဖန်တီး, ကုလားဖန်ထိုးထားသည့် ာတ်အိမ်ပင်ဖြစ်ပါ၏။ အပြစ်ကင်းစွာ ကြည့်ရှုရယ်မောနိုင်စေရန် ကျေးလက်အငွေ့အသက်များ ရရှိနိုင်စေရန်၊ ၎င်း၏ဇာတိကျေးလက် မကြာခဏ စရိတ်ခံခေါ်ဆောင်သွားလေ့ရှိသည့် နောင်တော် ရေးဆရာချစ်ကိုကိုယု (နလုံးလှလှမိုက်)အမည်ခံ၊ ရွှေနေကြီး က်ကျော်၊ ဇာတ်ကောင်ဖန်တီးရှင် ရွှေနေဦးတင်ယု(ဆကာကြီး) ား ကျေးဇူးဥပကာရတင်ရှိကြောင်း ဤနေရာမှမှတ်တမ်းပြု သည်။

မြို့မေတ္တာခံယူမယ့်
ကိုရွှေတောသား